စိတ်ကူးချိုချိုအနုပညာ

# ငါးဘုရင်မရဲ့လက်ဆောင်

## နှင့်အခြားပုံပြင်များ

မောင်ခေတ်ထွန်း



ငါးဘုရင်မရဲ့လက်ဆောင်၊ မောင်ခေတ်ထွန်း
မျက်နှာဖုံးပန်းချီ - ဗိုသံ
စာမျက်နှာ ၁၆၀ မျက်နှာ ၁၆ စင်တီ × ၁၈ . ၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညွှန့် စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ငါးဘုရင်မရဲ့လက်ဆောင်

မောင်ခေတ်ထွန်း
မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၈

# မာတိကာ


၁။ တောဝမ်းဘဲ ၁

၂။ တောဝက်ကြီးနှင့် မြေခွေး ၂၂

၃။ ခြသေ့်ကို လှည့်စားတဲ့ ခွေးအ ၂၅

၄။ အဖမဲ့ မင်းသားလေး ၂၉

၅။ ထူးဆန်းသော သံအိုးကလေး ၃၆

၆။ ရဲရင့်သော ဈေးသည် ၄၆

၇။ မိုက်မဲတဲ့ မျောက်များ ၅၈

၈။ ရတနာဖိနပ်ကလေးတစ်ရန် ၆၂

၉။ ဟန်ဆောင်သော အပြာရောင်ခွေးအ,ကြီး ၇၁

၁၀။ ကျေးဇူးတရား ၇၆

၁၁။ ယာသမားဇနီးမောင်နှံနှင့် ဝက်ဝံကြီး ၇၉

၁၂။ အလုပ်ကြိုးစားသူ ၈၄

၁၃။ အလုပ်၏ တန်ဖိုး ၉၁

၁၄။ စည်လွှတ်ကြီး ၁၀၂

၁၅။ မုဆိုးနှင့် မြင်း ၁၃၀

၁၆။ တေးသီငှက်နှင့် လင်းနို့ ၁၃၃

၁၇။ ဉာဏ်ရှိသူ ရာမူး ၁၃၆

၁၈။ မိုက်မဲလှသောဘုရင် ၁၃၉

၁၉။ ညီအစ်ကိုသုံးယောက်နှင့် အမွေပစ္စည်းသုံးခု ၁၄၅

၂၀။ ငါးဘုရင်မရဲ့ လက်ဆောင် ၁၅၅

■

## တောဝမ်းဘဲ

[အိန္ဒိယရိုးရာပုံပြင်]

တစ်ခါက အိန္ဒိယပြည်တွင် 'ရာမ' နှင့် 'နာရာယန်း' အမည်ရှိ ညီနောင်မင်းသားလေးနှစ်ပါး ရှိလေသည်။ ရာမ ၁၄ နှစ်အရွယ်နှင့် နာရာယန်း ၁၂ နှစ်အရွယ်တွင် သူတို့၏ မိခင်သည် ကွယ်လွန်သွားခဲ့သည်။

တစ်နှစ်အကြာတွင် သူတို့၏ဖခင်ဘုရင်ကြီးသည် နောက်မိဖုရားတစ်ပါးကို အသစ်တင်မြှောက်လေသည်။ ထို့ကြောင့် မိဖုရားကြီးသည် ညီနောင်နှစ်ပါး၏ မိထွေးဖြစ်လာခဲ့လေသည်။

ဘုရင်ကြီးက သားတော်နှစ်ပါးကို သိပ်ချစ်၍ အရေးပေးသည်ကို မိဖုရားကြီးက မလိုလားပေ။ မရှုဆိတ်နိုင်ပေ။ ထို့ကြောင့် မိဖုရားကြီးသည် ညီနောင်နှစ်ပါးအား အမြဲပင် မနာလို မုန်းထားလေသည်။

နှစ်နှစ်ခန့်ကြာသော် မိဖုရားကြီးသည်လည်း သားယောက်ျားတစ်ဦးကို ဖွားမြင်ခဲ့လေသည်။ မိဖုရားကြီးက သူ့သားအား ဘုရင့်နန်းတော်တွင် အလွန်အရေးပါအရာရောက်စေလိုသည်။

ဘုရင်ကြီး၏ အရေးပေးမှုကို ခံယူစေလိုသည်။ ဘုရင်ကြီးကသာ သူ့သားအား ချစ်မြတ်နိုးစေလိုသည်။ ထို့ကြောင့် ညီနောင်နှစ်ပါးအား နေရာမရစေရန်နှင့် ဘုရင်ကြီးက ညီနောင်နှစ်ပါးအား မျက်ထားညိုစေရန် ကြံဆောင်သည်။ ညီနောင်နှစ်ပါးမရှိမှသာ သူ့သားသည် ဘုရင်ကြီး၏ နှလုံးသားထဲမှာ ပထမနေရာကို ရယူနိုင်မည် ဖြစ်ပေသည်။

မိဖုရားကြီးသည် လိမ္မာပါးနပ်သူ ဖြစ်သည်။ ဘုရင်ကြီးသည် သက်သေအထောက်အထားမရှိဘဲ ပြောတိုင်း ယုံကြည်သူ မဟုတ်မှန်း သိရှိထားသည်။

သူသည် ညီနောင်နှစ်ပါးမကောင်းကြောင်း ကုန်းတိုက်သော်လည်း ဘုရင်ကြီးက လက်မခံပေ။ ထို့ကြောင့် မိဖုရားကြီးသည် ညီနောင်နှစ်ပါး ဒုက္ခရောက်စေရန် သက်သေပြနိုင်သည့် အချိန်ကို စောင့်စားနေခဲ့သည်။

ထိုအချိန်တွင် ရာမနှင့် နာရယန်း ညီအစ်ကိုနှစ်ယောက်သည် တနင်္ဂနွေနေ့နံနက်တိုင်း မြို့တွင်းရှိ ပန်းသည်အဘွားအိုထံ သွားရောက်လည်ပတ်လေ့ရှိသည်။

ထိုအဘွားအိုသည် သူတို့မိခင်၏ အစေအပါးဖြစ်သည်။ မိခင်ကွယ်လွန်သွားပြီးနောက် နန်းတော်မှထွက်ခွာကာ ပန်းရောင်း၍ အသက်မွေးဝမ်းကျောင်း ပြုနေသူဖြစ်သည်။ အဘွားအိုသည် ညီနောင်မင်းသားလေးနှစ်ပါးအား သူ့သားကဲ့သို့ ချစ်မြတ်နိုးလေသည်။

ထို့ကြောင့်လည်း မင်းသားလေးနှစ်ပါးသည် အပတ်စဉ် အဘွားအိုထံသို့ သွားရောက်ကာ ငွေနှင့် ဆန်များကို ပေးကမ်း




ထောက်ပံ့လေ့ရှိသည်။

ပန်းသည်အဘွားအိုကလည်း သူတို့ရောက်လာတိုင်း မင်းသားလေးများ ကြိုက်နှစ်သက်သည့် အစားအစာများကို ချက်ပြုတ်ကျွေးမွေးလေ့ရှိသည်။ ထို့နောက် ကွယ်လွန်သွားပြီဖြစ်သည့် သူတို့မိခင်၏ သနားစိတ်ရှိပုံ၊ စိတ်ကောင်းရှိပုံတို့ကို ပြောပြလေ့ရှိသည်။

တစ်နေ့တွင် ညီနောင်နှစ်ပါးသည် ပန်းသည်အဘွားအို အား ကြည့်ရှုရန်လာစဉ် လမ်းခရီး၌ တောဝမ်းဘဲတစ်ကောင်ကို တွေ့၍ သတ်ပြီးယူဆောင်လာခဲ့လေသည်။

ထိုဝမ်းဘဲသည် ဘုရင့်ဥယျာဉ်တော်အတွင်းရှိ ရေကန် တွင် ကူးခပ်နေသော ဝမ်းဘဲဖြစ်သည်။ ဘုရင်ပိုင် ဝမ်းဘဲပင် ဖြစ်သည်။

အမှန်မှာ မင်းသားလေးနှစ်ပါးသည် ဝမ်းဘဲသေကို သူတို့ ဖခမည်းတော်ဘုရင်ကြီးထံ ယူဆောင်သွားရမည် ဖြစ်သည်။ သို့ သော် သူတို့သည် ဝမ်းဘဲသေကြီးကို ပန်းသည်အဘွားအိုထံ ယူဆောင်သွားရန် ဆုံးဖြတ်လိုက်ပြီး -

"ငါတို့ ဖခမည်းတော်ရဲ့ ဥယျာဉ်ထဲမှာ ဝမ်းဘဲတွေ အများကြီးပဲ။ ကြိုက်ရာကို ရွေးယူစားသုံးနိုင်တယ်။ ဒါပေမဲ့ ပန်းသည်အဘွားအိုမှာတော့ ဟင်းလျာအဖြစ် ဘာမှ စားစရာမရှိ ဘူး ဖြစ်နေတယ်။ ဒါကြောင့် ငါတို့ ဒီဝမ်းဘဲကို အဘွားအိုကို သွားပေးကြစို့"ဟု ဆိုကြလေသည်။

ထိုသို့ဖြင့် သူတို့ညီနောင်နှစ်ပါးသည် ဝမ်းဘဲသေကြီးကို ဆွဲကာ အဘွားအိုတဲဆီသို့ ရှေးရှုလျှောက်လာကြလေသည်။

ထိုအချိန်တွင် သူတို့၏မိထွေး မိဖုရားကြီးသည် ညီနောင် နှစ်ပါး ဝမ်းဘဲကိုသတ်၍ ပန်းသည်အဘွားအိုထံ ယူဆောင်သွား သည်ဟူသော သတင်းကို ကြားသိသွားလေသည်။

ထို့ကြောင့် မိဖုရားကြီးသည် ဘုရင်ကြီးထံသို့ ချက်ချင်း သွားရောက်ကာ ဘုရင်ကြီးအား -

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ သားတော်နှစ်ပါးဟာ

အရှင့်အိမ်တော်က အစားအစာကို ခိုးယူပြီး မြို့ထဲက ပန်းသည် အဘွားအိုကို ပေးကမ်းနေပါတယ်။ ကျွန်တော်မျိုးမ လျှောက်တင်ချက်ကို အရှင်မင်းကြီး ယုံကြည်တော်မမူရင် အဘွားအိုအိမ်ကို လူတစ်ယောက်လွှတ်ပြီး ကြည့်ခိုင်းနိုင်ပါတယ်။ ဘုရင့်ဝမ်းဘဲတစ်ကောင်ကို ဟင်းလျာအဖြစ် ချက်ပြုတ်နေတာ တွေ့ရပါလိမ့်မယ်" ဟု မင်းသားလေးနှစ်ပါး ဒုက္ခရောက်စေရန် ကုန်းချောစကားကို လျှောက်တင်လေသည်။

ဘုရင်ကြီးလည်း မိဖုရား၏ လျှောက်တင်စကား မှန်မမှန် သိရှိရန် သံတော်ဆင့်တစ်ဦးကို ပန်းသည်အဘွားအိုထံသို့ စေလွှတ်လိုက်လေသည်။ မကြာမီ သံတော်ဆင့်သည် ဘုရင်ကြီးထံသို့ ပြန်လည်ရောက်ရှိလာပြီး မိဖုရားကြီးပြောစကားသည် မှန်ကန်ကြောင်း၊ မင်းသားလေးနှစ်ပါးကို အဘွားအိုနှင့်အတူ တွေ့ခဲ့ရကြောင်းနှင့် အဘွားအိုသည် ဝမ်းဘဲသားဟင်းလျာချက်ပြုတ်ရန် ပြင်ဆင်လျက်ရှိကြောင်းတို့ကို လျှောက်တင်လေသည်။

ဘုရင်ကြီးသည် သံတော်ဆင့်လျှောက်တင်ချက်ကို ကြားသော် ဒေါသအလွန်ထွက်သွားသည်။ ထို့နောက် ရာမနှင့် နာရယန်းတို့ကို အပြစ်ဒဏ်ခတ်မည်ဖြစ်ကြောင်း မိန့်ဆို၍ အမတ်ချုပ်ကြီးအား ပန်းသည်အဘွားအိုအိမ်သို့ သွားရောက်၍ မင်းသားနှစ်ပါးအား ဖမ်းဆီးခေါ်ဆောင်ပြီး ထောင်သွင်းအကျဉ်းချထားရန် အမိန့်ပေးလိုက်လေသည်။

ဘုရင်ကြီး၏အမိန့်စကားကိုကြားသော် ကောက်ကျစ်ယုတ်မာသော မိဖုရားကြီးသည် ရယ်သွမ်းသွေး၍ "ကျွန်တော်မျိုးမက အရှင်မင်းကြီးဟာ သူတို့ကို အပြစ်ပေးတဲ့အနေနဲ့ သူတို့

ရဲ့ မျက်လုံးတွေကို ဖောက်ဖျက်ပစ်မယ်လို့ ထင်နေတာပါ။ တကယ်လို့သာ သူတို့မျက်လုံးမရှိတော့ရင် အရှင်မင်းကြီးရဲ့ပစ္စည်းတွေကို ခိုးနိုင်မှာ မဟုတ်တော့ဘူး''ဟု လျှောက်တင်လေသည်။

ဘုရင်ကြီးလည်း မိဖုရားကြီး၏ လျှောက်တင်ချက်ကို သဘောတူကာ အမတ်ချုပ်ကြီးအား မင်းသားလေးနှစ်ပါးကို သူ့ထံသို့ ချက်ချင်းခေါ်ဆောင်လာရန် ပြန်လည်အမိန့်ပေးလိုက်လေသည်။

ထိုအချိန်တွင် အဘွားအိုသည် မင်းသားလေးနှစ်ပါးကို ပုန်းရှောင်ထွက်ပြေးရန် တိုက်တွန်းပြောဆိုလျက်ရှိသည်။ အဘွားအိုသည် သံတော်ဆင့် သူ့အိမ်သို့ လာရောက်စုံစမ်းစဉ်ကတည်းက မင်းသားလေးနှစ်ပါး ဒုက္ခရောက်တော့မည်ကို ကြိုတင်သိရှိထားသည်။

သံတော်ဆင့်သည် ဝမ်းဘဲသေကြီးကို မြင်တွေ့သွားသည် မဟုတ်ပါလော။ ထို့ကြောင့် အဘွားအိုသည် မင်းသားညီနောင်အား ဤတိုင်းပြည်အတွင်းမှ ထွက်ခွာသွားရန် ပြောဆိုတိုက်တွန်းပြီး-

''မိဖုရားကြီးဟာ သားတော်တို့ရဲ့ ရန်သူပဲ။ အခုအကြံဉာဏ်ဟာလည်း မိဖုရားရဲ့ လက်ချက်ဆိုတာ သေချာတယ်။ မိဖုရားကြီးဟာ သားတော်တို့ ဒုက္ခရောက်တာကို မြင်တွေ့ချင်တဲ့သူ ဖြစ်တယ်။ သားတော်တို့ကို ဒီတစ်ကြိမ်လုပ်ကြံတာ မအောင်မြင်ရင် နောက်တစ်ကြိမ်မှာလည်း သားတော်တို့ကို စိတ်ဆိုးဒေါသဖြစ်အောင် ကြံဆောင်ဦးမှာပဲ''ဟု ပြောဆိုခဲ့လေသည်။

ထို့နောက် အဘွားအိုသည် အိတ်နှစ်လုံးတွင် ထမင်းများထည့်ကာ အိတ်တစ်အိတ်ပေါ်တွင် ဘဲတောင်ပံများကိုထည့်၍ ကျန်

အိတ်ပေါ်တွင် ဘဲခြေထောက်များကို ထည့်သည်။ ထို့နောက် စားနပ်ရိက္ခာအိတ် နှစ်အိတ်ကို မင်းသားလေးနှစ်ပါးအားပေးကာ–

"ဒီစားနပ်ရိက္ခာတွေဟာ သားတော်တို့နှစ်ယောက်အတွက် နှစ်ရက်စားလို့ လောက်ပါတယ်။ ဘုရင့်စစ်သည်တော်တွေလာပြီးမဖမ်းခင် အမြန်ဆုံး ပြေးကြပေတော့"ဟု ပြောဆိုလိုက်လေသည်။

မင်းသားလေးရာမက အဘွားအိုအား –

"အမေအို ကျွန်တော်တို့ ဘယ်ကိုပြေးရမှာလဲ"ဟု မေးလေသည်။

အဘွားအိုက –

"သားတို့ ကြိုက်တဲ့နေရာကိုသာ ပြေးကြပါ။ ဒီမှာတော့ ဆက်မနေပါနဲ့။ ဒီမှာဆို သားတော်တို့ ဒုက္ခအကြီးအကျယ်ရောက်လိမ့်မယ်"ဟု ပြန်ပြောသည်။

ထိုသို့ဖြင့် မင်းသားလေးနှစ်ပါးသည် မြို့တွင်းမှ အမြန်ဆုံး ထွက်ခွာသွားကြလေသည်။ မကြာမီ အမတ်ချုပ်ကြီးနှင့် စစ်သည်တော်များသည် မင်းသားလေးနှစ်ပါးကို ဖမ်းဆီးခေါ်ဆောင်ရန် အဘွားအို၏တဲဆီသို့ ရောက်ရှိလာခဲ့သည်။

သို့သော် မင်းသားလေးနှစ်ပါးက ထွက်ခွာသွားပြီဖြစ်၍ မတွေ့မမြင်ရတော့ပေ။

မင်းသားညီနောင်သည် ခရီးထွက်ခွာလာခဲ့သည်မှာ ခရီးအတော်အတန် ရောက်ခဲ့ပြီ ဖြစ်သည်။ ညနေသို့ရောက်သော်သူတို့သည် စမ်းချောင်းကလေးတစ်ခုဆီသို့ ရောက်ရှိလာကြသည်။

သာယာသော နေရာကလေးဖြစ်သည်။ သူတို့သည် စမ်း

ချောင်းနံဘေး မြက်ခင်းစိမ်းပေါ်တွင် အပန်းဖြေထိုင်ရင်း အစား အစာများကို စားသောက်ကြလေသည်။

အမှန်မှာ ဘုရင့်ဥယျာဉ်ထဲမှ ဖမ်းယူသတ်ခဲ့သော ဝမ်းဘဲ သည် ရိုးရိုးဝမ်းဘဲ မဟုတ်ချေ။ မှော်ဝမ်းဘဲတစ်ကောင်သာဖြစ် သည်။ ယခုတိုင် မင်းသားလေးနှစ်ပါးသည် သူတို့ ယခုစားနေ သော ဝမ်းဘဲသားများသည် မှော်ဝမ်းဘဲသားမှန်း မသိရှိကြသေး ချေ။

ဝမ်းဘဲအတောင်ပံကို စားသုံးသူသည် ခုနစ်ရက်အတွင်း မင်းအဖြစ်သို့ ရောက်ရှိမည်ဖြစ်ပြီး ဝမ်းဘဲခြေထောက်ကို စားသုံး သူသည် ထင်ပေါ်ကျော်ကြားသော အမတ်ချုပ်ကြီး စင်စစ်မသွေ ဖြစ်ပေလိမ့်မည် ဖြစ်သည်။

ရာမသည် ထမင်းအိတ်ကို ဖွင့်လိုက်သည်။ ထိုအခါ ထမင်းပေါ်တွင် ဝမ်းဘဲအတောင်ပံများကို တွေ့လိုက်ရသည်။ သူသည် ဆာလောင်မွတ်သိပ်လှသည်ဖြစ်၍ ထမင်းဟင်းများကို အားရပါးရ စားသုံးလိုက်သည်။

နာရယန်းသည် သူ့အိတ်ကို ဖွင့်လိုက်ရာ ထမင်းပေါ်တွင် ဝမ်းဘဲခြေထောက်ဟင်းများကို တွေ့ရလေသည်။ သူလည်း ဆာ လောင်နေပြီဖြစ်၍ အစားအစာများကို စားသုံးလိုက်သည်။ ထို့ နောက် ညီနောင်နှစ်ပါးသည် ဗိုက်ပြည့်သွားပြီဖြစ်၍ လဲလျောင်း ကာ တစ်ရေးတစ်မော အိပ်လိုက်လေသည်။

နောက်နေ့နံနက်တွင် မင်းသားလေးနှစ်ပါးသည် ခရီး ဆက်လက်ထွက်ခဲ့ပြန်လေသည်။ သူတို့သည် မြောက်ဘက်သို့ ခရီးနှင်လာရာ မွန်းတည့်ချိန်တွင် ခြောက်သွေ့သော သဲကန္တာရ

လွင်ပြင်ကြီးတစ်ခုဆီသို့ ရောက်ရှိလာကြလေသည်။

သဲလွင်ပြင်ကြီးတွင် အပင်ဟူ၍ မည်သည့်အပင်မျှ မရှိချေ။ သူတို့သည် သဲပေါ်တွင်ထိုင်ကာ လက်ကျန်အစားအစာများကို ထုတ်ယူစားသုံးကြလေသည်။

ရာသီဥတု အလွန်ပူပြင်းလှသည်ဖြစ်ရာ ရေအလွန်ငတ်၍ ရေသောက်ရန် ရေရှာရာ ရေကို ဘယ်နေရာမျှ ရှာဖွေမတွေ့ရပေ။ သူတို့သည် မွန်းလွဲပိုင်းတစ်ချိန်လုံး ရေရှာဖွေသော်လည်း အချည်းနှီးပင်။

သူတို့သည် ရေငတ်လွန်း၍ အလွန်ပင်ပန်းနွမ်းနယ်နေကြလေသည်။ နောက်ဆုံးတွင် ညီတော် နာရယန်းက -

"အစ်ကိုတော် ကျွန်တော်တော့ ဆက်ပြီးမလျှောက်နိုင်တော့ဘူး။ အစ်ကိုတော်ပဲ သွားပြီး ရေရှာပါ။ ညီတော် ဒီနေရာမှာပဲ နေခဲ့တော့မယ်"ဟု နွမ်းလျစွာ ပြောဆိုလေသည်။

ထိုသို့ဖြင့် ရာမလည်း တစ်ဦးတည်း ထွက်ခွာလာခဲ့ရာ မြောက်ဘက်သို့ ရောက်ရှိလာခဲ့လေသည်။ မကြာမီ သူသည် ကြီးကျယ်ခမ်းနားသော နန်းတော်သို့သွားရာ ဖုန်ထူထပ်သည့် လမ်းတစ်လမ်းသို့ ရောက်ရှိလာခဲ့သည်။ ရာမသည် ထိုလမ်းသို့ တစ်ဦးတည်း လျှောက်လှမ်းလာခဲ့သည်။

နန်းတော်တံခါးဝရောက်သော် ရာမသည် ရေတောင်းရန် ရပ်လိုက်သည်။ ထိုစဉ် သူသည် အော်ဟစ်ကြွေးကြော်သံနှင့်အတူ ခေါင်းလောင်းထိုးသံများကိုပါ ကြားလိုက်ရလေသည်။

ထို့နောက် လူအုပ်စုကြီးသည် ဘုရင့်ဆင်တော်ကြီးကို ဦးဆောင်ကာ နန်းတော်တံခါးဝသို့ ရောက်ရှိလာလေသည်။

ဆင်ကြီးသည် ရာမထံသို့ တည့်တည့်မတ်မတ် လျှောက်လှမ်းလာပြီး ရာမရှေ့ရောက်သော် ရှေ့ခြေနှစ်ချောင်းကို မြေပေါ်တွင် ဒူးထောက်လိုက်သည်။


ထိုစဉ် လူအပေါင်း၏ ကောင်းချီးပေးသံကြီးသည် ပေါ်ထွက်လာပြီး အဖိုးထိုက်အဖိုးတန် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားသည့် လူတစ်ယောက်သည် သူ့ရှေ့သို့ ရောက်ရှိလာသည်။ ထို့နောက် ထိုပုဂ္ဂိုလ်က ရာမအား -

"အရှင်…အရှင်ဟာ ကျွန်တော်မျိုးတို့ရဲ့ ဘုရင်ဖြစ်ပါတယ်။ အရှင့်ကို ဆင်ကြီးက ကျွန်တော်မျိုးတို့ရဲ့ ဘုရင်အဖြစ် ရွေးချယ်ပေးလိုက်ပါပြီ"ဟု ပြောဆိုလိုက်လေသည်။

ထို့ပြင် ထိုသူသည် ရာမအား အဖိုးထိုက်အဖိုးတန် ဝတ်ရုံတော်ကို ဆင်မြန်းပေးပြီး ဦးခေါင်းပေါ်တွင် ရွှေသရဖူကို ဆောင်းပေးလိုက်လေသည်။ ထို့နောက် ရာမအား နန်းတော်ထဲသို့ ခေါ်ဆောင်သွားလေသည်။

ရာမသည် လူများဘက်သို့ လှည့်ကာ -

"ကျွန်ုပ်မှာ နာမကျန်းဖြစ်နေတဲ့ ညီတော်တစ်ယောက်ရှိပါသေးတယ်။ အခု သူဟာ ရေဆာလောင်မွတ်သိပ်မှုကို ခံစားနေရပြီး သေလုနီးပါး ဖြစ်နေပါတယ်။ ကျွန်ုပ်တို့ညီအစ်ကိုဟာ တစ်ဦးနဲ့တစ်ဦး ခွဲခွာပြီးနေလို့ မရပါဘူး။ ကျွန်ုပ်တို့ ဘဝတစ်သက်တာလုံး မခွဲမခွာ အတူတကွ နေသွားကြမှာဖြစ်ပါတယ်။ အသင် ကျွန်ုပ်ကို ဘုရင်အဖြစ် တင်မြှောက်မယ်ဆိုရင် ကျွန်ုပ်ညီတော်ကို ရှာဖွေခေါ်ဆောင်ပေးပါ။ ဒါမှမဟုတ်ရင် ဘုရင်အဖြစ် အသင်တို့ တင်မြှောက်တာကို လက်မခံနိုင်ပါဘူး။ ကျွန်ုပ်ညီတော်



ဟာ ဒီကနေ့ တောင်ဘက်သဲလွင်ပြင်ကြီးထဲမှာ ရှိနေပါတယ်''
ဟု ဆိုလေသည်။

ထိုသို့ဖြင့် မင်းမှူးထမ်းလေးဦးသည် နာရဃန်းအား ရှာဖွေ၍ နန်းတော်သို့ ခေါ်ဆောင်လာရန် တောင်အရပ်သို့ ထွက်ခွာလာခဲ့ကြလေသည်။

သူတို့သည် သဲကန္တာရလွင်ပြင်ထဲတွင် နာရဃန်းအား သုံးရက်တိုင် ရှာဖွေသော်လည်း နာရဃန်းကို အရိပ်အယောင်မျှပင် မတွေ့ရချေ။

ထိုသို့ဖြင့် သူတို့သည် နန်းတော်သို့ ဝမ်းနည်းစွာဖြင့်ပြန်လာခဲ့ကြကာ ဘုရင်မအား နာရဃန်းအား ရှာဖွေ၍မတွေ့ကြောင်း ပြန်လည်လျှောက်တင်ကြလေသည်။

မင်းသားလေး နာရဃန်းကား သဲလွင်ပြင်ထဲတွင် ပျောက်ဆုံးနေလေသည်။

ဘုရင်ရာမသည် အမှုထမ်းလေးဦး၏ လျှောက်တင်ချက်ကို ကြားသော်–

''ငါ့ညီတော်ဟာ အန္တရာယ်ဆိုးနဲ့ ကြုံတွေ့တာ ဖြစ်ရမယ်။ တောရိုင်းတိရစ္ဆာန် သတ်ဖြတ်တာ ခံရတာဖြစ်မယ်။ ငါ့ညီတော်ကို တစ်ယောက်တည်းထားခဲ့တာ မှားတာပဲ''

ဟု ရာမသည် ဝမ်းနည်းစကားဆိုလေသည်။ သူသည် သူ့ညီတော်အတွက် ဘာမှမတတ်နိုင်တော့ချေ။ နောက်ဆုံး သူသည် ဘုရင်အဖြစ် ဘိသိက်ခံကာ တိုင်းသူပြည်သားများအား တရားနှင့်အညီ နှစ်ပေါင်းများစွာ အုပ်ချုပ်လေသည်။

ရာမ၏ ညီတော်ကား ရာမထင်မှတ်သကဲ့သို့ တိရစ္ဆာန်

သတ်ဖြတ်ခြင်း မခံရပေ။ အသက်ရှင်လျက် ရှိနေသည်။ သူ့ထံမှ ရာမထွက်ခွာသွားချိန်တွင် သူသည် မခံမရပ်နိုင်လောက်အောင် ရေဆာလောင်မွတ်သိပ်လာသည်။

ရေတစ်ပေါက်မျှ မသောက်ရပါက အမှန်တကယ်ပင် သေဆုံးတော့မည်ဖြစ်သည်။ ထို့ကြောင့် သူသည် ရေရှိမည့် စမ်းချောင်းကို ရှာဖွေရန် ထွက်လာခဲ့သည်။

သူသည် အားအင်ကုန်ခန်းကာ ဖျားနာလျက်ရှိနေသဖြင့် ရာမထွက်ခွာရာလမ်းကို မမှတ်မိဘဲ ဖြစ်နေလေသည်။ ထို့ကြောင့် သူသည် လမ်းမှားကာ အရှေ့ဘက်သို့ ထွက်ခွာလာခဲ့လေသည်။

နောက်ဆုံးတွင် သူသည် လွင်ပြင်အစွန်နားရှိ ကျေးရွာတစ်ရွာသို့ ရောက်ရှိသွားလေသည်။ သူသည် အဘွားအိုၶ တဲအိမ်တစ်အိမ်သို့ ဝင်ရောက်ကာ သူ့အား ယခုညအတွက် တည်းခိုခွင့်ပြုရန်နှင့် အစားအစာများပေးရန် ပြောဆိုတောင်းလေသည်။

သို့သော် အဘွားအိုသည် အလွန်ဆင်းရဲရှာသည်။ အဘွားအို၏ ခင်ပွန်းသည်မှာ အပ်ချုပ်သမားဖြစ်သည်။ ကွယ်လွန်သွားရှာပြီဖြစ်သည်။

ထို့ကြောင့် အဘွားအိုမှာ ခိုကိုးရာမဲ့ကာ ဘဝကို ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရရှာလေသည်။ သို့သော် အဘွားအိုသည် သူ့ညစာထဲမှ ခွဲကာ နာရယန်းအား အစားအစာများကိုပေးပြီး သူ့အိမ်အတွင်း၌ တည်းခိုခွင့် ပေးလေသည်။

သို့သော် နာရယန်းမှာ ဖျားနာနေ၍ အဘွားအို၏ အိမ်တွင် တစ်လတာမျှ ကြာညောင်းသွားခဲ့လေသည်။ သူဖျားနာနေစဉ် အဘွားအိုသည် သူ့အား သားတစ်ယောက်သဖွယ် ကြင်နာစွာ

ပြုစုပေးလေသည်။

ထိုသို့ဖြင့် မကြာမီ နာရယန်းသည် ပြန်လည်ကျန်းမာလာလေသည်။ နာရယန်းက အဘွားအိုအား ကျေးဇူးတင်လွန်း၍ မည်သို့ပြန်လည်တုံ့ဆပ်ရမည်ကို မေးသည်။

အဘွားအိုသည် နာရယန်းအား မင်းသားတစ်ဦးမှန်း မသိချေ။ ထို့ကြောင့် အဘွားအိုက မင်းသားလေးနာရယန်းအား -

"အဘွားအိုရဲ့ မျက်စိတွေ မှုံလှပြီ။ အပ်ကို ကောင်းကောင်းမထိုးနိုင်တော့ဘူး။ အဘွားရဲ့ ခင်ပွန်းသည် ရှိစဉ်တုန်းက ဆိုရင် အဘွားဟာ အင်္ကျီပိတ်စတွေ ကူညီညှပ်ပေးလေ့ရှိတယ်။ အဘွား သားကို အကောင်းဆုံးအပ်ချုပ်သမားဖြစ်အောင် သင်ပေးမယ်။ အင်္ကျီချုပ်လို့ ရတဲ့ငွေတွေကို အတူတူ ခွဲဝေယူကြတာပေါ့"

ဟု ပြောဆိုလေသည်။

အဘွားအို၏ စကားကိုကြားသော် နာရယန်းလည်း ဝမ်းသာသွားသည်။

ယခုအချိန်တွင် သူ့တွင် နေစရာမရှိချေ။ စားစရာလည်း မရှိချေ။

သူ့အစ်ကိုလည်း ဘယ်နေရာသို့ ရောက်မှန်းမသိချေ။

ယခု သူ့အတွက် နေစရာ စားစရာများ ရရှိတော့မည် မဟုတ်ပါလော။

"နောက်မှပဲ အစ်ကိုတော်ကို ရှာတော့မယ်။ ငါ အဘွားနဲ့ အတူ အလုပ်လုပ်ပြီး စားဖို့၊ ဝတ်ဖို့ ရှာရမယ်"

ဟု နာရယန်းက တွေးမိလေသည်။

ထိုသို့ဖြင့် နာရယန်းသည် ရွာကလေးတွင် အဘွားနှင့်

အတူ နေထိုင်ကာ သူတို့နှစ်ဦးသည် အပ်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

မကြာမီ နာရယန်းလည်း လက်ရာကောင်းသော အပ်ချုပ်သည်တစ်ယောက်အဖြစ် နာမည်ကျော်ကြားလာလေသည်။ နှစ်နှစ်ခန့်ကြာလာသည့်အခါ သူ့တွင် မိတ်ဆွေအပေါင်းအသင်းများ များပြားလာကာ ပျော်ရွှင်ချမ်းမြေ့သောဘဝသို့ ရောက်ရှိလာသည်။

မကြာမီ သူသည် အမျိုးသမီးတစ်ဦးကို လက်ထပ်လိုက်လေသည်။

သို့သော် တစ်နေ့တွင် အလွန်ကြောက်စရာကောင်းသည့် ဘီလူးကြီးတစ်ကောင်သည် နာရယန်းနေထိုင်သည့် တိုင်းပြည်သို့ ရောက်ရှိလာလေသည်။

တိုင်းသူပြည်သားများသည် ဘီလူးကြီးစားသောက်ရန် မုန့်လှည်းတစ်စီး၊ သိုးနှစ်ကောင်နှင့် လူတစ်ယောက်ကို နေ့စဉ်အချိန်မှန်မှန် ပို့ပေးနေရသည်။

ထို့ကြောင့် ပြည်သူပြည်သားများသည် စိတ်သောကရောက်လျက်ရှိနေကြသည်။ ထိတ်လန့်ကြောက်ရွံ့လျက်ရှိကြသည်။

ထိုသို့ဖြင့် ပြည်သူပြည်သားများသည် ဘုရင်ကြီးထံသို့ သွားရောက်ကာ ဘီလူးကြီးအား ဖြိုခွင်းသုတ်သင်ပေးပါရန် တောင်းဆိုကြလေသည်။

ဘုရင်ကြီး၏ ပညာရှိများက ဘီလူးကြီးအား စင်စစ်အားဖြင့် နှိမ်နင်း၍ ရနိုင်မည်မဟုတ်ကြောင်းနှင့် ပညာဉာဏ်ပရိယာယ်ကို အသုံးပြု၍ သုတ်သင်မှသာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိကြသည်။

ထို့နောက် ပညာရှိအမတ်ကြီးများက ဘုရင်ကြီးအား-

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ဟာ ကောင်းကင်နက္ခတ်တွေကို လေ့လာတဲ့အခါ လွင်ပြင်ကြီးရဲ့အဆုံး ရွာကလေးတစ်ရွာမှာ အပ်ချုပ်သမားလူငယ်တစ်ယောက် ရှိနေတာကို သိရပါတယ်။ အဲဒီလူငယ်ကလေးကသာ ဘီလူးကြီးကို သုတ်သင်နှိမ်နင်းပေးနိုင်မှာ ဖြစ်ပါတယ်"ဟု လျှောက်တင်ကြလေသည်။

ဘုရင်ကြီးလည်း ပညာရှိအမတ်ကြီးများ၏ စကားကို ကြားသော် -

"ကဲ...ဒါဖြင့် အပ်ချုပ်သမားထံ စေတမန် စေလွှတ်ပါ။ သူ့ကို ဘီလူးကြီးကို သတ်ပေးဖို့ ပြောပါ။ ဘီလူးကြီးကို သတ်ပေးနိုင်မယ်ဆိုရင် ငါကိုယ်တော်မြတ်က သူ့ကို ဝန်ကြီးချုပ်ရာထူးပေးမယ်လို့၊ တကယ်လို့ ဘီလူးကြီးကို မနှိမ်နင်းနိုင်ဘူးဆိုရင်တော့ သေဒဏ်ပေးခံရမယ်လို့ ပြောပါ"ဟု မိန့်ဆိုလိုက်လေသည်။

ထိုသို့ဖြင့် နာရယန်းသည် တံခါးနားတွင် အပ်ချုပ်လျက်ရှိစဉ် ဘုရင့်အမှုထမ်းနှစ်ဦးသည် ရောက်ရှိလာပြီး ဘုရင်ကြီး၏ အမိန့်တော်ကို ပြောပြလေသည်။

နာရယန်းသည် ဘုရင်ကြီး၏ အမိန့်တော်ကိုကြားသော် လွန်စွာ ကြောက်ရွံ့သွားသည်။ ဘုရင့်စစ်အင်အား လက်နက်အပြည့်အစုံဖြင့် မဖြိုခွင်းနိုင်သည့် ဘီလူးကြီးအား သူက မည်ကဲ့သို့ နှိမ်နင်းတိုက်ခိုက်ပါမည်နည်း။

ဘီလူးကြီး၏ ကိုယ်ခန္ဓာသည် သူ့ထက် ဆယ်ဆခန့်ကြီးမားနေသည်။ ဝန်ကြီးချုပ်ရာထူးရဖို့ လုံးဝမဖြစ်နိုင်ပေ။ ဘုရင်ကြီး၏ သေဒဏ်ကိုသာ ခံယူဖို့သာ သေချာနေပေသည်။

"ငါ ဘီလူးကြီးရဲ့ အစားကို ခံမလား၊ ဘုရင်ရဲ့ ခေါင်းဖြတ်တာကိုခံမလား၊ တစ်ခုခုတော့ ရွေးရမှာပဲ" ဟု ဝမ်းနည်းကြေကွဲစွာ ပြောဆိုနေမိလေသည်။ အခက်အခဲမှ ကျော်လွှားလွတ်မြောက်နိုင်မည့်လမ်းကို ရှာဖွေမတွေ့နိုင်ဘဲ လက်မှိုင်ချကာ စိတ်ဓာတ်ကျနေလေသည်။

သို့သော် သူ့ဇနီးက သူ့အား အကြံတစ်ခု ပေးလေသည်။

"ရှင် ဘာမှ စိတ်ဒုက္ခမဖြစ်နဲ့။ ကျွန်မပြောတဲ့အတိုင်းသာ ပြုလုပ်ပါ။ ဘီလူးကြီးရဲ့ ဥယျာဉ်ထဲမှာ သစ်သီးပင်ကြီးတစ်ပင်ရှိတယ်။ အဲဒီသစ်ပင်ကြီးက အသီးတွေကို ဘီလူးကြီးစားမိရင် မကြာခင် သေဆုံးသွားပါလိမ့်မယ်" ဟု ပြောဆိုလေသည်။

နာရယန်းက -

"ကျွန်ုပ် သစ်သီးပင်ကြီးမှန်း ဘယ်လိုလုပ်သိပါ့မလဲ" ဟု ပြန်မေးသည်။

"အဲဒီဥယျာဉ်ကြီးထဲမှာ သီးမှည့်နေတဲ့ အပင်ဆိုလို့ ဒီသစ်သီးပင်ကြီးတစ်ပင်ပဲ ရှိတယ်။ တခြားသစ်ပင်တွေက သရက်ပင်တွေသာဖြစ်တယ်။ ဒီအချိန်ဟာ သရက်သီး သီးတဲ့ရာသီမဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအဆိပ်ရှိတဲ့ သစ်သီးပင်ကြီးကတော့ အသီးတွေဟာ အမြဲပဲ ဝင်းမှည့်နေတာပါပဲ။ ဒါကို ရှင်မမေ့ပါနဲ့" ဟု ဇနီးသည်က ပြန်ပြောသည်။

ထို့နောက် နာရယန်းက -

"ကျွန်ုပ် သစ်သီးတွေကို ဘယ်လိုရယူပြီး ဘီလူးကြီးစားအောင် ဘယ်လိုလုပ်ရမလဲ။ ဥယျာဉ်ထဲမှာ ကျွန်ုပ်ကို တွေ့သွားရင် ဘီလူးကြီးက ကျွန်ုပ်ကို သတ်လိမ့်မယ်" ဟု ဆိုသည်။

ထိုအခါ ဇနီးသည်က သူ့အား -

"မနက်ဖြန် ဘီလူးကြီးစားဖို့ မုန့်လှည်းတစ်စီး၊ သိုး နှစ်ကောင်၊ လူတစ်ယောက်ပို့တဲ့အခါ ရှင်က လူလဲပြီး လိုက်သွားပါ။ ဥယျာဉ်ကြီးထဲ ရောက်တဲ့အခါ ဘီလူးကြီး မမြင်အောင် ပုန်းနေပြီး သစ်သီးတွေကို ရအောင်ခူးဆွတ်ပါ။ သစ်သီးတွေရလာရင် တစ်စစီစိတ်ဖြာပြီး ဘီလူးကြီးစားမယ့် မုန့်တွေထဲမှာ ရောနှော ထည့်ထားလိုက်ပါ။ ဒါဆို ဘီလူးကြီးကို အောင်နိုင်ပါပြီ"ဟု ရှင်းလင်းပြောပြလေသည်။

ဇနီးသည်၏ စကားကိုကြားသော် အပ်ချုပ်သမားသည် ရွှင်လန်းဝမ်းမြောက်သွားသည်။

"အသင်ပြောတာ မှန်တယ်။ ဘီလူးကြီးကို သတ်တဲ့ ဒီနည်းဟာ အကောင်းဆုံးပဲ"

ဟု ပြောကြားသည်။

နောက်တစ်နေ့နံနက်တွင် ဘုရင့်စစ်သည်တော်များသည် ဘီလူးကြီးထံသို့ပို့ရန် မုန့်၊ သိုးနှင့် လူတို့ကို အဆင်သင့် ပြင်ဆင် နေလေသည်။

ထိုစဉ် နာရယန်းသည် ဘီလူးကြီးစားမည့် လူထံသို့ သွားကာ ဘီလူးကြီးထံ သူ့အစားခံမည်ဖြစ်၍ သူ့အား သွား ရောက်ခွင့်ပေးရန် ပြောဆိုသည်။

နာရယန်း၏စကားကိုကြားသော် ဘီလူးထံ သွားရောက်ရ မည့်သူသည် အလွန်အံ့သြသွားသည်။

အိပ်မက်မက်နေသည်ဟု ထင်သွားသည်။ သူ့အစား ဘီလူးအစားကို မည်သူဝင်ခံပါမည်နည်း။

ထိုသူသည် သူရူးတစ်ဦးသာ ဖြစ်ပေမည်။

ထိုသူသည် သူ၏ကံကောင်းမှုကို မယုံကြည်နိုင်ဘဲ ဖြစ်နေလေသည်။

နောက်ဆုံးတွင် သူ့နေရာကို ဝမ်းမြောက်ဝမ်းသာ လွှဲပြောင်းပေးလိုက်လေသည်။

ထိုသို့ဖြင့် နာရယန်းသည် ဘီလူးစားရန် ဘုရင့်စစ်သည်တော်များနှင့်အတူ ဘီလူးကြီး၏နေအိမ်သို့ လာခဲ့လေသည်။

စစ်သည်တော်များက မုန့်လုံးဆွဲနေသောမြည်းကို မောင်းနှင်နေကြသည်။

နာရယန်းက သူ့အား သိုးများကိုထိန်းကာ ခေါ်ခွင့်ပြုရန် ခွင့်တောင်းသည်။

ထိုသို့ဖြင့် သူသည် သိုးများကိုထိန်းရင်း လိုက်ပါလာခဲ့သည်။

မကြာမီ သူတို့သည် ဘီလူးကြီး၏နေအိမ် ဥယျာဉ်ကြီးထဲသို့ ရောက်ရှိလာကြလေသည်။

နာရယန်းသည် ဥယျာဉ်ကြီးထဲတွင် သူ့ဇနီးပြောကြားသည့် အဆိပ်သစ်ပင်ကြီးကို ချက်ချင်းတွေ့မြင်သွားလေသည်။

သစ်သီးများသည် ဝင်းမှည့်နေကြကာ နေရောင်ထဲတွင် ရွှန်းလဲ့တောက်ပနေကြသည်။

နာရယန်းလည်း သိုးများကို အဆိပ်ပါသစ်ပင်ကြီးဆီသို့ မောင်းထုတ်ကာ သူသည် သိုးများနောက်မှ ပြေးလိုက်သွားလေသည်။

သစ်ပင်အောက်သို့ရောက်သော် သူသည် သစ်ပင်ပေါ်သို့

အမြန်ဆုံးတက်ကာ သစ်သီးကြီးတစ်လုံးကို ဆွတ်ခူးလိုက်လေသည်။

ထို့နောက် သူသည် သိုးများကို စစ်သည်တော်များဆီသို့ ပြန်လည်မောင်းနှင် ခေါ်ဆောင်လာခဲ့လေသည်။

နာရယန်းသည် သစ်သီးကြီးကို ခွဲစိတ်ကာ လှည်းပေါ်ရှိ မုန့်များအတွင်းသို့ အမြန်ဆုံး မြှုပ်သွင်းထားလိုက်လေသည်။

ထိုသို့ဖြင့် သူတို့သည် ဘီလူးကြီးအိမ်ရှေ့သို့ ရိက္ခာများနှင့်အတူ ရောက်ရှိလာကြလေသည်။

''ဘီလူးကြီးဟာ ငါ့ကို မစားမီ အဆိပ်ပါတဲ့မုန့်တွေကို စားမိပြီးသေမှာ သေချာတယ်''ဟု တွေးမိကာ စိုးရိမ်ထိတ်လန့်မှု မရှိဘဲ တည်ကြည်အေးဆေးစွာ ရပ်နေလေသည်။

ဘီလူးကြီးလည်း မုန့်လှည်းကြီးကိုမြင်သော် မုန့်များကို အားရပါးရ သိမ်းကျုံးစားသုံးလိုက်လေသည်။

မကြာမီ ဘီလူးကြီးသည် ပြင်းစွာအော်မြည်ကာ မြေကြီးပေါ်သို့ လဲကျသေဆုံးသွားလေသည်။

ဘုရင့်စစ်သည်တော်များလည်း ဘုရင်ကြီးအား အပ်ချုပ်သည် နာရယန်းက ဘီလူးကြီးကို သုတ်သင်နှိမ်နင်းလိုက်နိုင်ပြီ ဖြစ်ကြောင်း လျှောက်ထားကြသည်။

ထိုအခါ ဘုရင်ကြီးနှင့်တကွ နန်းတော်သူ နန်းတော်သားများ၊ ပြည်သူပြည်သားများသည် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

ထို့နောက် ဘုရင်ကြီးလည်း အပ်ချုပ်သည်အား ဝန်ကြီးချုပ်ရာထူး ခန့်အပ်ရန် ဆင့်ခေါ်လိုက်လေသည်။

မကြာမီ နာရယန်းသည် ဘုရင်ကြီးထံသို့ ရောက်ရှိသွားလေသည်။

ဘုရင်ကြီးသည် နာရယန်းအားတွေ့မြင်သော် နာရယန်းသည် သူ့ညီအရင်းဖြစ်နေသည်ကို တွေ့မြင်ရ၍ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေသည်။

နာရယန်းကလည်း သူ့အစ်ကို ရာမကို အသက်ရှင်လျက် ဘုရင်အဖြစ် တွေ့မြင်ရ၍ ဖော်မပြတတ်အောင် ဝမ်းသာနေလေသည်။

ထို့နောက် ဘုရင်ရာမလည်း သူ့ညီ နာရယန်းအား ဝန်ကြီးချုပ်ရာထူးကို ခန့်အပ်လိုက်လေသည်။

မကြာမီ ရာမသည် တန်ခိုးဩဇာအာဏာ ကြီးမားသော ဘုရင်ဖြစ်လာပြီး သူ့ညီတော် နာရယန်းသည်လည်း ထင်ပေါ်ကျော်ကြားသော ဉာဏ်ပညာနှင့်ပြည့်ဝသည့် အမတ်ကြီး ဖြစ်လာခဲ့လေသည်။ ။

[ E.F.Dodd, B.A ၏ The Glass Princess and other Stories စာအုပ်မှ The Wild Duck, A Folk Talk from India. ]

## တောဝက်ကြီးနှင့် မြေခွေး

တစ်ခါက တောနက်ကြီးတစ်ခုထဲမှာ တောဝက်ရိုင်းကြီးတစ်ကောင် ရှိနေလေတယ်။ တောဝက်ရိုင်းကြီးဟာ အားခွန်ဗလကောင်းပြီး ကြောက်စရာကောင်းလောက်တဲ့ သွင်ပြင်လက္ခဏာရှိတယ်။ သူမှာ ကြီးမားပြီး ထက်ရှတဲ့ အစွယ်ရှိပြီး သူဟာ သူ့အစွယ်ကို လက်နက်သဖွယ်အသုံးပြုတယ်။ တစ်နေ့မှာ တောဝက်ကြီးဟာ သစ်ပင်တစ်ပင်ရဲ့ ပင်စည်နဲ့ သူ့အစွယ်ကို ပွတ်တိုက်ပြီး ချွန်ထက်အောင် သွေးနေတယ်။


အဲဒီအချိန်မှာ သူ့အနားကို မြေခွေးတစ်ကောင် ဖြတ်သွားတယ်။ မြေခွေးက တောဝက်ကြီး အစွယ်သွေးနေတာကို မြင်တော့ အနီးအနားမှာ အန္တရာယ်ရှိမလားဆိုပြီး ဘေးဘီကို လှည့်ကြည့်မိလိုက်တယ်။ ဘာအန္တရာယ်မှမတွေ့လို့ တောဝက်ကြီးဟာ ရန်သူမရှိဘဲ သူ့အစွယ်ကို သွေးနေတာ ဘာ့ကြောင့်လဲဆိုတာ နားမလည်နိုင်အောင် ဖြစ်သွားတယ်။ ဘာ့ကြောင့်လဲဆိုတာကိုလည်း သိချင်သွားတယ်။

ဒါနဲ့ မြေခွေးဟာ အံ့ဩမှုများစွာနဲ့ တောဝက်ကြီးဆီသွားပြီး မေးလိုက်တယ်။

"အဆွေ တောဝက်ကြီး၊ ကျွန်ုပ်သိချင်တာရှိလို့ပါ။ အနီးအနားမှာ မုဆိုးလည်းမရှိ၊ တခြားအန္တရာယ်လည်းမရှိဘဲနဲ့ တောဝက်ကြီးက ဘာလို့ အစွယ်တွေ သွေးနေရတာလဲ။ ဒီလိုလုပ်တဲ့အတွက် အချိန်တွေကုန်၊ ပင်ပန်းမှုတွေ ဖြစ်မနေဘူးလား"

အဲဒီအခါ တောဝက်ကြီးက -

"အဆွေထင်ထားတာ မှားနေပြီ။ မီးမလောင်ခင်ကတည်းက မီးငြိမ်းသတ်ဖို့ ရေတွင်းအဆင်သင့်ရှိနေရပါမယ်။ ဒီလိုပဲ ကျွန်ုပ်တို့ဟာ နေရာတိုင်းမှာ ခြေလှမ်းတိုင်းမှာ အန္တရာယ်တွေပြွမ်းနေတဲ့ တောထဲမှာ နေထိုင်ရတဲ့သတ္တဝါတွေပါ။ ဘယ်အချိန်





မှာ ရန်သူနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး ကျွန်ုပ်အစွယ်နဲ့ ရန်သူကို ဘယ်အချိန် တိုက်ခိုက်ရမလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါ။ အန္တရာယ်ဟာ အချိန်အခါမရွေး ကျရောက်နိုင်တာမို့ ကြိုတင်ဆောင်ရွက်ထားမှ တန်ရာကျပါ့မယ်။ အခု ကျွန်ုပ်ရဲ့အစွယ်ကို မသွေးထားရင် အရေးကြီးကြုံလာခဲ့ရင် အချိန်မရှိတော့ပါ။ ကျွန်ုပ်ရဲ့အစွယ်ကို ကြိုတင်သွေးထားတာဟာ အမှန်ကန်ဆုံးပါပဲ" လို့ ပြောကြားလိုက်လေတယ်။

မြေခွေးဟာ တောဝက်ကြီးရဲ့ အမြော်အမြင်ကြီးမားမှုကို အထင်ကြီးလေးစားသွားလေတယ်။ မြေခွေးဟာ တောဝက်ကြီးကို ကျေးဇူးတင်ကြောင်း နှုတ်ဆက်ကာ ထွက်ခွာသွားလေတယ်။

[ Angles' Moral Stories စာအုပ်မှ The Wild Boar and The Fox. ]

## ခြသေ့်ကိုလှည့်စားတဲ့ ခွေးအ

[ဇူးလူး Zulu လူမျိုးများဟာ 'ကွာဆူကာ ဆူကီလာ' Kwasuka Sukela အစချီကာ ပုံပြင်တွေကို ပြောလေ့ရှိကြတယ်။ အဓိပ္ပာယ်ကတော့ 'Once upon a time' တစ်ခါတုန်းကပေါ့ကွယ်လို့ အဓိပ္ပာယ်ရတယ်။ အခုပုံပြင်ကိုလည်း ကွာဆူကာ ဆူကီလာလို့ စခဲ့တယ်။]


တစ်ခါတုန်းကပေါ့ကွယ်။

ကွာဆူကာ ဆူကီလာ ...

အာဖရိကတိုက်မှာ ကောက်ကျစ်စဉ်းလဲဆုံး တိရစ္ဆာန်ဟာ သူ့နှာခေါင်းကို အောက်စိုက်ကာ မြေလှမ်းမှန်မှန်သွားတဲ့ ဖျက်လိုဖျက်ဆီး၊ ရှုတ်နောက်တတ်ကာ ကလိမ်ကျ လှည့်စားတတ်တဲ့ 'ခွေးအ'ပဲ ဖြစ်တယ်။

ခွေးအဟာ စားစရာအတွက် သူ့နှာခေါင်းနှင့် ပတ်ဝန်းကျင်ကို အနံ့ခံကာ အစာရှာဖွေနေတယ်။ ဒီလိုနဲ့ အနံ့ခံရင်း အနံ့ခံရင်းနဲ့ သူဟာ အနံ့တစ်ခု သွားရတယ်။

"ဟာ...အိမ်မြှောင်နံ့ပါလား။ ဒီအကောင်လေးဆိုရင်



တော့ အဆာပြေ စား လို့ရမယ်။ ကောင်း ကောင်းဝါးလို့ ရ မယ်။ ဒရယ်ကောင် မျိုးလို ဘာလို့ အနံ့မရ ပါလိမ့်”လို့ ခွေးအက သူ့ကိုယ်သူ မကျေမနပ် ဖြစ်ကာ နှာခေါင်းကိုမော့ပြီး အနံ့ခံကာ လျှောက်လှမ်းလာခဲ့တယ်။ နောက်ဆုံးမှာ သူဟာ သူတို့နယ်မြေမှာ “ဗြူဘီစီးကြီး” Great Bhubesi လို့ ခေါ်ဆိုတဲ့ ခြင်္သေ့ကြီးတစ်ကောင်နဲ့ ရင်ဆိုင်တိုးမိတယ်။ ခွေးအဟာ ခြင်္သေ့ကြီး ဗြူဘီစီးကို လိမ်လည်လှည့်စား ဒုက္ခပေးခဲ့ပေါင်း များပြီမို့ ခြင်္သေ့ကြီးက သူ့ကို လက်စားချေချင်နေတယ်။

ရုတ်တရက်ဆိုသလို လိမ္မာပါးနပ်တဲ့ ခွေးအလည်း အကြံတစ်ခု ရသွားတယ်။ ဒါနဲ့ သူဟာ လမ်းဘေးမှာ ကြောက်ကြောက်ရွံ့ရွံ့ ကုပ်နေဟန်ပြုလိုက်တယ်။ အဲဒီနောက် မတ်စောက်နေတဲ့ ကျောက်ဆောင်ကြီးပေါ်သို့ အလန့်တကြားကြည့်ကာ -

“ကယ်ကြပါ၊ ကယ်ကြပါ”လို့ ခွေးအက အော်ဟစ်ပြောဆိုလိုက်လေတယ်။

ခြင်္သေ့ကြီးလည်း ရုတ်တရက်ချက်ချင်း ရပ်လိုက်တယ်။ ခွေးအ က ခြင်္သေ့ကြီးအား -

“အရှင်ခြင်္သေ့မင်းကြီးခင်ဗျား၊ အချိန်မရှိတော့ပါဘူး။ ကျွန်ုပ်တို့ရဲ့ခေါင်းပေါ်မှာ ကြီးမားတဲ့ ကျောက်တုံးကြီးကို တွေ့

တယ်မဟုတ်ပါလား။ အဲဒီကျောက် တုံးကြီးက အောက်သို့လိမ့်ကျ ခါနီးပါပြီ။ ကျွန်ုပ်တို့နှစ်ဦးစလုံး ကျောက်တုံးပိပြီး သေရပါတော့ မယ်။ အားခွန် ဗလကောင်းတဲ့ ခြင်္သေ့မင်းကြီး လုပ်မှသာ ကျွန်ုပ် တို့နှစ်ဦးစလုံး အသက်အန္တရာယ်က ကင်းလွတ်ပါလိမ့်မယ်''လို့ တုန်တုန်ရီရီ ပြောကြားလိုက်လေတယ်။

ခွေးအဟာ မြေကြီးပေါ်မှာပုဝပ်နေပြီး သူ့ခေါင်းကို သူ့ လက်နှစ်ဖက်နဲ့ အုပ်မိုးထားတယ်။

ခြင်္သေ့ကြီး ဗြုဘီစီးကြီးလည်း အလန့်တကြားဖြစ် ကာ အပေါ်သို့ မော့ကြည့်လိုက်တယ်။ ခွေးအက ခြင်္သေ့ ကြီးကို ''မြန်မြန်လုပ်ပါ မြန်မြန်''လို့ အော်ပြောနေတယ်။



ခြင်္သေ့ကြီးလည်း ကျောက်ဆောင်စွန်းပေါ်သို့ ခုန်တက်ကာ ကျောက်တုံးကြီးကို သူ့ပခုံးနဲ့ ဝင် ထမ်းထားလိုက်တယ်။ အဲဒီအခါ ခွေးအက ''ကျေးဇူးအထူးတင်ပါတယ် ခြင်္သေ့ မင်းကြီးရယ်။ ကျွန်ုပ် ကျောက်တုံးကြီး လိမ့်မကျအောင်ခံဖို့ သစ်သားတုံး သွား ရှာလိုက်ပါဦးမယ်။ အရှင်ခြင်္သေ့ကြီးက ကျောက်တုံးကြီး အောက်သို့ ကျ မလာ အောင် မ,တင်ထားပါဦး'' လို့ဆိုကာ ထွက်ခွာသွားလေတယ်။

အချိန် အတော်ကြာသွား ပေမဲ့ ခွေးအ ပြန်လာတာ မတွေ့ရ တော့တဲ့ ခြင်္သေ့ကြီးဟာ ''ဒီ

တစ်ခါလည်း ခွေးအက ငါ့ကို ဒုက္ခ ပေးသွားပြန်ပြီ”လို့တွေးမိကာ ဒေါသအိုး ပေါက်ကွဲသွားလေတယ်။

အမှန်တော့ ကျောက်တုံးကြီးဟာ ကျောက်ဆောင်ပေါ်မှာပဲ တည်ရှိနေတာဖြစ်ပြီး ဘယ်လိုနည်းနှင့်မျှ အောက်သို့ကျမလာနိုင်တာကို ခွေးအက လိမ်ညာသွားတာဖြစ်တယ်။ ခြင်္သေ့ကြီးလည်း “ဒီခွေးအစုတ်တော့ နောက်တစ်ခါ တွေ့ကြသေးတာပေါ့ကွာ”လို့ ကြိမ်းဝါးကာ ကျောက်ဆောင်ကြီးပေါ်မှ ပြန်လည်ထွက်ခွာသွားလေတော့တယ်။

[ The Usborne Treasury of Animal Stories စာအုပ်မှ Clever Jackal Tricks the Lion. ]

## အဖမဲ့ မင်းသားလေး

တစ်ခါက ဗာရာဏသီပြည်မှာ ဘုရင်ကြီးတစ်ပါး ရှိလေတယ်။ တစ်နေ့မှာ ဘုရင်ကြီးဟာ နောက်တော်ပါများနှင့်အတူ တောကစားထွက်ခဲ့တယ်။ တောထဲမှာ လှပတဲ့ ပန်းတွေ၊ သီးပင်တွေ တွေ့ရတော့ ဘုရင်ကြီးဟာ စိတ်ချမ်းမြေ့ ပျော်ရွှင်သွားတယ်။ သူဟာ တောရဲ့သာယာမှုကို နှစ်သက်သဘောကျပြီး လျှောက်လှမ်းလာရာ တောနက်ထဲသို့ တဖြည်းဖြည်း ရောက်ရှိလာကာ သူ့နောက်တော်ပါးတွေနှင့် လူစုကွဲသွားပြီး သူတစ်ယောက်တည်း ရှိနေတာကို သိလိုက်ရတော့တယ်။ ဘုရင်ကြီးဟာ လမ်းကိုရှာရင်းရှာရင်း လျှောက်လှမ်းလာခဲ့ရာ အဝေးတစ်နေရာက သီချင်းသံတစ်သံကို ကြားလိုက်ရတယ်။ ဘုရင်ကြီးလည်း အသံရှိရာသို့ လာခဲ့တဲ့အခါ ထင်းရှာဖွေရင်း သီချင်းသီဆိုနေတဲ့ မိန်းမပျိုကလေးတစ်ဦးကို မြင်တွေ့ရတယ်။ မိန်းကလေးဟာ ချောမောလှပတဲ့ မိန်းကလေးဖြစ်နေတယ်။ ဘုရင်ကြီးလည်း ချက်ချင်းဆိုသလို မိန်းမပျိုကလေးကို မေတ္တာသက်ဝင်မိသွားတယ်။ သူတို့နှစ်ဦးဟာ

ရှင်းနီးချစ်ကျွမ်းဝင်သွားကာ မကြာမီ ထင်းခွေအမျိုးသမီးမှာ ကိုယ်ဝန်ရှိသွားလေတယ်။

ဘုရင်ကြီးက သူဟာ တောထဲမှာ လူစုကွဲပြီး ကျန်ခဲ့တဲ့ အကြောင်းနှင့် သူဟာ ဘုရင်စစ်စစ် ဧကန်ဖြစ်ကြောင်း ထင်းခွေ အမျိုးသမီးကို အလုံးစုံရှင်းပြတယ်။ ထင်းခွေအမျိုးသမီးက ဘုရင် ကြီးကို နန်းတော်သို့ ပြန်မယ့်လမ်းကို ညွှန်ပြလိုက်တယ်။ ဘုရင် ကြီးက ထင်းခွေအမျိုးသမီးကို သူ့ရဲ့အဖိုးထိုက်တန်တဲ့ အမှတ် အသားတံဆိပ်ပါတဲ့ လက်စွပ်ကိုပေးကာ -

"ရှင်မ ရှင်မ ကလေးမွေးလို့ မိန်းကလေးဖြစ်ရင် ဒီလက် စွပ်ကို ရောင်းချပြီး ကလေးကို ကြီးပြင်းလာအောင် ပြုစုစောင့် ရှောက်ပါ။ တကယ်လို့ သားယောကျ်ားလေး မွေးပါက ဒီလက် စွပ်နဲ့အတူ ကလေးကို နန်းတော်သို့ ခေါ်ဆောင်လာခဲ့ပါ"လို့



မှာကြားကာ ဘုရင်ကြီးဟာ ထင်းခွေအမျိုးသမီးနှင့် လမ်းခွဲကာ ဗာရာဏသီပြည်သို့ ပြန်လာခဲ့လေတယ်။

ထင်းခွေအမျိုးသမီးလည်း ကိုယ်ဝန်အရင့်အမာဖြစ်ပြီး မီးဖွားတဲ့အခါ ချစ်စရာကောင်းတဲ့ သားယောကျ်ားလေးကို ဖွားမြင်လေတယ်။ ထင်းခွေအမျိုးသမီးဟာ ဘုရင်ကြီး မိန့်မှာခဲ့တဲ့အတိုင်း သူ့သားကို ခေါ်ဆောင်ကာ ဗာရာဏသီပြည်က ဘုရင့်နန်းတော်ဆီ သွားဖို့ရာ စိုးရွံ့နေတဲ့အတွက် မသွားဘဲ နေလေတယ်။ ဘုရင်ကြီး ပေးတဲ့ လက်စွပ်ကိုမူ အသေအချာ ထိန်းသိမ်းထားတယ်။

မကြာမီ ထင်းခွေအမျိုးသမီးရဲ့သားဟာ အရွယ်ရောက် ကြီးပြင်းလာခဲ့တယ်။ သူ့သားလေးဟာ ရွာထဲက ကလေးတွေနဲ့ ကစားတဲ့အခါ တခြားကလေးတွေက သူ့အမေဟာ ခင်ပွန်း ယောကျ်ားမရှိဘဲ သူ့ကိုမွေးတယ်ဆိုပြီး သူ့ကို စကြ၊ နောက်ပြောင် ကြတယ်။ အနိုင်ကျင့်ကြတယ်။

သူတို့က အော်ဟစ်ပြီး "အဖေမရှိတဲ့ကောင်၊ မင်းနာမည် အဖမဲ့"လို့ ဝိုင်းဝန်းကဲ့ရဲ့ ချိုးနှိမ်ကြတယ်။

ထင်းခွေအမျိုးသမီးရဲ့သားလည်း အဲဒီစကားကို ကြားတဲ့ အခါ ရှက်ပြီး ဝမ်းနည်းကြေကွဲနေလေတယ်။ သူဟာ အဲဒီလို ပြဿနာဖြစ်တိုင်း အိမ်သို့ ငိုယိုပြီး ပြေးလာလေ့ရှိတယ်။

တစ်နေ့မှာ သူက သူ့မိခင်ကို သူ့အား ကလေးတွေက 'အဖမဲ့'လို့ ခေါ်တဲ့အကြောင်း ပြောပြတယ်။

အဲဒီအခါ သူ့မိခင်က -

"ငါ့သား ငါ့သားဟာ ရှက်ရမယ့်သူမဟုတ်ဘူး။ ငါ့သား မှာ အဖေရှိပါတယ်။ နောက်ပြီး အမေ့သားဟာ ရိုးရိုးသာမန်

ကလေးမဟုတ်ဘူး။ ဗာရာဏသီပြည်ကို အုပ်စိုးတဲ့ ဘုရင်ရဲ့သား တော်ပါ"လို့ ရှင်းပြတယ်။

လှူငယ်လေးလည်း သူ့မိခင်ရဲ့စကားကြားတော့ အတော်ပဲ အံ့သြသွားတယ်။ သူက သူ့မိခင်ကို သူဟာ ဘုရင်ကြီးရဲ့သား ဖြစ်ကြောင်း ဘယ်လိုသက်သေရှိသလဲလို့ မေးတဲ့အခါ သူ့မိခင်က ဘုရင်ကြီးပေးခဲ့တဲ့ လက်စွပ်အကြောင်းပြောပြပြီး သားယောကျ်ား လေး မွေးတဲ့အခါ လက်စွပ်နှင့်အတူ ကလေးကို နန်းတော်သို့ ခေါ်ဆောင်လာဖို့ မှာကြားတဲ့အကြောင်း ရှင်းပြတယ်။

လှူငယ်လေးက "ဒါဖြင့် နန်းတော်သို့ သွားကြရအောင် နော်"လို့ဆိုကာ နောက်နေ့မှာ သားအမိနှစ်ယောက်ဟာ ဗာရာဏသီ ပြည်သို့ ထွက်ခွာလာခဲ့ကြလေတယ်။

မကြာမီ သူတို့သားအမိဟာ နန်းတော်သို့ ရောက်ရှိလာ ကြတယ်။ နန်းတော်တံခါးစောင့်အား ဘုရင်ကြီးအား ထင်းခွေ အမျိုးသမီးနဲ့ သူ့သားလေး ဘုရင်ကြီးကို တွေ့ချင်တဲ့အကြောင်း ဘုရင်ကြီးကို သတင်းပို့လေတယ်။ ဘုရင်ကြီးက သူတို့ကို ဝင်ခွင့် ပြုလိုက်တယ်။ သူတို့သားအမိလည်း နန်းတော်ညီလာခံခန်းမထဲသို့ ရောက်ရှိလာတယ်။ ညီလာခံသဘင် ကျင်းပနေချိန်မို့ ခန်းမထဲမှာ ဘုရင်ကြီးရဲ့မှူးမတ်တွေ၊ ကိုယ်ရံတော်တွေ၊ စစ်သည်ရဲမက်တွေနဲ့ စုံစုံညီညီ ရောက်ရှိနေကြတယ်။

ထင်းခွေအမျိုးသမီးက ဘုရင်ကြီးကို ဘုရင်ကြီးနဲ့သူ တောထဲမှာတွေ့ကြုံကာ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့တာတွေ ကို ပြန်လည်တင်ပြကာ -

"အရှင်ဘုရား၊ ဒီသားဟာ အရှင်မင်းမြတ်သားပါ"လို့

လျှောက်တင်လိုက်လေတယ်။

ဘုရင်ကြီးလည်း နန်းတော်ရဲ့ မင်းပရိသတ်အပေါင်းရဲ့ ရှေ့မှာ အခုလို ဗြုန်းစားကြီးပြောချလိုက်တော့ အတော်ကလေး ရှက်သွားတယ်။ ထင်းခွေအမျိုးသမီးရဲ့စကား မှန်တာကိုသိပေမဲ့ သူ့သိက္ခာကိုဆယ်ကာ "ဒီကလေးဟာ ငါ့သားမဟုတ်ဘူး" လို့ ငြင်းဆိုလေတယ်။

ဒါ့ကြောင့် ထင်းခွေအမျိုးသမီးက ဘုရင်ကြီးပေးခဲ့တဲ့ အမှတ်တံဆိပ်ပါ လက်စွပ်ကို သက်သေအဖြစ်ပြသလိုက်လေတယ်။

ဘုရင်ကြီးလည်း ထပ်မံရှက်သွားပြန်ကာ အမှန်တရားကို မျက်ကွယ်ပြုကာ ကလေးဟာ သူ့သားမဟုတ်ကြောင်း ငြင်းဆို လိုက်လေတယ်။

ထင်းခွေအမျိုးသမီးလည်း "အခု ငါ့မှာ သက်သေပြစရာ မရှိတော့ဘူး။ အမှန်တရား သစ္စာတစ်ခုသာ ရှိတော့တယ်" လို့ တွေးမိကာ ဘုရင်ကြီးအား -

"အရှင်ဘုရား၊ ကျွန်တော်မျိုးမ ပြောဆိုတာတွေဟာ အမှန်တွေပါ။ ဒါ့ကြောင့် ကျွန်တော်မျိုးမမှာ သစ္စာတရားကိုသာ သက်သေပြစရာ ရှိပါတော့တယ်။ ကျွန်တော်မျိုးမ သစ္စာပြုပြီး သက်သေထူပါတော့မယ်။ ကျွန်တော်မျိုးမ ဒီကလေးငယ်ကို လေ ထဲလွှင့်မြှောက်ပါ့မယ်။ တကယ်လို့ ဒီကလေးဟာ အရှင့်သား မှန်ရင် အောက်ကိုပြန်မကျဘဲ လေထဲမှာ တင်ရှိနေပါမယ်။ တကယ်လို့သာ ဒီကလေးဟာ အရှင့်သားမဟုတ်ရင် အောက်သို့ ကျကာ သေဆုံးပါလိမ့်မယ်" လို့ဆိုကာ ထင်းခွေအမျိုးသမီးဟာ ကလေးရဲ့ ခြေထောက်နှစ်ချောင်းကို ဆုပ်ကိုင်ကာ အပေါ်သို့

မြှောက်တင် လိုက်လေတယ်။ အဲဒီအခါ ထူးဆန်းစွာပင် ကလေး ငယ်ဟာ အောက်သို့ ပြန်မကျလာဘဲ လေထဲမှာ တင်ပျဉ်ခွေကာ တည်ရှိနေတာကို တွေ့ကြရလေတယ်။ နန်းတွင်းသူ၊ နန်းတွင်းသား ပရိသတ်အပေါင်းလည်း ပါးစပ်အဟောင်းသားဖြစ်ကာ အံ့သြ ကုန်ကြလေတယ်။

အဲဒီအခါ လေထဲတွင် တင်ပျဉ်ခွေအနေအထားဖြင့် တည် ရှိနေတဲ့ ကလေးငယ်က ဘုရင်ကြီးအား -

"အရှင်မင်းကြီး ကျွန်ုပ်ကား အရှင်မင်းကြီးရဲ့ သားအစစ် ဖြစ်ပါတယ်။ အရှင်မင်းကြီးဟာ အရှင်မင်းကြီးနဲ့ ဘာမျှသွေး မတော် သားမစပ်တဲ့ များလှစွာသော တိုင်းသူပြည်သားတွေကို ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ခဲ့ပါတယ်။ ဒါ့ပြင် မရေမတွက် နိုင်အောင် များပြားလှတဲ့ ဆင်တွေ၊ မြင်းတွေ၊ အခြားတိရစ္ဆာန် တွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိနေပါတယ်။ ဒါပေမဲ့ အရှင့်သားအစစ်ဖြစ်တဲ့ ကျွန်ုပ်ကိုတော့ ပြုစုစောင့်ရှောက် ဖို့ သတိမရဘဲ ပစ်ပယ်ထားပါတယ်။ ကြီးပြင်းအောင် မွေးမြူမြှင့် တင်ဖို့ တာဝန်လစ်ဟင်းခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်ုပ်နှင့် ကျွန်ုပ် ၏မိခင်ကို စောင့်ရှောက်ဖို့ လျှောက်တင်အပ်ပါတယ်" လို့ ပြော ကြားလေတယ်။

ကလေးငယ်ရဲ့ ရဲရင့်စွာပြောကြားတဲ့ အမှန်စကားကို ကြားလိုက်ရတဲ့အခါ ဘုရင်ကြီးလည်း နောင်တရကာ မာန်မာနတွေ ကျဆင်းသွားတယ်။ ဘုရင်ကြီးက သူ့လက်ကို ဆန့်တန်းကာ-

"သားတော် ခမည်းတော်ဆီ လာပါ။ ခမည်းတော် သားတော်ကို ထာဝရ ပြုစုစောင့်ရှောက်သွားပါ့မယ်ကွယ်" လို့

ဝမ်းသာအားရ ပြောကြားလိုက်လေတယ်။

နန်းတော်သူ၊ နန်းတော်သားတွေလည်း အံ့ဘနန်း အဖြစ်အပျက်တွေကို မြင်ရ၊ ကြားရတဲ့အခါ ဘုရင်ကြီးကို ဩဘာပေးပြီး လေထဲမှာ တည်ရှိနေတဲ့ ကလေးငယ်ကို သူတို့ဆီကိုလာဖို့ သူတို့ရဲ့လက်တွေကို ဆန့်တန်းထားကြလေတယ်။

ဒါပေမဲ့ ကလေးငယ်ဟာ လက်ဆန့်တန်းထားတဲ့ သူ့မိခင်ရဲ့လက်ထဲသို့ ဆင်းသက်သွားလေတယ်။ ဘုရင်ကြီးလည်း သူ့သားတော်ကို သူ့ပေါင်ပေါ်တွင် ထိုင်စေကာ သူ့သားတော်အား အိမ်ရှေ့အရာ အပ်နှင်းကြောင်းနှင့် ထင်းခွေအမျိုးသမီးအား မိဖုရားအဖြစ် တင်မြှောက်ကြောင်း အမိန့်တော် မှတ်လိုက်လေတယ်။

ဘုရင်ကြီးနဲ့ နန်းတွင်းသူ နန်းတွင်းသားတွေလည်း အမှန်တရားဟာ မည်မျှ စွမ်းအားကြီးမားကြောင်း နားလည်သွားကြလေတယ်။ ဗာရာဏသီပြည်ကြီးဟာလည်း တရားနှင့်အညီ မျှတစွာ အုပ်ချုပ်တဲ့ မင်းနေပြည်တော်ကြီးအဖြစ် ထင်ရှားခဲ့လေတယ်။

ဘုရင်ကြီး နတ်ရွာစံသွားတဲ့အခါ အိမ်ရှေ့မင်းသားလေးလည်း 'အဖမဲ့ဘုရင်' ဟူသော အမည်နာမဖြင့် ဘိသိက်ခံယူကာ နန်းတက်ပွဲသဘင် ဆင်ယင်ကျင်းပပြီး တိုင်းသူပြည်သားများကို ရင်ဝယ်သားကဲ့သို့ထားကာ တရားနှင့်အညီ အုပ်ချုပ်တဲ့အတွက် ဗာရာဏသီပြည်ကြီးဟာလည်း စည်ပင်ဝပြော အေးချမ်းသာယာစွာ တည်ရှိနေလေတော့တယ်။ ။

[ Buddhist Tales for Young and Old Prince Goodspeaker စာအုပ်မှ Little Prince No father. ]

## ထူးဆန်းသော သံအိုးကလေး

တစ်ခါက သူဌေးကြီးတစ်ဦး ရှိလေသတဲ့။ သူဌေးကြီးဟာ ကြီးမားတဲ့ အိမ်ကြီးနှင့် နေထိုင်ပြီး သူဟာ လယ်ယာဇကပေါင်းများစွာနှင့် နွားတွေ၊ သိုးတွေ၊ မြင်းတွေကို ပိုင်ဆိုင်တယ်။ သူ့ရဲ့ ဂျုံခင်းကြီးဟာဆိုရင် အလွန်ကြီးမားကျယ်ပြန့်ပြီး ယာသမားယောကျ်ား၊ မိန်းမ များစွာဟာ ယာထဲမှာ အလုပ်လုပ်ကြတယ်။ အလုပ်သမားတွေဟာ သူဌေးကြီးအတွက် အလုပ် လုပ်ကိုင်ပေးနေရပေမဲ့ သူတို့နေထိုင်ရတာကတော့ စုတ်ချာလှတယ်။ ယာထဲမှာရှိတဲ့ တဲငယ်ကလေးတွေထဲမှာ နေထိုင်ကြရတယ်။ သူဌေးကြီးဟာ သူ့အလုပ်သမားတွေအပေါ် အကြင်နာလည်း မရှိဘူးတဲ့။ သိပ်အတ္တကြီးမားတယ်တဲ့။

သူဌေးကြီးထံမှာ အလုပ်တွေကို နှစ်ရှည်လများ လုပ်ကိုင်ပေးနေတဲ့ အထဲမှာ အဘိုးအို ဇနီးမောင်နှံ နှစ်ဦးလည်း ပါဝင်တယ်။ သူတို့ဟာ အခုအခါ အိုမင်းလာကြပြီဖြစ်တယ်။ အလုပ်သိပ်မလုပ်နိုင်ကြတော့ဘူး။ အလုပ်မလုပ်နိုင်တဲ့အတွက် သိပ်

ဆင်းရဲတာပေါ့ကွယ်။ သူတို့မှာ ချမ်းသာတာဆိုလို့ နွားမကြီးတစ်ကောင်သာ ရှိလေသတဲ့။ သူတို့ဟာ နွားမကြီးဆီကရတဲ့ နွားနို့နှင့် ထောပတ်တွေကို ရောင်းပြီး အသက်မွေးနေကြရသတဲ့။

ဒါပေမဲ့ အခုအခါမှာ နွားမကြီးဟာ အိုမင်းလာပြီဖြစ်လို့ နို့မထွက်တော့ဘူးတဲ့။ ဒါကြောင့် အဘိုးအိုက အဘွားအိုကို အသုံးမဝင်တော့တဲ့ နွားမကြီးကို ရောင်းပစ်ဖို့ တိုင်ပင်တယ်။ အဘွားအိုကလည်း သူတို့မှာ စားစရာမရှိတော့မှန်း သိလို့ အဘိုးအို ပြောဆိုတာကို သဘောတူသတဲ့။ အဲဒါနှင့် အဘိုးအိုလည်း နွားမကြီးကို ဈေးမှာရောင်းဖို့ မြို့ပေါ်တက်လာခဲ့တယ်။

ဒါပေမဲ့ လမ်းခရီးမှာ အဘိုးအိုဟာ ဈေးသည်တစ်ယောက်နှင့်တွေ့တယ်။ ဈေးသည်ရဲ့ လက်ထဲမှာ သံအိုးလေးတစ်လုံးကို တွေ့ရတယ်။ သံအိုးကလေးဟာ ခြေထောက်သုံးချောင်းနဲ့မို့ သိပ်ရယ်ဖို့ကောင်းနေတယ်။



ဈေးသည်က အဘိုးအိုကို -

“အဘိုး နွားကြီးကို ဘယ်ကိုခေါ်ဆောင်သွားမလို့လဲ” လို့ မေးတယ်။

“နွားမကြီးက အိုနေပြီလေကွာ။ ငါ နွားကြီးကို ဈေးမှာ သွားရောင်းမလို့” လို့ အဘိုးအိုက ပြန်ဖြေတယ်။

အဲဒီအခါ ဈေးသည်ကလေးက -

“ကျွန်တော် နွားကြီးကိုလိုချင်တယ်။ ကျွန်တော့်မှာ ငွေတော့မရှိဘူး။ ဒီသံအိုးကလေးပဲ ရှိတယ်။ အဘိုးနွားနှင့် ကျွန်တော့် သံအိုး လဲမလား” လို့ မေးလိုက်တယ်။

“မင်း သံအိုးကလေးက ဘာအသုံးကျမှာလဲ” လို့ အဘိုးအိုက မေးလိုက်တယ်။

အဲဒီအခါမှာ ရုတ်တရက်ဆိုသလို သံအိုးကလေးက “ကျွန်တော့်ကိုယူပါ။ ကျွန်တော့်ကိုယူပါ” လို့ ပီပီသသကြီး ပြောဆိုတာကို အဘိုးအိုဟာ ကြားလိုက်ရတယ်။

ဒါနဲ့ အဘိုးအိုလည်း သံအိုးကလေးကို သူ့နွားမကြီးနှင့် လဲယူလိုက်လေတယ်။ ဈေးသည်လည်း နွားမကြီးကိုခေါ်ဆောင်ကာ ထွက်ခွာသွားလေတယ်။

အဘိုးအိုဟာ အိမ်ပြန်ရောက်လာတဲ့အခါ အဘွားအိုကို သူ ဈေးသည်ထံမှ သံအိုးနှင့် သူ့နွားကို လဲယူလာခဲ့ကြောင်း ပြောဆိုရှင်းပြတယ်။ အဘိုးအိုစကားကို ကြားတဲ့အခါ အဘွားအိုဟာ သိပ်စိတ်ဆိုးသွားတာပေါ့။

“ဒီသံအိုးဟောင်းလေးနှင့် ကျွန်မတို့ ဘယ်လိုစားသောက်နေထိုင်ရမှာလဲ” လို့ အဘွားအိုဟာ အဘိုးအိုကို မြည်တွန်တောက်

တီးလေသတဲ့။

အဲဒီအခါ သံအိုးကလေးက -

"ကျွန်တော့်ကို အရောင်လက်လာအောင် တိုက်ချွတ်ပေးပါ"လို့ စကားပြောသတဲ့။

အဘွားအိုလည်း ဘာစကားတစ်ခွန်းမှ ဆက်မပြောတော့ဘဲ အဝတ်စတစ်ခုကိုယူပြီး သံအိုးကလေးကို ပြောင်လက်လာတဲ့အထိ ပွတ်တိုက်ပေးလေတယ်။ အိုးလေးဟာ ပြောင်လက်လာတယ်။ သံအိုးကလေးက -

"ကျွန်တော် ခုန်သွားချင်တယ်။ ကျွန်တော် ခုန်သွားချင်တယ်"လို့ ပြောဆိုတယ်။

"ဘယ်ကို ခုန်သွားမှာလဲ"လို့ အဘွားအိုက မေးတဲ့အခါ သံအိုးကလေးက-

"ကျွန်တော် သူဌေးကြီးရဲ့အိမ်ကြီးဆီ ခုန်သွားပြီး အဘွားလိုချင်တာတွေ ယူဆောင်ပေးမယ်လေ"လို့ ပြောလိုက်ပြီး ခုန်ဆွခုန်ဆွနှင့် အပြင်ကို ထွက်သွားတယ်။

အဘွားအိုဟာ သံအိုးကလေး စကားပြောတာကို အလွန်အံ့ဩနေရာက အခု သံအိုးကလေးက သူဌေးကြီးအိမ်ကိုသွားဖို့ ခုန်ဆွခုန်ဆွနှင့် လမ်းပေါ်ကို ထွက်သွားတာကို မြင်ရတော့ ပိုပြီးတော့တောင် အံ့ဩလွန်းမက အံ့ဩလို့နေတော့တယ်။

အဘွားအိုက သံအိုးကလေးကို "မင်းကို ဘုရားသခင်က စောင်မကြည့်ရှုပါစေ"လို့ ဆုတောင်းပေးလိုက်တယ်။

မီးဖိုချောင်ထဲ ခုန်ပေါက်ပြီးရောက်လာတဲ့ သံအိုးလေးကို မြင်တာနှင့် သူဌေးကြီးရဲ့ဇနီးဟာ ဖုတ်ပြီးသား ပူတင်းမုန့်တွေကို

အိုးထဲထည့်ဖို့ အသင့်ဖြစ်နေတယ်။

"ဒီအိုးလေးဟာ ပူတင်းမုန့်တွေထည့်ဖို့ လိုအပ်နေတာနဲ့ အတော်ပဲ" ဆိုပြီး ဝမ်းသာအားရနှင့် ပူတင်းမုန့်တွေကို သံအိုးထဲကို သွတ်ထည့်နေတယ်။ မကြာခင်မှာပဲ သံအိုးထဲမှာ ပူတင်းတွေ ပြည့်သွားတယ်။

သူ့အိုးထဲမှာ ပူတင်းတွေနှင့် ပြည့်သွားတာနဲ့ တစ်ပြိုင်နက် သံအိုးကလေးလည်း "ခုန်ပေါက်မယ် ခုန်ပေါက်မယ်" လို့ ဆိုပြီး သူဌေးကြီးရဲ့ မီးဖိုချောင်ထဲမှ ထွက်လာကာ ဆင်းရဲသား အဘွားအိုရဲ့ မီးဖိုချောင်ဆီကို ရောက်ရှိလို့လာတယ်။ အဘွားအို လည်း အိုးကလေးကိုကြည့်ပြီး အားရဝမ်းသာစွာနဲ့ ခင်ပွန်းသည် အဘိုးအိုကို-

"ဒီမှာကြည့်စမ်း။ ဒီသံအိုးကလေးက ကျွန်မတို့အတွက် သိပ်ကောင်းတဲ့ ပူတင်းမုန့်တွေ ယူလာတယ်ရှင့်။ လာမြည်း စမ်းလှည့်" လို့ ပြောပြောဆိုဆို ခေါ်လိုက်တယ်။

ဒီလိုနဲ့ အဘိုးအို အဘွားအိုတို့ဟာ သူတို့ရဲ့ ညစာအဖြစ် ပူတင်းတွေကို အားရပါးရ စားကြလေတယ်။ ဒီလို အရသာရှိတဲ့ ပူတင်းမျိုးကို သူတို့တစ်သက်မှာ တစ်ခါမှ မစားဖူးကြဘူးတဲ့။

နောက်တစ်နေ့မှာ သံအိုးကလေးက-

"ကျေးဇူးပြုပြီး ကျွန်တော့်ကိုယ်ကို အရောင်လက်လာ အောင် ပွတ်တိုက်ပေးပါဦး" လို့ ပြောပြန်တယ်။ အဘွားအိုလည်း သံအိုးကလေး ပြောင်လက်လာတဲ့အထိ အဝတ်နှင့် ပွတ်တိုက်ပေး တယ်။ အရောင်လက်လာတယ်ဆိုရင်ပဲ သံအိုးကလေးက-

"ကျွန်တော် ခုန်သွားချင်တယ် ကျွန်တော်ခုန်သွားချင်

တယ်''လို့ ဆိုသတဲ့။

''ဒီအချိန် ဘယ်ကိုခုန်သွားမှာလဲ''လို့ အဘွားအိုက မေးတယ်။ အဲဒီအခါ သံအိုးကလေးက–

''ကျွန်တော် သူဌေးကြီးအိမ်ကို ခုန်သွားပြီး အဘွားတို့ လိုချင်တာတွေ ယူဆောင်ပေးမယ်လေ''လို့ ပြန်ပြောပြီး တံခါး ပေါက်ကတစ်ဆင့် အပြင်လမ်းမပေါ်သို့ ခုန်ထွက်ကာ သူဌေးကြီး ရဲ့ယာမြေဆီကို ရှေးရှုထွက်ခွာသွားတော့တယ်။

သံအိုးကလေး သူဌေးကြီးရဲ့ယာထဲ ရောက်ရှိသွားတဲ့ အချိန်မှာ သူဌေးကြီး အလုပ်သမားတွေဟာ ဂျုံသီးနှံတွေကို ရိတ် သိမ်းနေကြတယ်။

ယာသမားတွေက သံအိုးကလေးကို မြင်တော့ ''ဂျုံတွေ ထည့်ဖို့ အတော်ပဲ''လို့ ဆိုကြတယ်။ အဲဒီအခါ သံအိုးကလေး လည်း နဂိုရှိရင်းထက် တဖြည်းဖြည်း ကြီးမားလာပြီး ကျီအိုးကြီး လိုဖြစ်လာတယ်။ ယာသမားတွေဟာ ကျီအိုးကြီးအဖြစ် ပြောင်းလဲ သွားတဲ့ သံအိုးကြီးထဲကို ကျီအိုးနှုတ်ခမ်းရောက်တဲ့အထိ ဂျုံတွေ အပြည့်အမောက် ထည့်ကြတယ်။

ဂျုံတွေနှင့် အိုးကြီးပြည့်သွားတဲ့အခါ သံအိုးက ''ကျွန် တော် ခုန်သွားချင်တယ် ကျွန်တော် ခုန်သွားချင်တယ်''လို့ ပြော ဆိုပြီး ယာခင်းထဲက ခုန်ပေါက်ထွက်လာကာ လာလမ်းအတိုင်း အဘိုးအို အဘွားအိုအိမ်ကို ပြန်လာခဲ့တယ်။

သံအိုးကြီးနှင့်အပြည့် ဂျုံတွေကိုမြင်တော့ အဘိုးအိုက အားရဝမ်းသာစွာနှင့် ''ရှင်မရေ၊ ဒီဆောင်းတွင်းစာအတွက် ငါတို့ ရိက္ခာတွေ မပူရတော့ဘူးဟေ့။ ဟောဒီမှာ သံအိုးကြီးနဲ့အပြည့်



ဂျုံတွေ အများကြီးပဲ''လို့ အားရဝမ်းသာစွာ ဆိုသတဲ့။

နောက်တစ်နေ့မှာ အဘွားအိုဟာ သံအိုးကလေးရဲ့''သူ့ကို ပြောင်လက်နေအောင်ပွတ်တိုက်ပေးပါ''ဆိုတဲ့ ပြောစကားကို မစောင့်နေတော့ဘဲ နံနက်စောစောထပြီး သံအိုးကလေးကို ပြောင်လက်လာအောင် အဝတ်နှင့် ပွတ်တိုက်ပေးသတဲ့။ သံအိုးကလေးကို ပွတ်တိုက်ပေးတိုင်း သံအိုးက သူတို့အကျိုးကို ဆောင်ရွက်ပေးမှန်း သိနေတာကိုး။ မကြာခင်မှာဘဲ သံအိုးကလေးဟာ ပြောင်လက်လာပြီး -

''ကျွန်တော် ခုန်သွားချင်တယ် ကျွန်တော် ခုန်သွားချင်တယ်''လို့ ပြောဆိုနေလေတယ်။

အဘွားအိုက''ဘယ်ကို ခုန်သွားချင်တာလဲ''လို့ ပြန်မေးတဲ့အခါ သံအိုးကလေးက ''ကျွန်တော် သူဌေးကြီးအိမ်ကို ခုန်သွားပြီး အဘွားတို့လိုအပ်နေတာတွေ ဆောင်ယူပေးမယ်လေ''လို့ ပြောကာ တံခါးပေါက်က ခုန်ထွက်ပြီး လမ်းမကြီးအတိုင်း သူဌေးကြီးရဲ့အိမ်သို့ လာခဲ့လေတယ်။

သံအိုးကလေး သူဌေးကြီးအိမ်ကို ရောက်ရှိသွားတဲ့အချိန်မှာ သူဌေးကြီးဟာ သူ့ရွှေတွေကို ရေတွက်နေသတဲ့။

သူဌေးကြီးဟာ ရွှေငွေတွေကို ထားစရာနေရာ မရှိတော့တာမို့ ရေတွက်ထားတဲ့ရွှေတွေကို စားပွဲပေါ်မှာပဲ အပုံလေးတွေ ပုံပြီးထားသတဲ့။ သူဌေးကြီးဟာ သူ့အခန်းထဲရောက်နေတဲ့ သံအိုးကလေးကို တွေ့တာနဲ့ ''အတော်ပဲ ငါ့ရွှေတွေကို အဲဒီသံအိုးထဲ ထည့်ရမယ်။ နောက်ပြီး အိုးကို မြေကြီးထဲမြှုပ်ထားရမယ်''လို့ဆိုပြီး ရွှေတွေကို သံအိုးနှုတ်ခမ်းရောက်တဲ့အထိ ဖြည့်တယ်။ အဲဒီလို



နဲ့ သံအိုးအပြည့် ရွှေတွေနှင့် ပြည့်သွားတယ်ဆိုရင်ပဲ သံအိုးက လေးက -

"ခုန်သွားမယ် ခုန်သွားမယ်"လို့ ဆိုပြီး အပြင်သို့ ခုန် ပေါက်ကာ ထွက်လာခဲ့တယ်။

သူဌေးကြီးလည်း သူ့ရွှေတွေပါသွားတဲ့အတွက် သံအိုးက လေးနောက်ကို အမီပြေးလိုက်တယ်။ ဒါပေမဲ့ သံအိုးကလေးကို ဘယ်မီပါ့မလဲ။

မကြာခင်မှာပဲ ရွှေအိုးနဲ့အပြည့် သံအိုးကလေးဟာ အဘိုးအို အဘွားအိုတို့ရဲ့ အိမ်ကို ရောက်ရှိလာတယ်။ အဘိုးအို အဘွားအိုတို့ဟာ အားရဝမ်းသာစွာနှင့် သံအိုးထဲက ရွှေတွေကို အကုန်နှိုက်ယူပြီး ဝမ်းသာအားရနှင့် "ဒီတစ်သက်တော့ ငါတို့ ဘာမှမပူရတော့ဘူးဟေ့"လို့ ဆိုကြသတဲ့။

အဲဒီနောက် သံအိုးကလေးဟာ သူဌေးကြီးအိမ်ကို ပြန် လှည့်ကာ ခုန်ပေါက်ထွက်သွားပြန်သတဲ့။

သူဌေးကြီးဟာ သူ့ရွှေတွေပါသွားလို့ အလွန်ပဲ ဒေါသဖြစ်

နေသတဲ့။ သူဌေးကြီးဟာ သံအိုးကလေး ပြန်လာတာကိုတွေ့တော့

"အဲဒီသံအိုးဟာ သူခိုး၊ ငါတို့ရဲ့ ပုတင်းမုန့်တွေ၊ ဂျုံတွေ ရွှေငွေတွေကို ခိုးယူတယ်။ သေပေတော့" လို့ဆိုပြီး သံအိုးကို ပေါက်ခွဲဖို့ သံအိုးလက်ကိုင်ကိုင်းကို ကိုင်လိုက်တယ်။ အဲဒီလို သူဌေးကြီးက သံအိုးလက်ကိုင်ကိုင်းကို ကိုင်ဆွဲလိုက်တာနှင့် ချက်ချင်းပဲ သံအိုးကလေးဟာ လမ်းမပေါ်ကို ခုန်ပေါက်ထွက်ပြေးသွားတယ်။ သူဌေးကြီးလည်း သံအိုးနှင့် အတူတူ လိုက်ပါသွားတာပေါ့။

"ငါ့ကိုလွှတ် ငါ့ကိုလွှတ်" လို့ သူဌေးကြီးက အော်ဟစ်ပြီး ပြောဆိုနေပေမဲ့ သူဌေးကြီးရဲ့လက်ဟာ သံအိုးလက်ကိုင်နဲ့ ခွာမရဘဲ ဖြစ်နေလေတယ်။ သံအိုးကလေးဟာ သူဌေးကြီးရဲ့လက်ကို တင်းတင်းဆွဲကိုင်ထားတယ်။

သူဌေးကြီးကို သံအိုးကလေးက ဒရွတ်တိုက် ဆွဲခေါ်သွားတာကို အဘိုးအိုကမြင်တော့-

"သူဌေးကြီးကို ဘယ်ခေါ်သွားမလို့တုံး" လို့ မေးသတဲ့။

သံအိုးကလေးက "ကမ္ဘာမြေရဲ့အဆုံးကို ခေါ်သွားမယ်လေ" လို့ ပြောဆိုပြီး သူဌေးကြီးကို ဒရွတ်တိုက် ခုန်ပေါက်ပြီး အဝေးကို ခေါ်ဆောင်သွားလိုက်တာ နောက်ဆုံး သံအိုးကလေးနဲ့ သူဌေးကြီးကို ဘယ်အခါမှ ပြန်မတွေ့တော့အောင်ပဲတဲ့။

ဆင်းရဲတဲ့ အဘိုးအိုနဲ့ အဘွားအိုတို့လည်း သံအိုးကလေး ယူဆောင်ပေးထားတဲ့ ရွှေတွေနှင့်ချမ်းသာကြွယ်ဝလာကာ အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြသတဲ့ကွယ်။

[ Friendly Tales စာအုပ်မှ The Magic Iron Pot. ]

## ရဲရင့်သော ဈေးသည်

မိုးသည်းတဲ့ ညတစ်ညမှာ ကျားအိုကြီးတစ်ကောင်ဟာ မိုးရေထဲမှာ မိုးမိနေသတဲ့။ မှောင်ကလည်းမှောင် မိုးကလည်း အရမ်းသည်းနေသတဲ့ကွယ်။

ကျားဟာ မိုးမိလို့ တစ်ကိုယ်လုံး စိုရွှဲပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးနေတာပေါ့။ ကျားကြီးဟာ မိုးခိုဖို့နေရာကို လိုက်ရှာပေမဲ့ နေရာတစ်နေရာစာတောင် ရှာလို့မရဘူး ဖြစ်နေတယ်။ မိုးကလည်း အတိတ်မရပ်ဘဲ ဆက်သည်းနေတယ်။

နောက်ဆုံးမှာ ကျားအိုကြီးဟာ မိုးခိုဖို့ နေရာရှာရင်းရှာရင်းနှင့် အိုဟောင်းနေတဲ့နံရံကြီးတစ်ခုဆီ ရောက်ရှိလာပြီး နံရံကို မှေးမှီကာ မိုးခိုလေသတဲ့။ အခုနေရာလေးဟာ သိပ်ပြီး စိုစိုစွတ်စွတ် မရှိတဲ့အတွက် မကြာခင်မှာဘဲ ကျားအိုကြီးဟာ နံရံကို မှီပြီး အိပ်ပျော်သွားလေတယ်။

ကျားကြီး အိပ်ပျော်နေတုန်းမှာ ဈေးသည်တစ်ယောက်ဟာ ကျားကြီးအိပ်ပျော်နေတဲ့ နံရံကြီးဆီကို ရောက်ရှိလာတယ်။

ဈေးသည်ဟာ သူမြည်းပျောက်လို့ လိုက်ရှာရင်း ရောက်ရှိလာတာ ဖြစ်တယ်။ ညက သိပ်မှောင်ပြီး မိုးရွာနေတဲ့အတွက် အရာဝတ္ထု တွေကို ခက်ခက်ခဲခဲ ကြည့်ရှုနေရတယ်။ သိပ်မမြင်ရဘူး။ မိုးက လည်း သည်းသထက်သည်းလာနေတယ်။

ဈေးသည်ဟာ မိုးခိုဖို့ နေရာကို လိုက်ရှာပေမဲ့ ရှာလို့ မတွေ့ဘူး ဖြစ်နေတယ်။ နောက်ဆုံးမှာ ဈေးသည်ဟာ ကျားကြီး လှဲမှီအိပ်ပျော်နေတဲ့ နံရံကြီးဆီကို ရောက်ရှိလာတယ်။ နံရံကြီးနား မှောင်မှောင်မည်းမည်းထဲမှာ ကျားကြီးကို မထင်မရှားတွေ့ရတော့ သူ့ပျောက်ဆုံးနေတဲ့ မြည်းကြီးပဲဆိုပြီး ဝမ်းသာသွားတယ်။ အဲဒီ နောက် ကျားကြီးရဲ့နားရွက်ကိုဆွဲ၊ ကန်ကျောက်ကာ ရိုက်နှက်ပြီး

"အကောင်စုတ်ကြီး၊ ဘာလို့ထွက်ပြေးနေရတာလဲ။ နောက်ဆုံးတော့ မင်းကိုတွေ့ရတာပဲ မဟုတ်လား" လို့ ဆိုမြည် လေတယ်။



ကျားကြီးဟာ အရိုက်အနက်ခံရ၊ အဆူခံရနှင့် အတော့်ကို အုံ့ညြသွားတယ်။ ကျားကြီးဟာ အရိုက်အနက်ခံရလို့ နာနေတဲ့ နေရာတွေကို လျှာနှင့်လျက်နေတယ်။ အဲဒီလို အချိန်မှာ ဈေးသည် ဟာ ကျားရဲ့ကျောပေါ် ရုတ်တရက် ခုန်တက်လိုက်ပြီး -

"ကဲ… ငါ အိမ်ပြန်ချင်ပြီ မြန်မြန်ထ" လို့ ပြောဆိုလိုက် တယ်။

ကျားကြီးဟာ လဲလျောင်းရာမှ ထလိုက်တယ်။ အဲဒီလို နှင့် ဈေးသည်ဟာ ကျားကြီးကိုစီးပြီး အိမ်ကိုပြန်လာခဲ့တယ်။ အိမ်ကိုပြန်ရောက်တဲ့အခါ ဈေးသည်ဟာ ကျားကြီးကို တင်းကုပ်ရဲ့ တိုင်မှာ ကြိုးနှင့်ချည်ထားခဲ့ပြီး သူ့အိမ်ထဲကိုဝင်ကာ သူ့ဇနီးအား-

"မိန်းမရေ မြည်းဆိုးကြီးကိုတော့ ငါပြန်တွေ့ခဲ့လို့ တင်း ကုပ်မှာ ချည်ထားခဲ့ပြီ" လို့ ပြောဆိုတယ်။

"ပြန်တွေ့လာတယ်ဆိုလို့ ဝမ်းသာပါတယ်။ ဒီမြည်းဟာ အမြဲတမ်း ထွက်ပြေးတယ် မကောင်းဘူး" လို့ ဆိုတယ်။

နောက်တစ်နေ့ မနက်မှာ ဈေးသည်လင်မယားဟာ မြည်း ကိုကြည့်ဖို့ တင်းကုပ်ဆီသို့ လာခဲ့ကြတယ်။ သူတို့ဟာ မြည်းကို မတွေ့ရဘဲ မြည်းအစား တိုင်မှာချည်ထားတဲ့ ကျားကြီးတစ်ကောင် ကိုသာ တွေ့ရှိရလေတယ်။ ဈေးသည်ဟာ သူစီးလာတာ မြည်း မဟုတ်ဘဲ ကျားကြီးဖြစ်မှန်း သိရလို့ တွေးမိပြီး ကျောချမ်းနေမိ တယ်။

ဈေးသည်က ကျားကြီးကို စီးရင်း ခေါ်ဆောင်ဖမ်းဆီး ထားတယ်ဆိုတဲ့ သတင်းစကားဟာ တစ်ဆင့်စကား တစ်ဆင့်နား ရောက်သွားပြီး ရပ်ဝေးရပ်နီးမှ လူတွေဟာ ကျားကြီးကို လာ

ရောက်ကြည့်ရှုကြတယ်။ သူတို့ဟာ ဈေးသည်ကိုလည်း ရဲရင့်ပါ ပေ့လို့ ချီးမွမ်းပြောဆိုကြတယ်။

အမှန်တော့ ဈေးသည်ဟာ ရဲရင့်သူတစ်ယောက် မဟုတ်ဘူး။ သိပ်ကြောက်တတ်တဲ့ သူပဲ။ ကျားကြီးမှန်းမသိလို့သာ ခေါ်ဆောင်လာတာ ဖြစ်တယ်။ ကျားကြီးမှန်းသာ သိရင်တော့ သူတက်သေမိမှာ အမှန်ပဲ။ ဒါပေမဲ့ အဖြစ်မှန်ကိုတော့ ဘယ်သူ့ကိုမှ မပြောဘူး။ ရဲရင့်သတ္တိရှိသူ တစ်ယောက်ယောင် ဆောင်နေလိုက်တယ်။

မကြာခင် ဈေးသည်ရဲ့ သတင်းစကားဟာ ဘုရင်ကြီးနား ပေါက်ကြားသွားလေတော့တယ်။ တစ်နေ့နေ့မှာ ရဲရင့်သတ္တိရှိသူရဲ့ အကူအညီလိုအပ်တယ်လို့ဆိုပြီး ဘုရင်ကြီးဟာ ဈေးသည်ရဲ့ ရဲစွမ်းသတ္တိရှိမှုကို ဂုဏ်ပြုတဲ့အနေနှင့် ဆုတော်လာဘ်တော်အဖြစ် ရွှေအိတ်တစ်အိတ်ကို ဆုချတယ်။

အဲဒီလိုနှင့် တစ်နေ့မှာ တခြားတိုင်းပြည်က 'မဟာရာ' ဆိုတဲ့ ဘုရင်ကြီးဟာ ဈေးသည်တို့ရဲ့ တိုင်းပြည်ကို စစ်မက်ခင်းဖို့ စစ်သည်အလုံးအရင်းနှင့် ချီတက်လာနေကြတယ်။

အဲဒီအချိန်မှာ ဈေးသည်တို့ တိုင်းပြည်ရဲ့ ဘုရင်ကြီးဟာ မဟာရာ ဘုရင်ကြီးကို ကြောက်နေရတဲ့ အချိန်ပေါ့။ မဟာရာ ဘုရင်ကြီးရဲ့ စစ်မက်အင်အားနှင့် လက်နက်အင်အားက ပိုကောင်းတယ်လေ။

ဒါကြောင့် ဘုရင်ကြီးဟာ မှူးမတ်ပညာရှိတွေကိုခေါ်ပြီး ဘယ်လိုကြံဆရမလဲလို့ မေးတယ်။

ပညာရှိတစ်ဦးက "အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့

တိုင်းပြည်မှာ ကျားကြီးကို စီးနင်းဖမ်းဆီး ခေါ်လာနိုင်ခဲ့တဲ့ သူ့ရဲ့ကောင်းတစ်ယောက်ရှိတယ်မဟုတ်လား။ သူဟာ ကျွန်တော်မျိုးတို့ကို အများဆုံး အကူအညီပေးနိုင်ပါလိမ့်မယ်"လို့ လျှောက်တင်လေတယ်။

"အသင် လျှောက်တင်တာ မှန်တယ်။ အဲဒီသူ့ရဲ့ကောင်း ဈေးသည်ကို ဆင့်ခေါ်စေ။ သူ့ကို မြင်းကောင်းကောင်းတစ်ကောင် ပေးလိုက်ပါ"လို့ ဘုရင်ကြီးက မိန့်ဆိုလိုက်တယ်။

မကြာခင် ဈေးသည်လည်း ဘုရင်ကြီးရှေ့မှောက်သို့ ရောက်ရှိလာလေတယ်။ ဘုရင်ကြီးက ဈေးသည်ကို -

"မောင်မင်းဟာ သူ့ရဲ့ကောင်း တစ်ယောက်ပဲ။ ဒါ့ကြောင့် မောင်မင်းကို အခုအချိန်ကစပြီး စစ်သူကြီးရာထူး ခန့်လိုက်ပြီ။ ဒီမြင်းကို ယူသွားပြီး မဟာရာဘုရင်ကြီးကို သွားတိုက်ပေတော့"လို့ ခိုင်းစေလိုက်တယ်။

ဘုရင်ကြီးရဲ့ စကားကို ကြားတဲ့အခါ ဈေးသည်ကလေးဟာ အလွန်ကြောက်ရွံ့ထိတ်လန့်သွားတယ်။ ဘာစကားမှ ပြန်မလျှောက်တင်နိုင်တော့ဘူး။ အဲဒီနောက် ဘုရင်ကြီးကို -

"မှန်လှပါ အရှင်မင်းကြီး။ ကျွန်တော်မျိုး မဟာရာဘုရင်ကြီးကို တိုက်ခိုက်ချေမှုန်းဖို့ သွားပါ့မယ်။ ဒါပေမဲ့ ဒီညမှာ ကျွန်တော်မျိုးတစ်ဦးတည်း အရင်သွားပြီး လေ့လာစုံစမ်းပါရစေဦး။ ဒါမှသာ မဟာရာဘုရင်ကြီးရဲ့ တပ်အင်အား ဘယ်လောက်ရှိတယ်ဆိုတာ ကြိုတင်သိပြီး ဘယ်လိုတိုက်ရမယ်ဆိုတာ သိနိုင်မှာပါ။ ကျွန်တော်မျိုး အမြန်ဆုံး ပြန်လာပြီး ကျွန်တော့်တပ်ကို ဦးဆောင်ကာ ရန်သူတွေကို သွားရောက်တိုက်ခိုက်ပေးပါ့မယ်"လို့

ဈေးသည်ကလေးက လျှောက်တင်တယ်။

ဘုရင်ကြီးလည်း ဈေးသည်ကလေးရဲ့ လျှောက်တင်ချက်ကို သဘောတူလိုက်တယ်။

ဈေးသည်ကလေးလည်း အိမ်ကို စိတ်ပျက်စွာနှင့် ပြန်လာခဲ့ပြီး သူ့ဇနီးကို–

"မိန်းမရေ၊ ငါ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး။ ဘုရင်ကြီးက မဟူရာဘုရင်ကြီးနှင့် စစ်မက်ဖက်ပြိုင်ဖို့ ငါ့ကို စစ်သူကြီး ခန့်အပ်လိုက်ပြီ။ ငါ့ကို စစ်ပွဲမှာ စီးနင်းတိုက်ခိုက်ဖို့လည်း မြင်းကောင်းကောင်းတစ်စီးကိုလည်း ပေးတယ်။ ဒါပေမဲ့ ခက်တာက ငါမှမြင်းမှမစီးတတ်ဘဲ။ ငါ့မြည်းကိုသာ ငါက စီးတတ်တာ မင်းအသိပဲမဟုတ်လား။ မြင်းက ငါ့ကို သူ့ကျောပေါ်က ကန်ချလိမ့်မယ်" လို့ ပြောဆိုလေတယ်။

ခင်ပွန်းသည် လင်ယောကျ်ားရဲ့ စကားကိုကြားတဲ့အခါ ဇနီးဖြစ်သူက "ဒီကိစ္စနှင့် ပတ်သက်လို့ ရှင်ဘာမှ စိတ်မပူနဲ့။ ကျွန်မ ရှင့်ကို မြင်းကျောပေါ်က လိမ့်မကျအောင် မြင်းခါချလို့ မရအောင် ရှင့်ကိုယ်ကို ကြိုးနှင့်ချည်ထားပေးမယ်။ အဲဒီလိုဆို ရှင်စိတ်ချရပြီ" လို့ ဆိုကာ မြင်းကျောပေါ်မှာ သူ့ယောကျ်ားကို ကြိုးနှင့် သေသေချာချာ ချည်ထားပေးလိုက်လေတယ်။

ညမှောင်လာတဲ့အချိန် ရောက်ရှိလာတဲ့အခါမှာတော့ ဈေးသည်ကလေးဟာ မြင်းကိုစီးပြီး ထွက်ခွာသွားဖို့ ဟန်ပြင်တယ်။ အဲဒီအခါမှာ မြင်းက ခုန်ပေါက်ပြီး သူ့ကို ကျောပေါ်က လှုပ်ချတယ်။ မြင်းဟာ သူ့ကျောကုန်းပေါ်မှာ သူ့ကျောနှင့် ချည်ထားတဲ့ ဈေးသည်ကို လုံးဝ လိုလားပုံ မရဘူး။

"မိန်းမရေ လုပ်ပါဦး။ ငါလိမ့်ကျတော့မယ်"လို့ ဈေးသည်က လန့်ပြီးအော်နေတယ်။

"ရှင် ငြိမ်ငြိမ်ကလေးသာနေပါ။ ဘာမှမလုပ်ပါနဲ့"လို့ ဇနီးဖြစ်သူက အကြံပေးတယ်။

မြင်းလည်း ဆက်လက်ခုန်ပေါက်ပြီး ဈေးသည်ကလေးကို ခါချနေတယ်။ ဈေးသည်ကလေးဟာ သူ့ကိုယ်နဲ့ မြင်းကို ကြိုးနှင့် ချည်တုပ်ထားတဲ့အတွက် မြေပေါ်ကို ဘယ်ကျပါ့မလဲ။ အဲဒီလိုနဲ့ မြင်းဟာ ဈေးသည်ကလေးကို ကျောပေါ်တင်ပြီး ခုန်ပေါက်သွားလိုက်တာ ခရီးတော်တော်ဝေးဝေးကို ရောက်ရှိသွားတော့တယ်။ မြင်းဟာ တောင်ကုန်းတွေ၊ ယာကွင်းတွေကိုဖြတ်ပြီး လာခဲ့တယ်။ သစ်တောထဲကိုလည်း ကဆုန်စိုင်း ပြေးသွားတယ်။ တံတားတွေ့ရင်လည်း တံတားပေါ်ကို တဝုန်းဝုန်းနှင့် အပြင်းပြေးသွားတယ်။ မြင်းဟာ ဘယ်လောက်မြန်သလဲဆိုရင် လေထဲမှာ ပျံနေတဲ့ မြင်းပျံကြီးအလား ထင်ရတယ်။

ဈေးသည်က ကြောက်လန့်တကြားနှင့် "ရပ်ပါတော့ ရပ်ပါတော့"လို့ မြင်းပေါ်ကနေ အသံကုန်အော်ဟစ်နေတယ်။ ဒါပေမဲ့ မြင်းဟာ လုံးဝမရပ်ဘူး။ မြန်သထက်မြန်မြန်သာ ပြေးနေတော့တယ်။

တစ်ခါတော့ မြင်းဟာ တောကြီးတစ်ခုထဲကို အရှိန်ပြင်းပြင်းနဲ့ ပြေးနေတုန်းမှာ ဈေးသည်ဟာ မြင်းကိုရပ်ဖို့ သစ်ပင်တစ်ပင်ကို လှမ်းဆွဲလိုက်တယ်။ သူ့အထင်မှာတော့ သစ်ပင်ကိုဆွဲထားရင် မြင်းဟာ သူ့အလိုလို ရပ်တန့်သွားမယ်လို့ ထင်တာကိုး။ ဒါပေမဲ့ မြင်းက ရပ်မသွားခဲ့ဘဲ မြေကြီးက ပျော့နေတဲ့အတွက်



သူ့လက်ထဲကို သစ်ပင်ကြီးဟာ အမြစ်ပါ ကျွတ်ပြီးပါလာခဲ့တယ်။

မကြာခင်မှာဘဲ သူ့ဘယ်လိုမှ မမျှော်မှန်းနိုင်ဘဲ မထင်မှတ်ဘဲ ဈေးသည်ကလေးဟာ သူ့မြင်းကြီးနှင့်အတူ သစ်ပင်ကြီးကို လက်မှကိုင်လျက်နဲ့ ရွက်ထည်တဲကြီးတစ်ခုကို အရှိန်နှင့် ဝင်တိုးသွားတော့တယ်။ အမှန်တော့ အဲဒီရွက်ထည်တဲကြီးဟာ သူနဲ့စစ်မက်ဖက်ပြိုင်မယ့် မဟူရာဘုရင်ကြီးရဲ့ စခန်းချနေတဲ့ ယာယီတဲနန်းကြီးဖြစ်နေတယ်။

ဘုရင့်စစ်သည်တော်တွေဟာ ကြီးမားတဲ့ မြင်းကြီးကိုစီးပြီး လက်ထဲမှာ အမြစ်တွေပွာလရာကျဲစွာနှင့် သစ်ပင်ကြီးကို ဆွဲကိုင်ထားတဲ့ ဈေးသည်ကလေးကို ရုတ်တရက် မြင်တွေ့လိုက်တယ်ဆိုရင်ပဲ ဒါဟာ သူတို့နှင့် စစ်မက်ဖက်ပြိုင်မယ့် စစ်တပ်က စစ်သားတစ်ဦးလို့ ထင်မှတ်သွားကြတယ်။

စစ်သည်တွေက အလန့်တကြားနှင့် -

"ကြည့်စမ်း။ အလွန်ကြီးမားတဲ့ မြင်းကြီးပေါ်မှာ ခွန်အားကြီးမားတဲ့ စစ်သည်တော်တစ်ဦး မဟုတ်လား။ မြင်းကြီးကို စီးလာလိုက်တာ အံ့ဖွယ်ပါကလား။ သစ်ပင်ကြီးကို သစ်ငုပ်ပါပါလာအောင် ဆွဲနုတ်လာနိုင်တာကြည့်ရင် ဘယ်လောက်ခွန်အားကြီးမားလိုက်ပါသလဲ။ သူတောင် ဒီလောက် အားခွန်ဗလနှင့် ရဲစွမ်းသတ္တိရှိရင် သူ့နောက်မှာရှိတဲ့ စစ်တပ်ဟာ ဘယ်လောက်ကြီးမားလိုက်မလဲ။ ငါတို့ အဲဒီစစ်တပ်ကြီးနဲ့ စစ်သည်တော်တွေ ဖက်ပြိုင်စစ်ခင်းလို့ မဖြစ်ချေဘူး။ ပြေးမှတော်မယ်။ ကဲ ပြေးကြစို့"လို့ ထိတ်လန့်တကြား ကြောက်ရွံ့ကြကာ ထွက်ပြေးကြလေတယ်။

ဈေးသည်ကလေးဟာ မြင်းကြီးနှင့်အတူ တဲနန်းထဲ ရောက်ရှိလာတဲ့အချိန်မှာ မြင်းဟာ အရှိန်နဲ့ တုံ့ခနဲ ရပ်သွားတဲ့ အတွက် ဈေးသည်ကလေးနှင့်မြင်းကို ချည်ထားတဲ့ကြိုးတွေဟာ ပြတ်တောက်သွားပြီး ဈေးသည်ဟာ မြေကြီးပေါ်ကို ကျသွား တယ်။ သူဟာ တဲအတွင်းကြည့်လိုက်တဲ့အခါ သူ့ကိုကြောက်လို့ အားလုံး ထွက်ပြေးသွားလိုက်တာ ဘယ်သူမှ မရှိတော့တာကို တွေ့လိုက်ရတယ်။ တဲနန်းကြီးအတွင်းမှာတော့ ဘုရင့်ရဲ့ရွှေတွေ၊ အဖိုးတန်အဝတ်အထည်တွေ၊ စားသောက်ဖွယ်ရာတွေ ကျန်ခဲ့ တာပေါ့။

ဈေးသည်ကလေးဟာ ခရီးနှင်လာရလို့ သိပ်မောပန်းလာ တဲ့အတွက် မြင်းကို သစ်ပင်တစ်ပင်မှာချည်ပြီး တစ်ရေးတစ်မော အိပ်ပစ်လိုက်တယ်။ အိပ်ရာကနိုးတဲ့အခါ အဆင်သင့်ဖြစ်နေတဲ့ စားကောင်းသောက်ဖွယ်တွေကို အားရပါးရစားတယ်။ အဲဒီနောက် ရွှေတွေကို အိတ်တွေထဲထည့်ကာ မြင်းကျောပေါ်တင်ပြီး ကြိုးနဲ့ ချည်ကာ ပြန်လာခဲ့တယ်။ ဒီအခါမှာတော့ သူဟာ မြင်းကို မစီး လာတော့ဘူး။ မြင်းနဖားကြိုးကိုဆွဲကာ သူက လမ်းလျှောက်ပြီး လိုက်ခဲ့တယ်။

ညအချိန်မှာ ဈေးသည်ဟာ သူ့အိမ်ကို ပြန်လည်ရောက်ရှိ လာတယ်။ သူဟာ မြင်းနှင့် ရွှေတွေကို အိမ်မှာသိမ်းဆည်းထား လိုက်တယ်။ မနက်မှ ဘုရင်ကြီးကို လာရောက်တွေ့မယ်ဆိုတဲ့ အကြောင်း အကြောင်းကြားလိုက်တယ်။

နောက်တစ်နေ့ မနက်စောစောမှာ ဘုရင်ကြီးဆီသို့ လာခဲ့ တယ်။ ဘုရင်ကြီးနှင့်တကွ စစ်သည်ရဲမက်တွေ၊ နန်းတွင်းသူ၊

နန်းတွင်းသားတွေက သူတို့ရဲ့ စစ်သူကြီးကို သောင်းသောင်းဖျဖျ ကြိုဆိုကြတယ်။

နန်းတွင်းသူ နန်းတွင်းသားတွေဟာ ဈေးသည်ကလေးကို ကြည့်ပြီး "ငါတို့စစ်သူကြီးဟာ သူရသတ္တိနဲ့ပြည့်စုံတယ်။ မဟူရာ ဘုရင်ကြီးရဲ့ ရဲမက်တွေကို အဝေးကိုလွင့်သွားအောင် တိုက်ခိုက် မောင်းထုတ်နိုင်တယ်။ သူဒီလို သတ္တိရှိစွာနဲ့ အောင်မြင်မှု သရဖူကို ဆောင်းလာခဲ့ပေမဲ့ မဝင့်ကြွားဘူး။ ဂုဏ်မမောက်ဘူး ကြည့်ပါ လား။ မြင်းကိုတောင် မစီးဘဲ ခြေလျင်လျှောက်လှမ်းလာတယ် လေ"လို့ ချီးမွမ်းပြောဆိုကြတယ်။ သူတို့ဟာ ဈေးသည်ကလေး ကို မြင်းကိုမစီးတတ်လို့ ခြေလျင်လျှောက်လာမှန်းမသိကြဘူးလေ။



ဘုရင်ကြီးက ဈေးသည်ကလေးကို-

"ကဲ...မောင်မင်းရဲ့ အောင်မြင်မှုအတွက် မောင်မင်း ဘာလိုချင်သလဲ တောင်းပါ" လို့ မိန့်ဆိုတယ်။

အဲဒီအခါ ဈေးသည်ကလေးက -

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးလိုချင်တာကတော့ ကျွန်တော်မျိုးအစား တစ်ဦးဦးကို စစ်သူကြီးခန့်ထားဖို့နှင့် ကျွန်တော်မျိုး အိမ်ကလေးကို ပြန်နေခွင့်ပြုဖို့ပါပဲ။ ကျွန်တော်မျိုး ဇနီးမယားနဲ့ ကျွန်တော်မျိုး မြည်းကလေးနှင့်ပဲ အတူတူနေချင်ပါတယ်" လို့ လျှောက်တင်လေတယ်။

ဈေးသည်ကလေးရဲ့ လျှောက်တင်တဲ့စကားကို ကြားတဲ့အခါ ဘုရင်ကြီးဟာ အလွန်အံ့ဩသွားပြီး "မောင်မင်းဟာ တော်တော်ဆန်းတဲ့သူပဲ။ ဒါပေမဲ့ မောင်မင်းဆန္ဒအတိုင်း ဖြစ်စေရမယ်" လို့ မိန့်ဆိုလိုက်လေတယ်။

အဲဒီလိုနဲ့ ဈေးသည်ကလေးဟာ သူ့အိမ်ကို ပြန်လာတယ်။ သူဟာ ဘယ်တော့မှ စစ်ပွဲကို မသွားရောက်တော့ဘူးတဲ့။ သူ့ဇနီးမယားနဲ့အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားလေသတဲ့။ ။

[ Friendly Tales စာအုပ်မှ The Pediar Goes to War. ]

## မိုက်မဲတဲ့ မျောက်များ
[ အိန္ဒိယပုံပြင် ]

ကလေးတို့ရေ…

တစ်ခါက တောကြီးတစ်ခုထဲမှာ မျောက်များစွာ နေထိုင်ကြသတဲ့။ တောရဲ့အလယ်မှာတော့ အလွန်နက်တဲ့ ရေကန်ကြီးတစ်ကန် ရှိနေတယ်။

မျောက်ငယ်တွေဟာ တစ်ကောင်နဲ့တစ်ကောင် တည့်ကြတယ်မရှိဘဲ အစဉ်အမြဲ ရန်ဖြစ်နေကြသတဲ့။ သူတို့ဟာ တစ်နေ့တစ်နေ့ ငြင်းခုံအချင်းများနေကြတာနဲ့ အချိန်ဖြုန်းနေကြတယ်။

မျောက်ကြီးတွေက မျောက်ငယ်တွေကိုကြည့်ကာ သူတို့အတွက် စိုးရိမ်ပူပန်နေကြတယ်။ သူတို့ဘဝအတွက် ရင်လေးနေမိကြတယ်။ သူတို့ရဲ့ ဘဝလမ်းကို လျှောက်လှမ်းနိုင်ကြမှာ မဟုတ်ဘူးလို့လည်း ထင်မိကြတယ်။

မျောက်ကြီးတွေက မျောက်ငယ်တွေကို -

"မင်းတို့ဟာ သိပ်ငယ်သေးလို့ အရာရာကို သိပ်မသိ



သေးဘူး။ ဒါကြောင့် မှားတယ် မှန်တယ်ဆိုတာ ဝေခွဲလို့မရနိုင်သေးဘူး။ ဒါကြောင့် တစ်ခုခုလုပ်မယ်ဆိုရင် တို့ကို အရင်ဦးဆုံး တိုင်ပင်ကြရမယ်။ ပြောပြကြရမယ်"လို့ ဆုံးမတယ်။

အဲဒီလို မျောက်ကြီးတွေရဲ့ ဆုံးမမှုကို မျောက်ငယ်တွေက မနာယူကြဘဲ -

"ကျွန်တော်တို့အဖွဲ့ ရှိပါတယ်။ ကျွန်တော်တို့ ကြိုက်တာကို ကျွန်တော်တို့ လုပ်နိုင်ပါတယ်။ ကျွန်တော်တို့ တတ်နိုင်စွမ်းရှိတယ်ဆိုတာ တစ်နေ့ပြမယ်"လို့ပင် သူတို့ကိုယ်သူတို့ အထင်ကြီးစွာနဲ့ ပြောဆိုလေတယ်။

တစ်ညမှာတော့ မျောက်ငယ်တို့ရဲ့ ခေါင်းဆောင်မျောက်ဟာ အိပ်ရာမှနိုးလာပြီး ကြည့်လိုက်တဲ့အခါ ရေကန်ကြီးထဲမှာ ဝိုင်းဝိုင်းစက်စက်လမင်းကြီးကို တွေ့လိုက်ရလေတယ်။ ရေကန်ထဲ

မှာ လဝန်းကြီးဟာ ရွှန်းလဲ့ဝင်းပနေတယ်။ မျောက်ခေါင်းဆောင်က ရေကန်ထဲက လမင်းကြီးကိုပဲမြင်ပြီး ကောင်းကင်က လမင်းကြီးကို သစ်ပင်ကွယ်နေတာမို့ မမြင်ဘူးဖြစ်နေတယ်။ သူဟာ သူ့သူငယ်ချင်းမျောက်တွေဆီ ပြေးသွားပြီး -

"ကဲ…သူငယ်ချင်းတို့ ထကြ ထကြ။ လမင်းကြီး ရေကန်ထဲ ထိုးကျနေတယ်။ တခြားသူတွေမတွေ့မမြင်ခင် ငါတို့က ဦးအောင် ရေကန်ထဲက လမင်းကြီးကို ဆယ်ယူကြရအောင်" လို့ ပြောဆိုလေတယ်။

မျောက်ငယ်တွေလည်း ဝမ်းသာအားရစွာနဲ့ "အိုး… ကောင်းလိုက်တဲ့ အကြံဉာဏ်ပဲ" လို့ ပြောဆိုကြတယ်။

"ငါတို့တွေသာ လမင်းကြီးကို ရေကန်ထဲကဆယ်ပြီး ကောင်းကင်မှာ ပြန်ထားနိုင်ရင် သက်ကြီးမျောက်အိုတွေက သူတို့လိုပဲ ငါတို့ကိုလည်း ဉာဏ်အမြော်အမြင် ကြီးပါပေတယ်လို့ ချီးကျူးကြမှာအမှန်ပဲ။ ငါတို့ကို အထင်သေးလို့မရတော့ဘူး" လို့ မျောက်ငယ်တွေကဆိုကာ သူတို့အားလုံး ရေကန်ဆီသို့ လာခဲ့ကြလေတယ်။ ညအမှောင်ထဲမှာမို့ ရေကန်ထဲမှာ လမင်းကြီးဟာ ဝင်းဝင်းပပရှိနေတယ်။ သူတို့ဟာ ကောင်းကင်ပေါ်က လကိုတော့ ကြည့်တောင် မကြည့်ကြဘူးတဲ့။

"ရေကန်ထဲဆင်းဖို့ဆိုရင် လှေကားလိုတယ်ကွ" လို့ မျောက်ခေါင်းဆောင်က ဆိုတယ်။

ဒါကြောင့် အားခွန်ဗလကောင်းတဲ့ မျောက်က ရေကန်အစပ်က သစ်ပင်တစ်ပင်ပေါ်တက်သွားပြီး သစ်ကိုင်းကို ရေပြင်ထိရောက်အောင် ညွတ်ချလိုက်တယ်။ ဒါပေမဲ့ သစ်ကိုင်းက

ရေကန်နဲ့ ဝေးနေသေးတာမို့ နောက်ကမျောက်တစ်ကောင်က ပထမ မျောက်ခိုနေတဲ့ သစ်ကိုင်းပေါ်တက်ကာ ပထမမျောက်ရဲ့ အမြီး နားမှာ ထိုင်ချလိုက်တယ်။ သစ်ကိုင်းက ပိုညွတ်သွားတယ်။ ဒီလိုနဲ့ တတိယအကောင်၊ စတုတ္ထအကောင် စသည်ဖြင့် သစ်ကိုင်း ရေပြင်နဲ့ နီးလာအောင် တစ်ကောင်ပြီးတစ်ကောင် သစ်ကိုင်းပေါ် တက်လာလိုက်ကြတာ မကြာမီ သစ်ကိုင်းကြီးဟာ ညွတ်ကျလာ ပြီး ရေပြင်နဲ့ကပ်သွားတော့တယ်။ မျောက်ငယ်တွေဟာ သစ်ကိုင်း ဖျားမှ သစ်ကိုင်းနားအထိ တန်းစီခိုတွယ်နေကြကာ ရှေ့ဆုံးက နောက်က ရေပြင်နဲ့ အနီးဆုံးသူမို့ ရေထဲက လမင်းကြီးကို ဆယ် ယူဖို့ လက်လှမ်းလိုက်လေတယ်။ အဲဒီအချိန်မှာပဲ သစ်ကိုင်းကြီး ဟာ မျောက်တွေရဲ့အလေးချိန်ကို ခံနိုင်ရည်မရှိတော့ဘဲ 'ကျွတ်' ခနဲမြည်ကာ ထက်ပိုင်းကျိုးသွားပြီး ရေထဲသို့ မျောက်တွေနဲ့အတူ 'ဝုန်း'ခနဲ ကျသွားလေတယ်။ ရေကန်ထဲ မျောက်တွေပြုတ်ကျတဲ့ အသံဟာ တစ်တောလုံး ညံသွားပြီး အဆိုပါအသံကို သက်ကြီး မျောက်တွေက ကြားသွားတယ်။ မျောက်ကြီးတွေက ရေကန်ဆီ အပြေးလာရောက်ပြီး ရေကန်ထဲမှ မျောက်တွေကို တစ်ကောင်ပြီး တစ်ကောင် လမ်းပေါ်သို့ ဆယ်တင်ကြတယ်။

ဒါပေမဲ့ မျောက်ငယ်တွေရဲ့ ခေါင်းဆောင်ကိုတော့ ရှာလို့ မတွေ့တော့ဘူး။ ရေကန်ထဲမှာ ရေနစ်သေဆုံးသွားပြီ ဖြစ်တယ်။

မျောက်ငယ်တွေဟာ သူတို့လုပ်ရပ်အတွက် မှားမှန်းသိ ကာ သက်ကြီးစကား နားမထောင်မိတာ မှားလေခြင်းဆိုပြီး နောင်တရလို့မဆုံးတော့ဘူးတဲ့ကွယ်။ ။

[Blackie's English Study Readers စာအုပ်မှ The Foolish Monkeys.]

## ရတနာဖိနပ်ကလေးတစ်ရန်
[ ဗီယက်နမ်ပုံပြင် ]

တစ်ခါက ဗီယက်နမ်နိုင်ငံတွင် 'ကမ်'နှင့် 'တမ်' ညီအစ်မနှစ်ဦး ရှိလေသည်။ 'ကမ်'မှာ ရုပ်ရည်ချောမော၍ 'တမ်' မှာ အရုပ်ဆိုးသည်။ 'ကမ်'မှာမူ ရုပ်ရည်ချောမော၍ အစဉ်အမြဲ ပျော်ရွှင်နေကာ 'တမ်'မှာမူ သူ့အကျည်းတန်သော ရုပ်ရည်ကြောင့် စိတ်ညစ်ညူး လျက်ရှိသည်။

တစ်နေ့တွင် သူတို့မိခင်က သူတို့အား ညစာအတွက် ငါး အရှာထွက်ရန် စေလွှတ်လိုက်ပြီး -

"သမီးတို့နှစ်ယောက် ဘယ်သူက ငါးပိုဖမ်းနိုင်သလဲ ကြည့်ရအောင်။ ငါးပိုမိုဖမ်းယူတဲ့သူကို ကျောက်လည်ဆွဲတစ်ကုံး ဆုချမယ်"ဟု ပြောဆိုလေသည်။

ဤသို့ဖြင့် ကမ်နှင့် တမ်တို့သည် ပိုက်ကွန်များကိုယူဆောင်ကာ မြစ်ကမ်းစပ်သို့ လာခဲ့ကြလေသည်။ မကြာမီ ကမ်



သည် ငါးကိုးကောင်ကို ဖမ်းယူရရှိကာ တမ်က တစ်ကောင်တည်းကိုသာ ဖမ်းဆီးရမိလေသည်။ တမ်သည် ကျောက်လည်ဆွဲရတနာကို အလွန် လိုချင်သူ ဖြစ်သည်။ ယခု သူသည် ငါးတစ်ကောင်တည်းကိုသာ ဖမ်းဆီးရမိ၍ လည်ဆွဲရတနာကို သူ့အစ်မ ပိုင်ဆိုင်ရတော့မည် ဖြစ်သည်။ ထို့ကြောင့် သူသည် အကောက်ကြံကာ လည်ဆွဲရတနာ ရယူနိုင်မည့် နည်းလမ်းကို စဉ်းစားကြံစည်လေသည်။ နောက်ဆုံးတွင် သူသည် အကြံတစ်ခုရရှိသွားကာ သူ့အစ်မ တမ်အား-

"အစ်မ ဟိုရေပေါ်မှာကြည့်စမ်း ကြာပန်းတွေသိပ်လှတာပဲ။ အစ်မ အမေ့အတွက် သွားခူးပါလား" ဟု ဆိုလေသည်။

ကမ်သည် သူ့ပိုက်ကို ချေတ္တချကာ ရေထဲဆင်း၍ ကြာပန်းကို ခူးဆွတ်လေသည်။ သူသည် ကြာပန်းများကိုယူပြီး ပြန်အလာတွင် သူ့ခြင်းထဲ၌ သူဖမ်းဆီးရမိသည့်ငါးများ တစ်ကောင်မျှမရှိတော့ပေ။ တမ်ကား သူ့ငါးအားလုံးကို ယူဆောင်ကာ အိမ်သို့ပြေးလေပြီ။

ထိုအချိန်တွင် အသံတစ်သံကြားလိုက်ရပြီး "တစ်နေ့ကျသင်ဟာ မင်းသားလေးတစ်ပါးနဲ့ လက်ဆက်ရပြီး ကြီးမားတဲ့

အိမ်ကြီးတစ်ဆောင်နဲ့ နေထိုင်ရလိမ့်မယ်။ သင့်ရဲ့ခြင်းထဲကို ကြည့်လိုက်ပါ။ အပြာရောင် ငါးသေးကလေးတစ်ကောင်ကို တွေ့ရလိမ့်မယ်။ အဲဒီငါးလေးကို သေသေချာချာ စောင့်ရှောက်ထားပါ''ဟု ဆက်လက်ပြောဆိုလေသည်။

သူသည် အသံရှင်အား ရှာဖွေသော်လည်း မတွေ့ရပေ။ ထို့နောက် ကမ်သည် သူ့ခြင်းထဲသို့ ကြည့်လိုက်ရာ အသံရှင်ပြောသည့်အတိုင်း ခြင်းထဲတွင် အပြာရောင်ငါးကလေးတစ်ကောင်ကို တွေ့မြင်လိုက်ရလေသည်။

''ကျွန်မ ဒီငါးကလေးကို စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ်''ဟု ကမ်က ဆိုလိုက်သည်။

ထို့နောက် ကမ်သည် ငါးကလေးအား အိမ်သို့ယူဆောင်သွားလေသည်။ အိမ်တွင် တမ်ကား ရောက်ရှိနေပြီ။ သူ့လည်ပင်းတွင် ကျောက်လည်ဆွဲရတနာကို ဝတ်ဆင်ထားသည်။ ကမ်သည် ဝမ်းမနည်းပေ။ သူသည် အပြာရောင်ငါးကလေးတစ်ကောင် ရရှိထား၍ ပျော်နေပြီ ဖြစ်သည်။





ထို့နောက် တမ်က ကမ်အား ထင်းခွေ ထွက်ရန် ပြောဆိုလေသည်။ ကမ်လည်း တောထဲသို့ ထင်းခွေရန် ထွက်သွားလေသည်။ ကမ်သည် ထင်းများကိုပိုက်၍ အိမ်ပြန်ရောက်သော်သူ့ အပြာရောင်ငါးကလေးမှာ ခြင်းထဲတွင် မရှိတော့ပေ။

တမ်သည် ငါးကလေးကိုသတ်ကာ အရိုးများကို သစ်ပင်ကြီးတစ်ပင်အောက်တွင် မြှုပ်ထားလေသည်။

ကမ်ကား သူ့ငါးကလေး မရှိတော့၍ များစွာဝမ်းနည်းသွားသည်။ ထိုအချိန်တွင် အသံတစ်သံ ကြားလိုက်ရပြီး -

"သစ်ပင်ကြီးအောက်ကို သွားပြီးတူးပါ" ဟု သူ့ကို စေခိုင်းလေသည်။ ကမ်လည်း အသံရှင်ပြောကြားသည့်အတိုင်း သစ်ပင်ကြီးအောက်သို့သွားကာ မြေကို တူးဆွလေသည်။ ထိုအခါ ငါးရိုးများပေါ်လာလေသည်။ အပြာရောင်ငါးကလေး၏ အရိုးများဖြစ်လေသည်။ ထို့နောက် မမြင်ရသော အသံရှင်က ထပ်မံ၍-

"အဲဒီငါးအရိုးတွေကိုယူပြီး သင့်အိပ်ရာအောက်မှာထားပါ။ ရက်တစ်ရာပြည့်တဲ့အထိ စောင့်ကြည့်ပါ။ ရက်တစ်ရာပြည့်



လို့ အိပ်ရာအောက်ကိုကြည့်လိုက်ရင် တစ်စုံတစ်ရာကို တွေ့ရပါလိမ့်မယ်"ဟု ဆိုလေသည်။

ထိုသို့ဖြင့် ရက်တစ်ရာပြည့်သော် ကမ်သည် အိပ်ရာအောက်သို့ ကြည့်လိုက်ရာ အောက်တွင် ငါးရိုးများ မရှိတော့သည်ကို တွေ့ရလေသည်။ ငါးရိုးများနေရာတွင် အလွန်လှပသော ဖိနပ်ကလေးတစ်ရန်ကိုသာ ထူးဆန်းစွာတွေ့မြင်ရလေသည်။ ဖိနပ်ကလေးကို အရောင်တောက်လက်သော ရတနာများဖြင့် စီခြယ်ထားသည်။ ကမ်သည် ဖိနပ်ကလေးကိုစီးကြည့်ရာ သူ့ခြေထောက်နှင့် အံဝင်ခွင်ကျဖြစ်နေသည်။

ကမ်သည် ဖိနပ်ကလေးကို နေ့စဉ်စီးသည်။ တစ်နေ့တွင် ကမ်သည် ယာထဲတွင် အလုပ်လုပ်နေသည်။ သူ့ဖိနပ်ကလေးကို လမ်းဘေးတစ်နေရာတွင် ချွတ်ထားခဲ့သည်။ ထိုအချိန်တွင် အလွန်ကြီးမားသော ငှက်ကြီးတစ်ကောင်သည် ထိုးဆင်းလာပြီး ကမ်၏ ဖိနပ်တစ်ဖက်ကို ဘုရင်တစ်ပါး၏ နန်းဥယျာဉ်ထဲသို့ ပစ်ချလိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် ဘုရင်ကြီး၏ သားတော်မောင် မင်းသားလေးသည် ဥယျာဉ်ထဲတွင်ကျနေသော အလွန်လှသည့် ဖိနပ်ကလေးတစ်ဖက်ကို တွေ့ရှိသွားလေသည်။ ထိုအချိန်တွင် မင်းသားကလေးမှာ ကြင်ရာတော်အား မည်သို့ရွေးရမည်ကို ကြံမရ ဖြစ်နေချိန် ဖြစ်သည်။ ဖိနပ်ကလေးကို တွေ့ရှိသောအခါ ကြင်ရာတော် ရွေးရမည့်နည်းလမ်းကို တွေ့ရှိသွားလေသည်။ ဤ ဖိနပ်ကလေးတစ်ဖက်နှင့် တော်မည့် ခြေထောက်ပိုင်ရှင် အမျိုး သမီးသာ သူ့အတွက် ကြင်ရာတော်အစစ်အမှန် ဧကန်ဖြစ်ရမည်ဟု မင်းသားသည် တွေးမိသွားသည်။ ထို့ကြောင့် မင်းသားလေးသည် "ရတနာ စီခြယ်ထားသော ဖိနပ်ကလေးနှင့် အံဝင်ခွင်ကျဖြစ်မည့် သူ မည်သည့်အမျိုးသမီးမဆို ကျွန်ုပ် ကြင်ရာတော်အဖြစ် လက် ဆက်တော်မူမည်" ဟူသော စာကို ရေးသား လက်မှတ်ထိုးကာ အရပ်လေးမျက်နှာသို့ ကြေညာမောင်းခတ်လေသည်။

မင်းသားလေး၏ ကြင်ရာတော်ရွေးပွဲသို့ မင်းနေပြည် အရပ်လေးမျက်နှာမှ ရာပေါင်းများစွာသော အမျိုးသမီးကြီးငယ်



များသည် လာရောက်ကြကာ ဖိနပ်ကလေးအား စီးနင်းကြည့်ကြသော်လည်း ဖိနပ်ကလေးနှင့်တော်သည့်သူ တစ်ဦးတစ်ယောက်မှ မရှိချေ။

မကြာမီ ကမ်အလှည့်သို့ ရောက်လာသည်။ ကမ်သည် မမြင်ရသော အသံရှင်ကလေးပြောကြားသည့် တစ်နေ့ သင်ဟာ မင်းသားလေးတစ်ပါးနှင့် လက်ဆက်ရပြီး ကြီးမားတဲ့ အိမ်ကြီးတစ်ဆောင်နဲ့ နေထိုင်ရလိမ့်မယ်" ဟူသော စကားကို သတိရသွားသည်။ ထို့နောက် သူသည် ဖိနပ်ကိုစီးကြည့်ရာ ဖိနပ်နှင့် သူ့ခြေထောက်ကလေးသည် အံဝင်ခွင်ကျဖြစ်နေသည်ကို တွေ့မြင်ရလေသည်။ ကမ်သည် သူယူဆောင်လာခဲ့သော သူ့တွင် ကျန်ရှိခဲ့သည့် ဖိနပ်တစ်ဖက်ကိုလည်း စီးနင်းပြလိုက်လေသည်။ ဖိနပ်ကလေးမှာ အရွယ်တူ၊ အသွေးအရောင်တူ၊ ရတနာစီခြယ်ထားပုံချင်းလည်း အားလုံးအတူတူပင်ဖြစ်၍ မင်းသားလေးမှာ အလွန်ပင် အံ့ဩသွားလေသည်။ သူသည် ကြင်ရာတော် အစစ်အမှန်ရ၍ များစွာ ပျော်ရွှင်သွားလေသည်။ ကမ်လည်း အလွန်ချော၊ အလွန်လှ၍ မင်းသားလေးမှာ ပျော်မဆုံး ဖြစ်နေသည်။

မကြာမီ မင်းသားလေးနှင့် ကမ်တို့၏ လက်ထပ်ပွဲသဘင်ကို နန်းတော်ရင်ပြင်ကြီးတွင် ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပရန် ရက်သတ်မှတ်လေသည်။ အစ်မဖြစ်သူ ကမ်က ဘုရင့်သားတော်၏ ကြင်ရာတော် မကြာမီ ဖြစ်တော့မည်ဖြစ်၍ တမ်မှာ ကမ်အား မနာလိုမရှုဆိတ်ဖြစ်လာလေသည်။ ကမ်အား ဒေါသဖြစ်မိလေသည်။ ထို့ကြောင့် သူသည် ကမ်အား မည်သို့ ဒုက္ခရောက်အောင် ပြုမူရမည်ဆိုသည်ကို ကြံပြန်လေသည်။

ထို့နောက် အကြီတစ်ခုရရှိသွားကာ တစ်နေ့တွင် ကမ်အား-

"အစ်မရေ ကျွန်မတို့ တောထဲသွားပြီး ပန်းတွေခူးရအောင်"ဟု ပူဆာလေသည်။ ထိုသို့ဖြင့် ကမ်နှင့် တမ်တို့သည် ပန်းခူးရန် တောထဲသို့ ထွက်လာခဲ့ကြလေသည်။ တောထဲသို့ ရောက်သော် တမ်သည် ကမ်၏ဦးခေါင်းအား ခဲဖြင့်ထုလိုက်လေသည်။ ကမ်သည် လဲကျသွားလေသည်။ တမ်သည် ကမ်အား တောထဲတွင် ပစ်ခဲ့ကာ အိမ်သို့ ပြန်လာခဲ့လေသည်။

ထိုအချိန်တွင် မင်းသားလေးမှာ ကမ်အား များစွာသတိရလျက်ရှိသည်။ သူသည် ကမ်အား နေရာအနှံ့ရှာသော်လည်း အချည်းနှီးပင်။ မင်းသားလေးမှာ သူသွားလေရာနေရာသို့ ကမ်၏ ရတနာဖိနပ်ကလေးအား အမြဲတစေ သယ်ဆောင်သွားလေသည်။

တစ်နေ့တွင် မင်းသားလေးသည် ကမ်အား ကယ်ဆယ်ထားသည့် အဘွား၏အိမ်နားသို့ ရောက်ရှိလာသည်။ သူသည်





ရေငတ်၍ အဘွားအိုထံ ရေတစ်ခွက် ခွင့်တောင်းရာ ကမ်က ရေယူလာပြီး မင်းသားလေးအား ပေးလေသည်။

မင်းသားလေးသည် ကမ်အားတွေ့သော် များစွာဝမ်းသာသွားလေသည်။ သို့သော် ကမ်ကမူ မင်းသားလေးအား လုံးဝ မမှတ်မိတော့ပေ။ ထို့နောက် မင်းသားလေးသည် အိတ်ထဲမှ ရတနာဖိနပ်ကလေးကို ဆွဲထုတ်ကာ ကမ်အား-

"စီးကြည့်ပါ" ဟု ပြောဆိုလေသည်။

ကမ်သည် ရတနာဖိနပ်ကလေးကို မြင်တွေ့သွားသော် အားလုံးကို ပြန်သတိရသွားသည်။ သူသည် ဖိနပ်ကလေးကိုစီးကြည့်ရာ ဖိနပ်ကလေးနှင့် သူ့ခြေထောက်သည် အံဝင်ခွင်ကျဖြစ်နေလေသည်။

နောက်တစ်နေ့တွင် မင်းသားလေးနှင့် ကမ်တို့သည် နန်းရင်ပြင်၌ လက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပကြလေသည်။ သူတို့ပျော်ရွှင်မှုခရီး၏ ပထမနေ့ပင်ဖြစ်သည်။ ထို့နောက် မင်းသားလေးနှင့် ကမ်တို့သည် အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြလေသည်။ ။

## ဟန်ဆောင်သော အပြာရောင်ခွေးအ,ကြီး
[ အိန္ဒိယပုံပြင် ]

ကလေးတို့ရေ…

တစ်နေ့မှာ ခွေးအ,ကြီးတစ်ကောင်ဟာ ဆေးဆိုးသမားတစ်ယောက်ရဲ့ အပြာရောင်ဆိုးဆေးတွေ ထည့်ထားတဲ့ စည်ကြီးထဲ ကျသွားလေတယ်။ ခွေးအ,ကြီး အပြင်သို့ထွက်ဖို့ ကြိုးစားပေမဲ့ အချည်းနှီးဖြစ်နေတယ်။

အဲဒီအခါ ခွေးအ,ကြီးက-

"ငါ စည်ကြီးထဲမှာနေပြီး သေချင်ယောင်ဆောင်နေမယ်။ မနက် ဆေးဆိုးသမားလာလို့ ငါ့ကိုတွေ့တဲ့အခါ စည်ထဲက ဆွဲထုတ်ပြီး လွှင့်ပစ်မှာပါ။ ဒါဆို ငါ သူ့အလိုလို အပြင်ကိုရောက်မှာပဲ"လို့ တွေးမိကာ ခွေးအ,ကြီးဟာ စည်ကြီးထဲမှာ သေချင်ယောင်ဆောင်ကာ နေလိုက်တယ်။

နောက်တစ်နေ့ မနက်မှာ ဆေးဆိုးသမားဟာ သူ့ရဲ့ ဆိုးဆေးစည်ကြီးဆီ ရောက်ရှိလာပြီး စည်ကြီးထဲသို့ ငုံ့ကြည့်လိုက်တဲ့

အခါ စည်ထဲမှာ သေချင်ယောင်ဆောင်နေတဲ့ ခွေးအ,ကြီးကို မြင်တွေ့သွားတယ်။

အဲဒီအခါ ဆေးဆိုးသမားက -

"အလို…ငါ့စည်ထဲမှာ ခွေးအ,ကြီးတစ်ကောင် သေနေပါကလား" လို့ ဆိုကာ ခွေးအ,ကြီးကို စည်ထဲမှာ ဆွဲထုတ်ပြီး သယ်ဆောင်ကာ တောထဲမှာ လွှင့်ပစ်ထားခဲ့လေတယ်။

ဆေးဆိုးသမား ပြန်သွားတဲ့အခါ ခွေးအ,ကြီးလည်း မြေကြီးပေါ်မှ လူးလဲထလိုက်တယ်။ အဲဒီအခါ သူ့ကိုယ်အသွေးအရောင်ဟာ လုံးဝပြောင်းလဲနေတာကို တွေ့ရတယ်။ အရင်က သူ့အသွေးအရောင်ဟာ မီးခိုးညိုရောင်ဖြစ်တယ်။ အခုတောက်ပတဲ့ အပြာရောင်ဖြစ်နေတယ်။ သူဟာ အပြာရောင်ဆိုးဆေးတွေ ထည့်ထားတဲ့ စည်ပိုင်းကြီးထဲကျသွားလို့ သူ့တစ်ကိုယ်လုံး အပြာရောင်ဖြစ်နေခြင်းဖြစ်တယ်။ သူဟာ သူ့ကိုယ်သူ လှည့်လည်ကြည့်ကာ ပီတိဖြစ်နေလေတယ်။

"ဒီအရောင်ကောင်းတယ်။ အပြာရောင် ခွေးအ,ကြီးမျိုးကို ဘယ်သူမှ မြင်ဖူးကြမှာမဟုတ်ဘူး။ ငါ့ကို တစ်ခြားတစ်ကောင်ပဲလို့ ထင်ကြလိမ့်မယ်။ အခု ငါ ခွေးအတွေရဲ့ အရှင်သခင်ဘုရင် လုပ်ရမယ်" လို့ ဆိုကာ ခွေးအ,ကြီးဟာ သူ့ရဲ့ခွေးအတွေကို ခေါ်လိုက်လေတယ်။ မကြာမီ ခွေးအ,တွေလည်း သူ့ထံသို့ စုရုံးရောက်ရှိလာကြလေတယ်။ အပြာရောင်ခွေးအကြီးက-

"အဆွေတို့၊ ကျွန်ုပ်ရဲ့ကိုယ်ကို ကြည့်စမ်းပါ။ ဘယ်လောက်လှသလဲလို့။ အဲဒါ ကျွန်ုပ်ကို တောစောင့်နတ်ကြီးက ဖန်ဆင်းပေးထားတာဖြစ်တယ်။ ဒါကြောင့် ကျွန်ုပ်ဟာ သင်တို့ရဲ့

ဘုရင်ကြီး ဖြစ်ထိုက်တယ်။ လူတွေထဲမှာဆိုရင် အပြာရောင်ကို ဘုရင်မှသာ ဝတ်ဆင်ကြရတယ်။ ဒါကြောင့် အခုအချိန်ကစပြီး သင်တို့ဟာ ကျွန်ုပ်ကို သင်တို့ရဲ့ အရှင်သခင်အဖြစ် အသိအမှတ် ပြုကြရမယ်''လို့ ပြောဆိုလေတယ်။

ဒီလိုနဲ့ အားလုံးသော ခွေးအတွေဟာ အပြာရောင်ခွေးအ ကြီးအား ဦးညွတ်ကာ သူတို့ရဲ့ ဘုရင်ကြီးအဖြစ် အသိအမှတ်ပြု လိုက်ကြလေတယ်။ မကြာခင် တောတွင်းရှိ တခြားတိရစ္ဆာန်တွေ ဟာ ထူးခြားတဲ့ အပြာရောင်အဆင်းရှိတဲ့ ခွေးအ,ကြီးအကြောင်း ကို ကြားသိသွားကြလေတယ်။

ခြင်္သေ့နှင့် ကျားတို့ကပင် -

''အပြာရောင်ခွေးအဆိုတာ ငါတို့ တစ်ခါမှ မကြားဖူး ဘူး။ အံ့သြစရာပဲ။ သူဟာ ငါတို့ရဲ့ဘုရင်ဖြစ်ထိုက်တယ်''လို့ ဆိုကာ ခွေးအ,ကြီးကို ဘုရင်အဖြစ် အသိအမှတ်ပြုလိုက်ကြတယ်။

ခွေးအ,ကြီးရဲ့ ကိုယ်ပေါ်ရှိ တောက်ပတဲ့ အပြာရောင်က ခြင်္သေ့ကြီးနဲ့ ကျားကြီးတို့ကို မျက်စိမှောက်မှားစေကာ သူ့ကို ခွေးအ တစ်ကောင်မှန်း မသိရှိအောင် ဖန်တီးထားသလို ဖြစ်နေတယ်။

အဲဒီအချိန်ကစပြီး အပြာရောင်ခွေးအ,ကြီးဟာ စိတ်ကြီး ဝင်ကာ ဂုဏ်ယူဝင့်ကြွားနေလေတယ်။ သူဟာ ဦးခေါင်းကို မြင့် မြင့်မော့ကာ တောတွင်းမှာ လှည့်လည်ပြီး ကြွားလုံးထုတ်နေလေ တယ်။

နောက်ဆုံး သူဟာ ဂုဏ်မောက်မှု အရှိန်မြင့်လာပြီး သူနဲ့ ဘဝတူ ခွေးအတွေကိုပင် အဖက်လုပ်ပြီး စကားမပြောဆိုတော့ ပေ။ မတူမတန်လို့ ယူဆလာလေတယ်။ သူဟာ ခြင်္သေ့၊ ကျားတို့



နဲ့သာ အဖက်လုပ်ပြီး စကားပြောဆိုလေတယ်။

အဲဒီအခါ ခွေးအတွေက ဒေါသဖြစ်ပြီး -

"ဒီကောင် တော်တော်ဘဝင်မြင့်နေတယ်။ ငါတို့ကို တောင် ဆေးဖော်ကြောဖက် မလုပ်တော့ဘူး။ သူလည်း ငါတို့လို ခွေးအတစ်ကောင်ပဲ မဟုတ်လား။ ဘာဘဝင်မြင့်စရာရှိသလဲ" လို့ တစ်ကောင်နဲ့တစ်ကောင် ပြောဆိုကုန်ကြလေတယ်။

အဲဒီအခါ အလွန်ပညာရှိတဲ့ ခွေးအ,ကြီးက -

"ဘာမှမပူပါနဲ့။ ဒီခွေးအ မာန်စွယ်ကို ချိုးပေးမယ်။ အမှန်က သူ့ကိုယ်ပေါ်ကအရောင်က သူ့ကို မာန်တက်စေတာဖြစ် တယ်။ အဲဒီတောက်ပတဲ့ အပြာရောင်က ခြသေ့်နဲ့ကျားကို မျက်စိ

မှောက်မှားစေပြီး ထူးဆန်းတဲ့သတ္တဝါအဖြစ် ထင်မြင်အောင် ဖြား ယောင်းခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ခြင်္သေ့နဲ့ ကျားတို့ဟာ အခုအထိ သူ့ကို ခွေးအတစ်ကောင်မှန်း မသိရှိသေးဘူး။ ကျွန်ုပ်က သူ့ရဲ့ အစစ်အမှန် အရောင်အသွေးဟာ ဘာလဲဆိုတာ ထုတ်ဖော် ပြသမှာဖြစ်တယ်။ ကဲ…အခု ကျွန်ုပ်တို့ သူတို့ဆီ အူသံပေးပြီး သွားကြရအောင်။ ကျွန်ုပ်တို့ရဲ့ အူသံကိုကြားရင် ဒီခွေးအဟာ လည်း နေမှာ မဟုတ်ဘူး။ ပြန်အူသံပေးမှာ သေချာတယ်။ ဒါဆို သူဟာ ခွေးအ,တစ်ကောင်မှန်း အဖြေမှန်ပေါ်လာလိမ့်မယ်။ သူ့ရဲ့ ဟန်ဆောင်မှုတွေအားလုံး ကွာကျပြီး နဂိုဇာတိရုပ် ပြန်ပေါ်လာ မယ်။ ဒါဆို သူ့မှာနက်ကျိုးပြီပဲ"လို့ ပြောဆိုလေတယ်။

အဲဒီလို ခွေးအတွေဟာ ပညာရှိခွေးအ,ကြီးရဲ့ ပြောဆို အကြံပေးတဲ့အတိုင်း အူသံပေးကာ အပြာရောင်ခွေးအ,ကြီးဆီသို့ ထွက်ခွာလာခဲ့ကြလေတယ်။

ခွေးအတွေရဲ့ အူသံကြားတဲ့အခါ တောဘုရင်ခွေးအ,ကြီး လည်း မနေနိုင်မထိုင်နိုင်ဖြစ်ကာ သူ့ဟန်ဆောင်မှုကို မေ့လျော့ပြီး ပြန်အူသံပေးလိုက်လေတယ်။ အဲဒီအခါ သူ့အနီးအနားမှာ ရောက် နေတဲ့ ကျားကြီးက -

"အမှန်တော့ ဒီကောင်ဟာ ခွေးအ,တစ်ကောင်ပဲ"လို့ ဆိုကာ ခွေးအ,ပေါ်သို့ ခုန်အုပ်ပြီး ခွေးအ,ကို သတ်စားလိုက်လေ တော့တယ်။ ။


[ N.K. Aggarwala ၏ The False Friend and other Stories စာအုပ်မှ The Blue Jackal. ]

## ကျေးဇူးတရား

ကလေးတို့ရေ…

တစ်ခါတုန်းက ပျားတစ်ကောင်ဟာ ပျံသန်းရင်း ရုတ်တရက် ဆိုသလို မြစ်ထဲသို့ ပြုတ်ကျကာ ရေစီးသန်နေတဲ့ ရေထဲ မျောပါ သွားလေတယ်။ အဲဒီပျားဟာ ရေနစ်သေဆုံးမယ့် အခြေအနေကို ရောက်နေလေတယ်။ အဲဒီအချိန်မှာ စိတ်ထားကောင်းတဲ့ ချိုးငှက် ဟာ ရောက်ရှိလာပြီး သစ်ပင်ပေါ်ကနေ သစ်ရွက်ကလေး တစ် ရွက်ကို မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ပျားရဲ့အနီးသို့ ခြွေချပေး





လိုက်တယ်။ ပျားလည်း သူ့ဆီကျလာတဲ့ သစ်ရွက်ပေါ်သို့ တက်လိုက်တဲ့အတွက် ရေနစ်မယ့်သေဘေးက လွတ်မြောက်သွားလေတယ်။ ပျားလည်း သူ့တောင်ပံတွေ ခြောက်သွေ့တာနဲ့ တစ်ပြိုင်နက် ပျံသန်းသွားနိုင်ကာ ကမ်းခြေသို့ ရောက်ရှိလာပြီး သူ့အသက်ကို အချိန်မီကယ်တင်တဲ့ ချိုးငှက်ကလေးကို ကျေးဇူးတင်ကြောင်း ပြောဆိုတယ်။ သူတို့နှစ်ယောက်ဟာ မိတ်ဆွေတွေ ဖြစ်သွားကြတယ်။ ပျားဟာ သူ့အသက်သခင် ကျေးဇူးရှင်ကို ဘယ်လိုပြန်ပြီး ကျေးဇူးဆပ်ရမလဲဆိုတာကို စဉ်းစားနေခဲ့တယ်။

တစ်နေ့မှာ ချိုးငှက်ဟာ သစ်ပင်တစ်ပင်ပေါ်မှာ နားနေတုန်း မုဆိုးတစ်ယောက် ရောက်ရှိလာတယ်။ မုဆိုးဟာ ချိုးငှက်ကိုမြင်တာနဲ့ မြားနဲ့ပစ်ဖို့ လေးကိုချိန်ရွယ်လိုက်တယ်။ အဲဒီအချိန်မှာ ပျားဟာ ရောက်ရှိလာပြီး မုဆိုးက သူ့အသက်သခင် ကျေးဇူးရှင် ချိုးငှက်ကို မြားနဲ့ပစ်ဖို့ ချိန်ရွယ်နေတာ တွေ့လိုက်တယ်။ ပျားက ချိုးငှက်ကလေး ဒုက္ခရောက်နေမှန်း သိသွားတယ်။ ချိုးငှက်ကလေးကတော့ သူဟာ အန္တရာယ်စက်ကွင်းထဲရောက်နေမှန်း



မသိရှာဘူးတဲ့။

"ငါ့သူငယ်ချင်းကို ကူညီဖို့ အချိန်ရောက်ပြီ" လို့ဆိုကာ ပျားကလေးဟာ မြားနဲ့ ချိုးငှက်ကလေးကိုချိန်ရွယ်နေတဲ့ မုဆိုးကြီးဆီသို့ အမြန်ပျံသန်းသွားကာ သူ့ရဲ့အဆိပ်ပြင်းတဲ့လက်နဲ့ မုဆိုးရဲ့ လက်ကို တအားတုပ်လိုက်လေတယ်။ မုဆိုးဟာ နာကျင်လွန်းအားကြီးလို့ လက်ကို ဆတ်ခနဲ ခါလိုက်တဲ့အခါ ချိန်ရွယ်ထားတဲ့မြားဟာ အောက်သို့ ကျသွားလေတယ်။ ချိုးငှက်ကလေးလည်း အသက်ဘေးမှ ကင်းလွတ်သွားပြီး သစ်ပင်ပေါ်မှ ပျံထွက်သွားလေတယ်။ ပျားကလေးဟာ သူ့အသက်သခင် ကျေးဇူးရှင်ရဲ့ အသက်ကို ပြန်ကယ်တင်နိုင်ခဲ့တဲ့အတွက် အလွန်ပဲ ဝမ်းသာပီတိဖြစ်နေမိတော့တယ်။ ။

[ Fellowship International Study Centre မှ ထုတ်ဝေသည့် English Grade-2 စာအုပ်မှ The Bee and the Dove. ]

## ယာသမားဇနီးမောင်နှံနှင့် ဝက်ဝံကြီး
[ ရုရှားရိုးရာပုံပြင် ]

တစ်ခါက အဘိုးအိုနှင့် အဘွားအို ဇနီးမောင်နှံနှစ်ဦး ရှိလေသည်။ သူတို့သည် မုန်လာဥများကို စိုက်ပျိုးထားကြသည်။ တစ်နေ့တွင် အဘိုးအိုသည် မုန်လာခင်းများကို ကြည့်ရှုရန် ယာခင်းဆီသို့ ရောက်ရှိလာသည်။ ထိုအခါ မုန်လာပင်များမှာ စုတ်ပြတ်ပျက်စီးကုန်ကာ မုန်လာဥများသည် တစ်စစီ ကြဲပြန့်နေသည်ကို တွေ့ရှိရလေသည်။ အဘိုးအိုလည်း အိမ်သို့ စိတ်ပျက်စွာ ပြန်လာကာ အဘွားအိုအား ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြသည်။

ထိုအခါ အဘွားအိုက "မုန်လာခင်းတွေကို ဘယ်သူများ ဖျက်ဆီးသွားပါလိမ့်။ လူဆိုရင်တော့ ဒီလို မုန်လာဥတွေကို ဖျက်ဆီးပစ်မှာမဟုတ်ဘူး။ ခိုးယူသွားမှာပဲ။ ဒါဟာ ဝက်ဝံကြီးရဲ့လက်ချက်နဲ့ တူတယ်။ ရှင်သွားပြီး ဒီဝက်ဝံစုတ်ကို သွားစောင့်ဖမ်းချေ" ဟု ပြောဆိုသည်။

အဘိုးအိုလည်း ပုဆိန်ကိုယူကာ မုန်လာခင်းထဲတွင်

တစ်ညလုံး ဝက်ဝံကြီးကို စောင့်နေလေသည်။ အဘိုးအိုသည် ခြံစည်းရိုးနားတွင် အသာမှေးကပ် လဲလျောင်းကာ ကြွက်ကလေး တစ်ကောင်ကဲ့သို့ တိတ်ဆိတ်စွာ ချောင်းနေလေသည်။

မကြာမီ ဝက်ဝံကြီးသည် ယာခင်းထဲသို့ ရောက်ရှိလာပြီး မြေကိုတူးဆွကာ မုန်လာဥများကို ဆွဲနုတ်ထိုးဆွပစ်လေသည်။ ထို့နောက် ဝက်ဝံကြီးသည် လက်တစ်ဆုပ်စာခန့် မုန်လာဥများကို ဆွဲနှုတ်ကာ ခြံစည်းရိုးနောက်သို့ ပစ်ချလေသည်။ အဘိုးအိုလည်း ဝက်ဝံကြီးအားပုဆိန်ဖြင့် ပစ်လိုက်လေသည်။ ပုဆိန်သည် ဝက်ဝံ ကြီး၏ခြေထောက်တစ်ဖက်ကို ထိမှန်သွားကာ ခြေထောက်သည်



ပြတ်ထွက်သွားသည်။ ဝက်ဝံကြီးလည်း အလွန်နာကျင်စွာဖြင့် အော်မြည်ကာ ခြေထောက်သုံးချောင်းဖြင့် တောထဲသို့ ပြေးထွက်သွားလေသည်။

အဘိုးအိုလည်း ဝက်ဝံကြီး၏ ပြတ်ကျကျန်ရစ်ခဲ့သော ခြေထောက်တစ်ဖက်ကို အိမ်သို့ယူဆောင်လာသည်။ အိမ်ရောက်သော် အဘိုးအိုက အဘွားအိုအား -

"ရှင်မရေ၊ ဒီခြေထောက်ကို ဟင်းချက်ပေတော့" ဟုဆိုကာ ဝက်ဝံခြေထောက်ကို အဘွားအိုအား ပေးလိုက်လေသည်။ အဘွားအိုလည်း ခြေထောက်ကို အရေဆုတ်ကာ ဆူပွက်နေသော ရေနွေးအိုးထဲသို့ ထည့်လိုက်လေသည်။ ထို့ပြင် အရေခွံရှိ ဝက်ဝံမွေးများကို ဆွဲနုတ်ပြီး အရေခွံကိုမူ ထိုင်စရာအခင်းအဖြစ် အသုံးပြုသည်။ ထို့နောက် အဘွားအိုသည် ဝက်ဝံသားရေခင်းပေါ်တွင် ထိုင်ကာ ဝက်ဝံမွေးမျှင်များကို စတင် ဗိုင်းငင်လေတော့သည်။

ထိုအချိန်တွင် ဝက်ဝံကြီးသည် လစ်လပ်နေသော ခြေထောက်တစ်ဖက်အတွက် သစ်သားခြေထောက်တုတစ်ခု ပြုလုပ်ကာ အဘိုးအိုနှင့် အဘွားအိုအား လက်စားချေရန် ထွက်လာခဲ့လေသည်။

ဝက်ဝံကြီးသည် လမ်းလျှောက်တိုင်း သူ့သစ်သားခြေထောက်ကြီးမှ တကျွီကျွီမြည်သံကို စိတ်မချမ်းမြေ့ဖွယ် ကြားရလေသည်။ ထို့ကြောင့် ဝက်ဝံကြီးသည် ဒေါသတကြီးဖြင့် အော်ဟစ်ကာ -

"လူတိုင်း အိပ်ပျော်နေချိန်မှာ
အဘွားအိုတစ်ယောက်က မအိပ်ပါ။

ရက်စက်စွာ ကျွန်ုပ်အသား
သူ့လင်စားဖို့ ချက်ပြုတ်ထား။
အသားသာမက အရေခွံပါမကျန်
ထိုင်ဖို့ခင်းဖို့ သူလုပ်ကြံ
အမွေးအမျှင်ပါ ချန်မထား
အထည်ရက်ဖို့ ငင်နေသတဲ့ဗျား။
ကောင်းကြသေးရဲ့လား''ဟူ၍ ဆိုလေသည်။

အဘွားအိုသည် ဝက်ဝံကြီး၏အသံကြားသော် အဘိုးအိုအား -

''ဝက်ဝံကြီးလာနေပြီ။ ထသွားပြီး တံခါးမင်းတုပ်ကို ချထားလိုက်ပါ''ဟု ပြောဆိုကာ တံခါးကို ပိတ်ခိုင်းလိုက်လေသည်။

သို့သော် အခန်းတံခါးမပိတ်မီ ဝက်ဝံကြီးသည် အိမ်ထဲသို့ ရောက်ရှိနေပေပြီ။ သူသည် တံခါးကိုဖွင့်၍ -

''လူတိုင်းအိပ်ပျော်နေချိန်မှာ
အဘွားအိုတစ်ယောက်က မအိပ်ပါ။
ရက်စက်စွာ ကျွန်ုပ်အသား
သူ့လင်စားဖို့ ချက်ပြုတ်ထား။
အသားသာမက အရေခွံပါမကျန်
ထိုင်ဖို့ခင်းဖို့ သူလုပ်ကြံ။
အမွေးအမျှင်ပါ ချန်မထား
အထည်ရက်ဖို့ ငင်နေသတဲ့ဗျား။
ကောင်းကြသေးရဲ့လား''ဟူ၍ အော်မြည်ကာ အခန်းထဲ

သို့ ဝင်လာခဲ့လေသည်။

အဘိုးအိုနှင့် အဘွားအိုတို့သည် ဝက်ဝံကြီးကိုမြင်သော် အလွန်အငမ်း ကြောက်ရွံ့ထိတ်လန့်သွားကြလေသည်။ ထို့နောက် အဘိုးအိုသည် အိပ်ရာနံဘေးရှိ မီးဖိုအောက်တွင်ရှိသော စည်ပိုင်း နောက်တွင် ဝင်ရောက်ပုန်းအောင်းနေလေသည်။ အဘွားအိုလည်း အဘိုးအိုနောက်တွင် ကြောက်ဒူးတုန်ကာ ပုန်းဝပ်နေရရှာသည်။

ဝက်ဝံကြီးသည် တဲအတွင်း၌ အဘိုးအိုလင်မယားကို လိုက်လံရှာဖွေသည်။ မကြာမီ ဝက်ဝံကြီးသည် အဘိုးအိုလင် မယားတို့ ထောင်ချောက်ဆင်ထားသော တံခါးမှတစ်ဆင့် မြေ အောက်တွင်းထဲသို့ ကျသွားလေသည်။ ထိုအခါ အိမ်နီးချင်းများ သည် ပြေးလာကြကာ ဝက်ဝံကြီးအား သတ်ဖြတ်လိုက်ကြလေ သည်။ ။

[ ရုရှားနိုင်ငံ၊ မော်စကိုမြို့ရှိ Foreign Language Publishing House တိုက်ထုတ် Russian Folk Tales စာအုပ်မှ Peg-Leg Bear. ]

## အလုပ်ကြိုးစားသူ

တစ်ခါက ပန်းပဲသမားတစ်ဦးရှိလေသည်။ သူသည် သားနှစ်ယောက်၊ သမီးတစ်ယောက်နှင့်အတူ တောင်ခြေတစ်ခုတွင် နေထိုင်သည်။ သူသည် အလုပ်ကို ကြိုးစားလုပ်ကိုင်၍ ရရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ကျေနပ်လေသည်။ သူ့ဇနီးသည် ကွယ်လွန်သွားပြီဖြစ်၍ တစ်အိမ်လုံးအလုပ်ကို သမီးဖြစ်သူ ဆူဆန်က ကုန်းရုန်းလုပ်ရရှာသည်။ မောင်ငယ်များကို မိခင်ကိုယ်စား ထိန်းသိမ်းစောင့်ရှောက်ရသည်။

ပန်းပဲသမားကြီးက တစ်နေ့တွင် သူ့အိမ်ရှေ့ရှိ တောင်ကုန်းကြီးပေါ်မှ သူ့အား မစမည့် ကုသိုလ်ကံတစ်ခုသည် ပေါ်ပေါက်ရောက်ရှိလာမည်ဟု အစဉ်အမြဲ ယုံကြည်နေသည်။ တစ်နေ့တွင် ကုသိုလ်ကံကား အမှန်ပင် ပေါ်ပေါက်ရောက်ရှိလာခဲ့သည်။ သို့သော် ကုသိုလ်ကံသည် အလိုအလျောက် ပေါ်ပေါက်လာသည် မဟုတ်ပေ။ သူ၏ ကြိုးစားရိုးသားစွာ လုပ်ဆောင်မှုများမှ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

ကုသိုလ်ကံ ရောက်ရှိလာပုံမှာ ဤသို့ ဖြစ်သည်။ တစ်နေ့တွင် ပန်းပဲသမားကြီးသည် နာမကျန်းဖြစ်လေသည်။ အိပ်ရာထဲတွင် အချိန်ကြာမြင့်စွာ လဲနေလေသည်။ မကြာမီ ပြန်လည်ကျန်းမာလာခဲ့သည်။ သို့သော် အားအင်ချည့်နဲ့နေလေသည်။ အလုပ်ကို မလုပ်ကိုင်နိုင်ပေ။ ဒုက္ခကြီးစွာ ရောက်လျက်ရှိသည်။ သူသည် တောင်ကုန်းပေါ်သို့ ကြည့်၍ မစမည့် တစ်စုံတစ်ရာကို တမ်းတမိသည်။ သို့သော် သူ့ထံသို့ မည်သည့် တစ်စုံတစ်ရာမျှ ပေါ်ပေါက်မလာခဲ့ချေ။ သမီးဖြစ်သူ ဆူဆန်ကလည်း ဖခင်နည်းတူ တောင်ကုန်းပေါ်မှ မစမည့်သူကို မျှော်မှန်းတမ်းတမိသည်။ သို့သော် အချည်းအနှီးပင်။ ဆူဆန်သည် ဘာလုပ်ရမှန်း မသိချေ။ ဆူဆန်သည် အချိန်ကြာမြင့်စွာ စဉ်းစားတွေးနေမိသည်။ နောက်ဆုံးတွင် သူသည် အလုပ်လုပ်၍ ငွေရှာမှဖြစ်မည်ကို သိရှိသွားသည်။

ဆူဆန်သည် အဝတ်အထည်များ





ကို ကောင်းစွာချုပ်လုပ်တတ်သည်။ သူသည် အဝတ်အထည်ချုပ်လုပ်၍ သူတို့မိသားစုဝမ်းရေးကို ဖြည့်ဆည်းပေးမည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူသည် အလုပ်အပ်နှံမည့်သူများကို ရှာဖွေသည်။ လူအများသည် သူတို့ကို ကြင်နာသနားကြသဖြင့် အဝတ်အထည်များ ချုပ်လုပ်ရန်၊ သို့မဟုတ် ဖာထေးရန် အများအပြား လာရောက်အပ်နှံကြလေသည်။

ဆူဆန်သည် ဖခင် အလုပ်ကြိုးစားသကဲ့သို့ သူ့အလုပ်ကို ကောင်းစွာလုပ်ကိုင်သည်။ ထို့ကြောင့် သူချုပ်လုပ်သည့် အဝတ်အထည်များသည် သေသပ်လှပကြသည်။ သူ့လက်ရာကောင်းမွန်သည့်သတင်းသည် ပျံ့နှံ့သွားသည်။ ထို့ကြောင့် သူ့တဲတွင် အလုပ် များပြားလာလေသည်။ သူသည် အဝတ်အထည်များကို လက်မလည်အောင် ချုပ်လုပ်နေရသည်။ သူတို့ မိသားစုလည်း

စားဝတ်နေရေး ချောင်လည်လာလေသည်။ ဆူဆန်သည် သူ့ဘဝကို ကျေနပ်ရောင့်ရဲနေလေသည်။ နောက်ထပ် ကြီးပွားချမ်းသာမှုကို မလိုလားတော့ပေ။

တစ်ညတွင် ဆူဆန်သည် ပြတင်းပေါက်နားရှိ စားပွဲတွင် ထိုင်၍ အင်္ကျီတစ်ထည်ကိုချုပ်လုပ်နေသည်။ ထိုအချိန်တွင် တစ်နေရာမှ တကျွိကျွိမြည်သံကိုကြားလိုက်ရသည်။ ထို့နောက် ချိုသာသော အသံဖြင့် -

''ကျွန်ုပ် ဒီမှာလေ''ဟု ပြောဆိုသံ ပေါ်လာသည်။

ဆူဆန်သည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ ပြတင်းပေါက်ပေါ်တွင် အလွန်သေးငယ်သော လူကလေးတစ်ယောက်ကို တွေ့မြင်ရလေသည်။ ထိုလူကလေးသည် သစ်ရွက်နှင့်တူသော အင်္ကျီကို ဝတ်ဆင်ထားပြီး သစ်ရွက်စိမ်းနှင့်တူသော ဦးထုပ်ကို ဆောင်းထားသည်။ ပင့်ကူအိမ်ကဲ့သို့ ပါးလှပ်သည့် အင်္ကျီရှည်ကြီးကို လွှမ်းခြုံထားသည်။

လူသေးကလေးသည် ဆူဆန်၏ စားပွဲပေါ်သို့ ခုန်တက်လိုက်သည်။ ဆူဆန်သည် လူသေးကလေး၏ အင်္ကျီရှည်ကြီးတွင် အလွန်ကြီးမားသော စုတ်ပြဲရာကြီးကို မြင်တွေ့သွားသည်။

လူသေးကလေးက ''ကျွန်ုပ်အင်္ကျီရဲ့ ပြဲနေတဲ့နေရာကို ချုပ်ပေးပါလားခင်ဗျာ''ဟု ပြောဆိုကာ ဆံပင်ထက် ပိုမိုသေးမျှင်ကောင်းမွန်သည့် အပ်ချည်ကို အင်္ကျီအိတ်ထဲမှထုတ်ကာ ဆူဆန်အားပေးလေသည်။

ဆူဆန်သည် ဤသို့ အလွန်ကောင်းမွန်သည့် အပ်ချည်ဖြင့် အဝတ်အထည်များကို တစ်ခါမျှ မချုပ်လုပ်ဖူးပေ။ သူသည်

လူသေးကလေးကို ကြည့်၍ ကြောက်ရွံ့နေမိသည်။ သို့သော် ဆူဆန်သည် လူသေးကလေး၏ အင်္ကျီအပြဲကို ကောင်းစွာဖာထေး ပြုပြင်ပေးလိုက်သည်။

ဆူဆန်သည် နောက်ဆုံးအဖာရာကို ချုပ်လုပ်ပြီး၍ အင်္ကျီကို လူသေးကလေးအား ပေးလိုက်လေသည်။ လူသေးကလေးသည် အင်္ကျီကိုယူပြီးသော် မြင်ကွင်းမှ ချက်ချင်းပျောက်ကွယ်သွားလေသည်။



လူသေးကလေးသည် ဆူဆန်ကို အဖိုးအခအဖြစ် တစ်ပြားမှ ပေးမသွားခဲ့ချေ။ ဆူဆန်သည် လူသေးကလေးကို တွေ့လိုတွေ့ငြား လိုက်ရှာကြည့်သည်။ လူသေးကလေး၏ အရိပ်အယောင်မျှကိုပင် မတွေ့ရတော့ချေ။ သို့သော် အိမ်ဝတံခါးခြေရင်းတွင် သံချေးတက်နေသော သော့ဟောင်းတစ်ချောင်းကို တွေ့ရှိရလေသည်။ ဆူဆန်သည် သော့ကို ကောက်ယူလိုက်သည်နှင့် တစ်ပြိုင်နက် သော့က -

"ကျွန်ုပ်ကို တောင်ကုန်းပေါ်သို့ ယူဆောင်သွားပါ။ ကျွန်ုပ် ကို တောင်ကုန်းပေါ်သို့ ယူဆောင်သွားပါ"ဟု ပြောဆိုနေလေသည်။

ဆူဆန်သည် အလွန်အံ့ဩသွားလေသည်။ ထို့ကြောင့် ဆူဆန်သည် သော့ကိုယူဆောင်ကာ တောင်ကုန်းပေါ်သို့ တက်ခဲ့ သည်။ သူသည် တောင်ကုန်းပေါ်သို့ တဖြည်းဖြည်းတက်လာခဲ့ရာ နောက်ဆုံးတွင် အလွန်ကြီးမားသော ကျောက်ကွဲတုံးကြီးတစ်ခုဆီ သို့ ရောက်ရှိလာခဲ့လေသည်။ ကျောက်ကွဲကြီးတွင် ကြီးမားသည့် သေတ္တာကြီးတစ်လုံးကို တွေ့မြင်ရလေသည်။

ထိုအခါ သော့ဟောင်းကြီးက-

"ကျွန်ုပ်သော့နဲ့ သေတ္တာကို ဖွင့်လိုက်ပါ။ ကျွန်ုပ်သော့နဲ့ သေတ္တာကို ဖွင့်လိုက်ပါ"ဟု ဆိုလေသည်။

ဆူဆန်လည်း သော့ဟောင်းကြီးပြောဆိုသည့်အတိုင်း သေတ္တာကြီးကို သော့ဖြင့် ဖွင့်လိုက်လေသည်။ ထိုအခါ သေတ္တာ



ထဲတွင် ရွှေများကို အမြောက်အမြား တွေ့မြင်ရလေသည်။ ထို့ပြင် ရွှေငွေအိတ်များနှင့် ငွေဒင်္ဂါးပြားများမှာလည်း အများအပြားပင်။ ဆူဆန်သည် ဤမျှများပြားသော ရွှေငွေများကို တစ်ခါမျှ မတွေ့မမြင်ဖူးချေ။ သူသည် အလွန်ရိုးသားလှ၍ ရွှေငွေများကို မထိမကိုင်လိုပေ။

ထိုအချိန်တွင် လူသေးကလေးသည် သူ့ရှေ့တွင် ပေါ်လာပြီး-

“ဆူဆန်… မကြောက်ပါနဲ့။ ကျွန်ုပ် အင်္ကျီအပြီချုပ်လုပ်ပေးတဲ့အတွက် ဒီသေတ္တာထဲက ရွှေတွေငွေတွေကို သင်ကြိုက်သလောက် ယူဆောင်သွားပါ”ဟု ပြောဆိုလေသည်။

ဆူဆန်သည် သေတ္တာထဲမှ ရွှေငွေများကို မယူလိုပေ။ အခြားသူများကို ချုပ်လုပ်ပေးသည့် နှုန်းခအတိုင်းသာ ယူလိုသည်။ ထို့ကြောင့် သူသည် သေတ္တာထဲမှ ငွေဒင်္ဂါးများထည့်ထားသော အသေးဆုံးအိတ်ကလေးကို မယူလိုက်ပြီး သေတ္တာကြီးကို ပိတ်လိုက်လေသည်။

ဆူဆန်သည် ငွေအိတ်ကိုယူကာ အိမ်သို့ပြန်လာလေသည်။ ဆူဆန်သည် ငွေအိတ်ထဲမှ ငွေများကို နှိုက်ယူသုံးစွဲသော်လည်း ငွေများကား ပြန်လည် ပြည့်မြဲပြည့်လျက် ရှိနေလေသည်။ မည်သည့်အခါမျှ ကုန်ခန်းသွားသည်ဟူ၍ မရှိချေ။

ယခုအခါ ဆူဆန်သည် သူတို့မိသားစုအတွက် တောင်ကုန်းပေါ်မှ မစမည့်သူသည် အမှန်တကယ် ပေါ်ပေါက်လာပြီဟု ယုံကြည်သွားလေသည်။ ။

## အလုပ်၏ တန်ဖိုး

တစ်ခါက လူတစ်ယောက်မှာ အပျင်းထူတဲ့ သားတစ်ယောက် ရှိလေသတဲ့။ အဖေဖြစ်သူက နေထွက်မှ နေဝင်တဲ့အထိ အလုပ်ကို မနားတမ်းလုပ်ပေမဲ့ သားဖြစ်သူ ပျင်းကတော့ နံနက်မှ ညမိုးချုပ်တဲ့တိုင်အောင် အချိန်တွေကိုသာ ဖြုန်းနေသတဲ့။ ပျင်းလေးဟာ သူများရှာဖွေလုပ်ကိုင်ထားတဲ့ အစားအစာတွေကို အခံ့သား စားသောက်၊ အဝတ်အထည်တွေကို အခံ့သားဝတ်ပြီး ဖခင်ကြီးရှာဖွေထားတဲ့ ငွေတွေကို အလဟဿ သုံးဖြုန်းနေလေတယ်။

အဲဒီလိုနဲ့ ဖခင်ဖြစ်သူက အသက်အရွယ်ကြီးလာလို့ အရင်ကလို အလုပ်မလုပ်နိုင်မကိုင်နိုင် ဖြစ်လာတဲ့အချိန်ကို ရောက်ရှိလာတော့တယ်။ ပျင်းရဲ့ ဖခင်ကြီးဟာ သူမရှိတဲ့နောက်မှာ သူ့သားဟာ ဒီအတိုင်းနေသွားရင်တော့ ဧကန်မုချ ဒုက္ခရောက်မှာပဲလို့ တွေးမိသတဲ့။ ဒါ့ကြောင့် ဖခင်ကြီးဟာ သူ့သားကို အလုပ်လုပ်တတ်စေဖို့နဲ့ ငွေရဲ့တန်ဖိုးကို သိစေဖို့ ပညာပေးမှဖြစ်တော့မယ်လို့ ဆုံးဖြတ်ပြီး သူ့သားပျင်းကို သူ့မိတ်ဆွေရှိတဲ့ရွာကို ခေါ်ဆောင်

သွားတယ်။ သူ့မိတ်ဆွေရဲ့ရွာကို ရောက်တဲ့အခါ သူ့သားကို အလုပ်သမားအဖြစ်ခိုင်းဖို့ မိတ်ဆွေထံ အပ်နှံတယ်။

ငပျင်းကလေးဟာ အခုအသက်အရွယ်အထိ ဘာမှမလုပ်ခဲ့တာရယ်၊ လက်ကြောမတင်းခဲ့တာရယ်တို့ကြောင့် ဘာအလုပ်မှ မလုပ်ဘဲ နေသတဲ့။ ငပျင်းကလေးရဲ့ အလုပ်ရှင်ဟာ ငပျင်းကလေး အလုပ်မလုပ်ဘဲ နေတာကို သိပေမဲ့ ငပျင်းကလေးဟာ သူ့မိတ်ဆွေရဲ့ သားဖြစ်နေတာမို့ ဘာမှမပြောဘဲ နေသတဲ့။ ဒါ့ပြင် အလုပ်ရှင်က -

"ငါ့မိတ်ဆွေဟာ သူ့သားကို သင်ခန်းစာပေးတဲ့အနေနဲ့သာ ငါ့ဆီကို လာပို့ထားတာဖြစ်တယ်။ ဒါကြောင့် တခြားအလုပ်သမားတွေလို တန်းတူထားပြီး ခိုင်းလို့ဘယ်ဖြစ်မလဲ။ အလုပ်တွေဖိခိုင်းရင် တော်ကြာ ငါ့ကိုစိတ်ဆိုးလိမ့်မယ်" လို့ တွေးမိသတဲ့။

ဒါကြောင့် အလုပ်ရှင်ဟာ ငပျင်းကလေးကို အလုပ်တွေ မခိုင်းဘဲ ကောင်းမွန်စွာ ကျွေးမွေးထားတယ်။ အဝတ်အစားတွေ ဆင်ယင်တယ်။

တစ်နှစ်ကြာတဲ့အခါ အလုပ်ရှင်ဟာ ငပျင်းလေးရဲ့ ဖခင်ကြီးနဲ့ သဘောတူထားတဲ့အတိုင်း ငပျင်းကလေးကို ရွှေဒင်္ဂါးတစ်ပြားပေးပြီး အိမ်ကိုပြန်စေတယ်။

ငပျင်းကလေး အိမ်ပြန်ရောက်တဲ့အခါ ဖခင်ကြီးက ငပျင်းလေးကို ဒီလိုမေးသတဲ့။

"မင်း အလုပ်ကောင်းကောင်းလုပ်ခဲ့ရဲ့လား" ငပျင်းကလေးက ပြန်ဖြေတယ်။



“ကျွန်တော်လုပ်ခဲ့ပါတယ်”

“မင်းလုပ်ခကောရခဲ့ရဲ့လား”လို့ ဖခင်ကြီးက မေးတဲ့ အခါ ပျောင်းကလေးက“ရခဲ့ပါတယ်”လို့ ပြန်ဖြေတယ်။

“ဒါဖြင့် ငါ့ကို မင်းလုပ်ခပြစမ်း”လို့ ဖခင်ကြီးက ပြောတဲ့အခါ ပျောင်းကလေးလည်း သူရခဲ့တဲ့ ရွှေဒင်္ဂါးတစ်ပြားကို သူ့ဖခင်ကြီးလက်ထဲကို ထည့်လိုက်တယ်။

အဲဒီအခါ သူ့ဖခင်ကြီးဟာ လက်ထဲရောက်ရှိလာတဲ့ ရွှေဒင်္ဂါးကို ချက်ချင်း မြစ်ထဲကို လွှင့်ပစ်လိုက်တယ်။

ဖခင်ဖြစ်သူက သူ့ရွှေဒင်္ဂါး မြစ်ထဲလွှင့်ပစ်လိုက်တာကို ပျင်းကလေးဟာ တစ်စက်ကလေးမှ မျက်နှာပျက်မသွားဘူးတဲ့။ စိတ်မကောင်းမဖြစ်သွားဘူးတဲ့။ ဘာမှလည်း မပြောမဆိုဘူးတဲ့။

အဲဒီအခါ သူ့ဖခင်ကြီးက -

"ကောင်းပြီ ငါ့သား။ နောင်နှစ် မင်းအလုပ်ထပ်လုပ်ရမယ်"လို့ ဆိုကာ တခြားရွာတစ်ရွာမှာရှိတဲ့ မိတ်ဆွေတစ်ယောက်ဆီခေါ်သွားပြန်လေတယ်။ အဲဒီမိတ်ဆွေအလုပ်ရှင်ကလည်း -

"ငါ့မိတ်ဆွေဟာ သူ့သားကိုလွှတ်ပြီး ငါ့စိတ်ဓာတ်ကို သိချင်လို့လာစမ်းတာဖြစ်မယ်။ ငါ သူ့သားကို အလုပ်ခိုင်းလို့ မဖြစ်ဘူး။ သူ့သားကို အလုပ်ခိုင်းရင် သူ့အဖေက ကျေနပ်မှာ မဟုတ်ဘူး။ ငါ့ကို တစ်မျိုးမြင်သွားမယ်"လို့ တွေးမိသတဲ့။

ဒါကြောင့် အခုအလုပ်ရှင်ကလည်း လူပျင်းကလေးကို ဘာအလုပ်မှမခိုင်းဘဲ လွတ်လပ်မှုတွေ အပြည့်အဝပေးထားလေသတဲ့။ ဒါပေမဲ့ အလုပ်ရှင်ဟာ ပျင်းလေးကို ကောင်းကောင်း ကျွေးမွေးတယ်။ အဝတ်အစားတွေပေးတယ်။

ဒီလိုနဲ့ တစ်နှစ်ကြာသွားတဲ့အခါ အလုပ်ရှင်က လူပျင်းကလေးကို ရွှေဒင်္ဂါးတစ်ပြားပေးပြီး အိမ်ပြန်ခွင့်ပြုလိုက်တယ်။

လူပျင်းကလေးဟာ အိမ်ရောက်တဲ့အခါ သူ့အဖေက သူ့ကို -

"ငါ့သား မင်းအလုပ်ကောင်းကောင်းလုပ်ခဲ့ရဲ့လား"လို့ မေးတယ်။

သားဖြစ်သူကလည်း "ကျွန်တော် အလုပ်ကောင်းကောင်း လုပ်ခဲ့ပါတယ် အဖေ"လို့ ပြန်ဖြေတယ်။

"မင်း လုပ်ခကောရခဲ့ရဲ့လား"လို့ ဖခင်ဖြစ်သူက မေးတော့ "ကျွန်တော် ရခဲ့ပါတယ်"လို့ သားဖြစ်သူက ပြန်ဖြေတယ်။

"ဒါဖြင့် အဲဒီလုပ်ခ ငါ့ကိုပြစမ်း"လို့ ဖခင်ကြီးက တောင်းတယ်။



လူငယ်ငပျင်းလေးလည်း သူ့လုပ်ခရွှေဒင်္ဂါးတစ်ပြားကို ဝင့်ကြွားစွာနဲ့ သူ့အဖေလက်ထဲထည့်လိုက်တယ်။

အဲဒီအခါ ဖခင်ဖြစ်သူဟာ သူ့လက်ထဲရောက်လာတဲ့ ရွှေဒင်္ဂါးတစ်ပြားကို ဘာမပြောညာမပြောဘဲ မြစ်ထဲကို လွှင့်ပစ်လိုက်လေတယ်။

ငပျင်းလူငယ်လေးဟာ မြစ်ထဲလွှင့်ပစ်လိုက်တဲ့ သူ့ရွှေဒင်္ဂါးပြားအတွက် ဘာမှဝမ်းနည်းမှုမဖြစ်ဘဲ အေးအေးဆေးဆေးဘဲ ကြည့်နေသတဲ့။ စိတ်လှုပ်ရှားမှု၊ ဝမ်းနည်းမှု၊ နှမြောမှုလည်း ဘာမှမဖြစ်ဘူးတဲ့။ ရွှေဒင်္ဂါးကို ဘာဖြစ်လို့ ရေထဲလွှင့်ပစ်ရတာလည်းဆိုတာကိုလည်း သူ့ဖခင်ကို စောဒကတက်ပြီး ပြန်မမေးဘူးတဲ့။

ဖခင်ဖြစ်သူဟာ အဲဒီလို သူ့သားပြုမူတာကို မကြိုက်ဘူးတဲ့။ မနှစ်သက်ဘူးတဲ့။ ရွှေဒင်္ဂါးလွှင့်ပစ်တာတောင် ဘာမှမဖြစ်ဘူးဆိုတာတွေ့ရတော့ အံ့ဩလို့နေတယ်။ ဒီကောင် အလုပ်မလုပ်ဘဲ ငွေကိုရခဲ့လို့သာ နှမြောရကောင်းမှန်းမသိတာ ဖြစ်မယ်လို့လည်း တွေးမိသွားသတဲ့။ ဒါကြောင့် ဖခင်ဖြစ်သူဟာ သူ့သားကို တတိယနှစ်မှာ တခြားအလုပ်ရှင်တစ်ယောက်ထံမှာ အလုပ်လုပ်ခိုင်းဖို့ ဆုံးဖြတ်လိုက်ပြီး ရွာတစ်ရွာမှာရှိတဲ့ သူ့အသိမိတ်ဆွေ အလုပ်ရှင်တစ်ဦးထံ သူ့သားကို ခေါ်ဆောင်သွားသတဲ့။

သူ့မိတ်ဆွေရဲ့ရွာကို ရောက်တဲ့အခါ ဖခင်ဖြစ်သူက သူ့မိတ်ဆွေကို–

"သူငယ်ချင်း ငါ့သားကို မင်းဆီအလုပ်လုပ်ဖို့ ထားခဲ့ပါရစေ။ မင်းဆင်းရဲတယ်ဆိုတာ ငါသိတယ်။ ငါ့သားကို လုပ်ခ

တို့၊ ဘာတို့ ဘာမှပေးစရာမလိုဘူး။ ငါ့သား အလုပ်တန်ဖိုးသိရင် တော်ပြီ”လို့ ဆိုကာ သူ့သားကို သူ့မိတ်ဆွေဆီမှာ အပ်ခဲ့တယ်။

အခုအလုပ်ရှင်ကတော့ အရင်အလုပ်ရှင်တွေနဲ့ မတူဘူး တဲ့။ တွေးခေါ်မြော်မြင်မှုရှိတယ်လို့ဆိုရမယ်။ ပျောင်းဖခင်ကြီးရဲ့ ရည်ရွယ်ချက်ကို ချက်ချင်းရိပ်မိလိုက်တယ်။ သူ့သားပျောင်း အလုပ် လုပ်ချင်လာအောင် သူ့ထံ လာရောက်အပ်နှံတာဖြစ်ရမယ်လို့လည်း တွက်မိလိုက်တယ်။ ဒီပျောင်းလေးကိုတော့ သင်ခန်းစာကောင်း ကောင်း ပေးရမယ်လို့ တွေးမိပြီး ပထမနေ့မှာပဲ ပျောင်းကို အလုပ် တွေ စခိုင်းတော့တယ်။ နေဝင်မိုးချုပ်မှသာ နားခွင့်ပေးပြီး အစား စားခွင့်ပြုတယ်။ ပျောင်းလေးဟာ တစ်ခါမှ အလုပ်မလုပ်ဖူးတော့ သိပ်ပင်ပန်းနေတာပေါ့။

နောက်နေ့မှာလည်း အလုပ်ရှင်ဟာ အလုပ်လုပ်ဖို့ သူ ကိုယ်တိုင် စောစောထတယ်။ အဲဒီအချိန်မှာ ပျောင်းလေးဟာ အိပ်လို့ကောင်းတုန်းပေါ့။ ဒါပေမဲ့ အလုပ်ရှင်ဟာ ပျောင်းကို အိပ်ရာ မှနိုးပြီး သူနဲ့အတူ အလုပ်လုပ်စေတယ်။ အလုပ်ရှင်ဟာ အလုပ်ကို မမောမပန်း လုပ်နိုင်ပေမဲ့ ပျောင်းလေးကတော့ တစ်ခါမှ ဒီလို လက်ကြောတင်းအောင် မလုပ်ခဲ့ဖူးလေတော့ မောဟိုက်နေတာ ပေါ့ကွယ်။ အလုပ်ရှင်က သူ့ကို ခဏလေးတောင် နားခွင့်မပေး ဘူးတဲ့။

ပျောင်းလေးဟာ နဖူးကချွေး ခြေမကျအောင် လုပ်နေရ တယ်။ တစ်ကိုယ်လုံးလည်း ချွေးတွေနဲ့ ရွှဲနေတယ်။ ပျောင်းကလေး ဟာ အလုပ်လုပ်ရလွန်းလို့ ညည်းတဲ့အခါ အလုပ်ရှင်က -

“ငါ ဘယ်လောက်လုပ်နေရသလဲ။ ငါလုပ်သလို မင်း

လုပ်ရမှာပဲ။ ငါ့ကို မီအောင်လုပ်ပါ''လို့ ဆိုကာ ငပျင်းကလေးကို အလုပ်ကို တွန်းလုပ်ဖို့ ပြောဆိုတယ်။

ငပျင်းကလေးဟာ အလုပ်ကခိုဖို့၊ နားဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့မှန်း သိရှိသွားပြီး အလုပ်ကိုသာ ဆက်လုပ်နေရတော့တယ်။ အလုပ်လုပ်တာကြာတော့ ငပျင်းကလေးဟာ တဖြည်းဖြည်းနဲ့ အလုပ်ထဲ စိတ်ပါလာတယ်။ အရင်ကဆိုရင် အလုပ်ရှင်က သူ့ကို ဆူပူကြိမ်းမောင်းပြီး ခိုင်းရပေမဲ့ အခုတော့ ငပျင်းကလေးဟာ သူ့အလုပ်ကို သူတာဝန်သိသိနဲ့ လုပ်နေတော့တယ်။ သူ့ကို အလုပ်လုပ်ဖို့ တိုက်တွန်းစရာ မလိုတော့ဘူးတဲ့။ အလုပ်ကို ကြိုးကြိုးစားစားလုပ်လို့တောင် ချီးကျူးခံရတဲ့အထိ ဖြစ်လာတယ်။

အဲဒီလို လူငယ်ကလေးဟာ အလုပ်ရှင်ထံမှာ ပင်ပင်ပန်းပန်းနဲ့ အလုပ်လုပ်ခဲ့တာ တစ်နှစ်ကုန်ဆုံးတဲ့အချိန်ကို ရောက်လာသတဲ့။ အဲဒီအချိန်မှာ လူငယ်ကလေးရဲ့လက်ဟာ အလုပ်လုပ်ရလို့ ကြမ်းတမ်းခက်မာလို့နေတယ်။ သူ့အဝတ်အစားတွေဟာလည်း အစုတ်စုတ်အပြတ်ပြတ်နဲ့ ဖွာလရာကျဲ ဖြစ်နေပြီ။ အရင်က အလုပ်လုပ်ရမှာပျင်းတဲ့ ငပျင်းကလေးဟာ အခု အပြောင်းအလဲကြီး ပြောင်းလဲသွားပြီ။ ငပျင်းကလေးမဟုတ်တော့ဘဲ အလုပ်ရဲ့တန်ဖိုးကိုသိတဲ့ အလုပ်ကိုချစ်မြတ်နိုးတဲ့ လူငယ်ကလေးဖြစ်နေပြီလေ။

တစ်နှစ်ပြည့်တဲ့အချိန်မှာတော့ အလုပ်ရှင်က လူငယ်ကလေးကို -

''ကဲ…မင်း ငါ့ဆီမှာ အလုပ်လုပ်လာခဲ့တာ အခု တစ်နှစ်ပြည့်ပြီ။ မင်းအဖေက မင်းကို ငါ့ဆီလာအပ်တုန်းက ငါ့ဆီမှာ

မင်းအလုပ်လုပ်တဲ့အတွက် လုပ်ခတစ်ပြားမှ မပေးပါနဲ့လို့ ပြောဆိုခဲ့တယ်။ ဒါပေမဲ့ မင်း ငါ့ဆီမှာ အလုပ်ကို ကြိုးစားပြီးလုပ်ခဲ့တဲ့အတွက် မင်းကို လက်ဗလာချည်းသက်သက်နဲ့ အိမ်ပြန်ခွင့်မပြုနိုင်ဘူး။ မင်းကို လုပ်ခအဖြစ် ရွှေဒင်္ဂါးနှစ်ပြား ပေးလိုက်မယ်။ ဒါကိုယူပြီး အိမ်ပြန်ပေတော့''လို့ ပြောဆိုပြီး အိမ်ကိုပြန်ခွင့်ပြုလိုက်တယ်။

အဲဒီလိုနဲ့ ပျောင်းကလေးဟာ ရွှေဒင်္ဂါးနှစ်ပြားယူပြီး အိမ်ကို ပြန်လာခဲ့တယ်။ သူ့အိမ်ပြန်ရောက်တဲ့အခါ ဖခင်ဖြစ်သူက သူ့ရဲ့ရှည်လျားနေတဲ့ နှုတ်ခမ်းမွေးတွေကိုကြည့်ပြီး ပြုံးတယ်။ အဲဒီနောက် သူ့သားကို -

''ငါ့သား မင်းကောင်းကောင်းအလုပ်လုပ်ခဲ့ရဲ့လား''လို့ မေးလိုက်တယ်။

လူငယ်ကလေးက''ကျွန်တော် အလုပ်ကြိုးစားလုပ်ခဲ့ပါတယ်အဖေ။ ကျွန်တော့်ကို လုပ်ခအဖြစ် အလုပ်ရှင်က ရွှေဒင်္ဂါးနှစ်ပြား ပေးလိုက်ပါတယ်''လို့ ပြန်ဖြေသတဲ့။

''ဒါဖြင့် ပြစမ်း''လို့ သူ့အဖေကပြောလို့ လူငယ်ကလေးလည်း သူပင်ပန်းကြီးစွာ ကြိုးစားလုပ်ခဲ့လို့ ရရှိခဲ့တဲ့ ရွှေဒင်္ဂါးနှစ်ပြားကို ဝမ်းသာအားရနဲ့ သူ့အဖေလက်ထဲ ထည့်လိုက်တယ်။

သူ့ဖခင်ကြီးဟာ ရွှေဒင်္ဂါးနှစ်ပြား လက်ထဲရောက်လာတဲ့အခါ အရင်ကလိုပဲ ရေထဲကို လွှင့်ပစ်ဖို့ လက်ကိုမြှောက်လိုက်တယ်ဆိုရင်ပဲ လူငယ်ကလေးဟာ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ပျာပျာသလဲတားပြီး သူ့ရွှေဒင်္ဂါးပြားတွေကို ရေထဲလွှင့်မပစ်ဖို့ ပြောတယ်။

အဲဒီအခါ သူ့အဖေက–

"သား ဘာဖြစ်လို့ အဖေ့ကို တားရတာလဲ။ အရင်တုန်းကလည်း မတားဖူးပါဘူး"လို့ မေးတယ်။



သူ့သားလူငယ်ကလေးက-

"အဖေ ကျွန်တော် ဒီငွေရဖို့ ပင်ပန်းကြီးစွာ လုပ်ခဲ့ရပါတယ်။ နဖူးကချွေး ခြေမကျအောင် လုပ်ခဲ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ငွေတွေ ရေထဲလွှင့်မပစ်ဖို့ တားရတာပါ" လို့ ပြန်ဖြေတယ်။

သူ့သားစကားကို ကြားရတဲ့အခါ ဖခင်ကြီးဟာ သိပ်ဝမ်းသာသွားတယ်။ အလုပ်ရဲ့တန်ဖိုး၊ ငွေရဲ့တန်ဖိုးကို သိသွားပြီဆိုတာ ယုံကြည်သွားတော့တယ်။ အရင်က သူ့သားဟာ အလုပ်မလုပ်ခဲ့လို့ အလုပ်ရဲ့တန်ဖိုးကို ဘယ်သိလိမ့်မလဲ။ ဒါကြောင့်လည်း သူ့ငွေကို ရေထဲလွှင့်ပစ်တာတောင် မတားဘဲ နေခဲ့တယ်လေ။

ဖခင်ကြီးဟာ သူ့သားကို ပြုံးပြုံးကြီးကြည့်ပြီး -

"သား တကယ်အလုပ်လုပ်ခဲ့တယ်ဆိုတာ အခု အဖေယုံပြီ။ အခုလို ပင်ပန်းကြီးစွာရှာမှ ငွေရဲ့တန်ဖိုးကို နားလည်တာကွ။ အခု သားနားလည်ပြီ မဟုတ်လား။ သားကို အဖေစိတ်ချပြီ" လို့ ပြောဆိုလိုက်လေတယ်။ ။

[ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လထုတ် Sputnik မဂ္ဂဇင်းမှ Hard-earned Money, A Kabardinian Folk Tale. ]

## စည်လွတ်ကြီး

တစ်ခါက အယ်မီလီယန်အမည်ရှိ အလုပ်သမားတစ်ဦးရှိသည်။ တစ်နေ့တွင် သူသည် အလုပ်လုပ်ရန် လယ်ကွင်းကိုဖြတ်သွားစဉ် တစ်စုံတစ်ဦးက သူ့အား လှမ်းခေါ်သံကို ကြားရသည်။ အယ်မီလီယန်သည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ အလွန်ချစ်ဖွယ်ကောင်းသော အမျိုးသမီးတစ်ဦးကို တွေ့ရှိရလေသည်။ ထိုအမျိုးသမီးက သူ့အား -

"အယ်မီလီယန်…ရှင် ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ"ဟု မေးလေသည်။

ထိုအခါ အယ်မီလီယန်က -

"ကျွန်ုပ် ဘယ်လိုအိမ်ထောင်ပြုလို့ ဖြစ်ပါ့မလဲ။ ကျွန်ုပ်မှာ ဝတ်စရာဆိုလို့ ဝတ်စုံတစ်စုံပဲရှိတယ်။ အပိုမရှိဘူး။ မည်သူက ကျွန်ုပ်ကို ခင်ပွန်းအဖြစ် လက်ထပ်ချင်ကြမှာလဲ"ဟု ပြောဆိုသည်။

အယ်မီလီယန်၏ စကားကိုကြားသော် အမျိုးသမီးက-

"ကျွန်မကို ရှင့်ဇနီးအဖြစ် လက်ထပ်ပါ"ဟု ဆိုသည်။

အယ်မီလီယန်သည် ထိုအမျိုးသမီးကို နှစ်သက်သည်။ သို့သော် သူသည် အမျိုးသမီးအား-

"ကျွန်ုပ် သင့်ကို ချစ်ခင်စုံမက်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ ဘယ်မှာနေလို့ ဘယ်လိုစားသောက်နေထိုင်ကြမလဲ"

ဟု ပြန်ပြောပြန်သည်။

ထိုအခါ အမျိုးသမီးက အယ်မီလီယန်အား -

"ဒါအတွက် ဘာလို့ ပူပန်နေရတာလဲ။ ကျွန်မတို့ အလုပ်ပိုလုပ်ပြီး အအိပ်လျှော့ရင် ဘယ်နေရာမှာမဆို ဝတ်ဖို့၊ စားဖို့ ရှာကြံလို့ ရနိုင်ပါတယ်"ဟု ဆိုသည်။



အယ်မီလီယန် -

"ဒါဆို ကောင်းပြီလေ။ တို့ လက်ထပ်ကြစို့။ ဒါပေမဲ့ တို့ ဘယ်ကိုသွားကြမှာလဲ"ဟု မေးလေသည်။

"ကျွန်မတို့ မြို့ကိုသွားကြမယ်လေ"ဟု အမျိုးသမီးက ပြန်ဖြေသည်။

ထိုသို့ဖြင့် အယ်မီလီယန်နှင့် အမျိုးသမီးတို့သည် မြို့သို့ ထွက်ခွာလာကြလေသည်။ သူတို့သည် မြို့စွန်တွင် အိမ်ငယ်က လေးတစ်လုံးကို တွေ့ရှိသည်။ သူတို့နှစ်ဦးသည် လက်ထပ်ကြပြီး အိမ်ငယ်ကလေးတွင် နေထိုင်ကြလေသည်။

တစ်နေ့တွင် ဘုရင်ကြီးသည် မြင်းရထားစီး၍လာစဉ် အယ်မီလီယန်၏အိမ်ကို ဖြတ်သွားမိလေသည်။ ထိုစဉ် ဘုရင်ကြီး သည် အယ်မီလီယန်၏ဇနီးအား တွေ့မြင်သွားလေသည်။

"ဒီလောက်ချောမောလှပတဲ့ အမျိုးသမီးက ဘယ်ကလဲ"

ဟုမေးကာ မြင်းရထားကို ရပ်စေသည်။ ထို့နောက် အယ်မီလီယန်၏ဇနီးအား ခေါ်၍ -

"သင် ဘယ်သူလဲ"ဟု မေးသည်။

ထိုအခါ အယ်မီလီယန်၏ဇနီးက -

"ကျွန်တော်မျိုးမဟာ အလုပ်သမား အယ်မီလီယန်ရဲ့ ဇနီးပါ"ဟု ပြန်လည်လျှောက်တင်သည်။

"သင်လို လှပတဲ့ အမျိုးသမီးတစ်ဦး အယ်မီလီယန်လို အလုပ်သမားတစ်ယောက်ကို ဘာလို့ လက်ထပ်ရတာလဲ။ သင် ဟာ မိဖုရားဖြစ်ထိုက်သူပဲ"ဟု ဘုရင်ကြီးက ဆိုသည်။

ဘုရင်ကြီး၏စကား ကြားသော် အယ်မီလီယန်က -



"အရှင်မင်းကြီးရဲ့ ကြင်နာစကားတွေကိုကြားရတာ အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မျိုးမရဲ့ အလုပ်သမားဟာ ကျွန်တော်မျိုးမအတွက် အသင့်တော်ဆုံး ခင်ပွန်းတစ်ယောက်ပါပဲ"ဟု ပြန်ပြောသည်။

ဘုရင်ကြီးသည် အယ်မီလီယန်၏ဇနီးနှင့် ခေတ္တမျှ စကားပြောဆိုပြီးနောက် ပြန်၍ ထွက်ခွာလာခဲ့လေသည်။ ဘုရင်ကြီးသည် နန်းတော်သို့ ပြန်လည်ရောက်ရှိလာသော်လည်း အယ်မီလီယန်၏ ဇနီးကို မေ့၍မရပေ။ သတိရလျှက်ရှိသည်။ ညဘက်တွင်လည်း အယ်မီလီယန်၏ဇနီးကို စဉ်းစားနေ၍ တစ်ညလုံး အိပ်၍မပျော်ပေ။ အယ်မီလီယန်၏ဇနီးကို မည်သို့ရယူမည်ဆိုသည့် နည်းလမ်းကိုသာ စဉ်းစားနေလေသည်။ နည်းလမ်းကား မရချေ။

ထိုသို့ဖြင့် နောက်ဆုံးတွင် ဘုရင်ကြီးသည် သူ၏အမှုထမ်းများကိုခေါ်၍ အယ်မီလီယန်၏ဇနီးကို ရယူနိုင်မည့် နည်းလမ်းရှာကြံကြရန် မိန့်ဆိုလိုက်သည်။

ထိုအခါ ဘုရင့်အမှုထမ်းများက ဘုရင်ကြီးအား -

"အရှင်မင်းကြီး အယ်မီလီယန်ကို နန်းတော်သို့ လာရောက်ပြီး အလုပ်လုပ်ဖို့ ဆင့်ခေါ်လိုက်ပါ။ ကျွန်တော်မျိုးတို့ သူ့ကို အလွန်ပင်ပန်းလှတဲ့ အလုပ်တွေ ဖိခိုင်းပါမယ်။ ဒါဆို သူသေမှာပဲ။ သူ့ဇနီးတစ်ဦးတည်း ကျန်တဲ့အခါ အရှင်မင်းကြီးက သူမကို အလွယ်တကူ ရယူနိုင်မှာ ဖြစ်ပါတယ်"

ဟု အကြံပြုကြသည်။

ဘုရင်ကြီးလည်း သူ့အမှုထမ်းများ၏ အကြံအတိုင်း လိုက်နာကာ အယ်မီလီယန်အား နန်းတော်သို့ လာရောက်၍

အလုပ်လုပ်ရန် အမိန့်ချမှတ်လိုက်လေသည်။ ထို့ပြင် အယ်မီလီယန် နန်းတော်၌ ရှိနေစဉ် ဇနီးသည်ပါ အတူရှိနေရမည်ဟူ၍လည်း မိန့်ဆိုသည်။

ဘုရင့်စေတမန်များသည် အယ်မီလီယန်ထံသို့ လာရောက်၍ ဘုရင်ကြီး၏အမိန့်ကို ပေးသည်။ ထိုအခါ အယ်မီလီယန်၏ဇနီးက အယ်မီလီယန်အား -

"ရှင် နန်းတော်မှာ တစ်နေ့လုံး အလုပ်သွားလုပ်ပါ။ ညကျရင်သာ ပြန်လာခဲ့ပါ"ဟု ပြောဆိုသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် နန်းတော်သို့ ထွက်ခွာလာခဲ့လေသည်။ အယ်မီလီယန်သည် နန်းတော်သို့ရောက်သော် ဘဏ္ဍာစိုးက သူ့အား -

"အသင် ဘာဖြစ်လို့ သင့်မိန်းမကို မခေါ်လာရတာလဲ"

ဟု မေးသည်။

ထိုအခါ အယ်မီလီယန်က ဘဏ္ဍာစိုးအား -

"ကျွန်ုပ် အလုပ်လုပ်ဖို့လာတာ။ ဘာဖြစ်လို့ ကျွန်ုပ်ဇနီးကို ဒီကိုခေါ်လာခဲ့ရမှာလဲ။ သူက အိမ်မှာနေရစ်ခဲ့ရမှာပေါ့"

ဟု ပြန်ပြောသည်။

နန်းတော်တွင် ဘုရင့်အမှုထမ်းများသည် အယ်မီလီယန်အား လူနှစ်ယောက်စာ လုပ်ရမည့်အလုပ်ကို ခိုင်းကြသည်။ သူသည် အလုပ်ကို စတင်လုပ်သည်။ အယ်မီလီယန်က ထိုအလုပ်များသည် တစ်နေ့တည်းနှင့် ပြီးလိမ့်မည်မဟုတ်ဟု မျှော်လင့်ထားသည်။

သို့သော် ညနေချိန် ရောက်လာသည့်အခါ အလုပ်များ

အားလုံး ပြီးစီးသွားလေသည်။

အယ်မီလီယန်၏အလုပ်များ ပြီးစီးသွားသည်ကို ဘဏ္ဍာစိုးမြင်သော် အယ်မီလီယန်အား နောက်တစ်နေ့တွင် ပထမနေ့ထက် လေးဆမျှရှိသော အလုပ်များကို ပေးလေသည်။ အယ်မီလီယန်လည်း အလုပ်များကို ပြီးစီးအောင် လုပ်သည်။

ထို့နောက် ညမိုးချုပ်ချိန်တွင် အိမ်သို့ ပြန်လာသည်။ အိမ်ရောက်တော့ အိမ်သည် သန့်ရှင်းသပ်ရပ်နေသည်ကို တွေ့မြင်ရသည်။ ညစာပင် ချက်ပြုတ်ပြီးစီး၍ စားရန်အဆင်သင့်ဖြစ်နေသည်။ သူ့ဇနီးသည် စားပွဲဘေးတွင်ထိုင်၍ အပ်ချုပ်ကာ သူ့ကို ထိုင်စောင့်နေသည်။ သူ့အား ဆီးကြိုနှုတ်ဆက်ကာ ညစာကို ကျွေးမွေးသည်။ ထို့နောက် သူ့အလုပ်အကြောင်းကို မေးမြန်းသည်။

အယ်မီလီယန်က -

"တော်တော်ဆိုးတဲ့အလုပ်တွေပဲ။ သူတို့က ငါ့ကို အလုပ်တွေ မနိုင်ရင်ကာ ပေးကြတယ်။ အလုပ်နဲ့ဖိပြီး သတ်ချင်တယ်နဲ့ တူတယ်"ဟု ဆိုသည်။

"အလုပ်အတွက် ဘာမှမပူပါနဲ့။ ရှင်ဟာ အလုပ်လုပ်နေရင်း အလုပ်တွေ ဘယ်လောက်ပြီးစီးသွားလို့ ဘယ်လောက်ကျန်နေသေးတယ်ဆိုတာကို လှည့်မကြည့်ပါနဲ့။ အလုပ်ကိုသာ ဆက်လုပ်သွားပါ။ အချိန်တန်ရင် ပြီးစီးသွားပါလိမ့်မယ်"

ဟု ပြောဆိုသည်။

ဘဏ္ဍာစိုးလည်း အယ်မီလီယန်အား အလုပ်များကို တစ်ခုပြီးတစ်ခု ဆက်တိုက်တိုးပေးကာ ခိုင်းလေသည်။ အလုပ်များကို သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးစီးအောင် လုပ်နိုင်စွမ်းသည့်

အယ်မီလီယန်ကို ကျွမ်းကျင်မှုလိုအပ်သည့်အလုပ်များကို တစ်ဖန် လုပ်ခိုင်းကြည့်ကြပြန်သည်။ မင်းမှုထမ်းများသည် အယ်မီလီယန် အား အုတ်စီလုပ်ငန်း၊ ကျောက်တုံးဖြတ်တောက် ထုခွဲသည့် လုပ်ငန်း၊ အိမ်အမိုးမိုးသည့်လုပ်ငန်း၊ လက်သမားလုပ်ငန်း စသည့် ကျွမ်းကျင်မှု လုပ်ငန်းမျိုးစုံကို ပေး၍ခိုင်းသည်။ သို့သော် အယ်မီ လီယန်သည် သူတို့ခိုင်းသမျှ အလုပ်များအားလုံးကို ပြီးစီးအောင် လုပ်နိုင်ခဲ့လေသည်။ ညနေ အချိန်တန်၍ အလုပ်များပြီးစီးသော် အယ်မီလီယန်သည် သူ့ဇနီးသည်ဆီသို့ ပြန်လာခဲ့သည်။

ထိုသို့ဖြင့် ဒုတိယတစ်ပတ်သည် ကုန်ဆုံးသွားပြန်လေ သည်။

ဘုရင်ကြီးသည် သူ့အမှုထမ်းများအား ခေါ်၍ -

"မင်းတို့ကို ကျွေးမွေးထားတာ အလကားပဲ။ အခု ဘာတစ်ခုမှ ဖြစ်မလာဘူး။ နှစ်ပတ်သာ အချိန်ကုန်သွားတယ်။ ဘာဖြစ်လာလို့လဲ။ မင်းတို့ကပြောတော့ အယ်မီလီယန်ကို အလုပ် တွေဖိခိုင်းပြီး သေအောင်လုပ်မယ်ဆို။ ခုတော့ အယ်မီလီယန်ဟာ ညနေတိုင်း ပျော်ပျော်ရွှင်ရွှင် သီချင်းတကြော်ကြော်နဲ့ အိမ်ပြန်သွား တာ ငါမြင်နေရတယ်။ ဘာလဲ မင်းတို့က ငါ့ကို အရူးလုပ်နေ လား"ဟု ကြိမ်းမောင်းပြောသည်။

ဘုရင့်အမှုထမ်းသည် ဘုရင်ကြီးအား ဆင်ခြေအသီးသီး ပေးကြသည်။

"ကျွန်တော်မျိုးတို့ရဲ့ ရည်ရွယ်ချက်ကတော့ သူ့ကို အလုပ်ကြမ်းတွေ များများပေးပြီးခိုင်းရင် မောပန်းပြီး သေအောင် လို့ပါ။ ဒါပေမဲ့ သူဟာ ဘယ်အလုပ်ကိုမဆို မောပန်းမှုမဖြစ်ဘဲ

အမှိုက်တွေကို လှဲကျင်းပစ်လိုက်သလို ပြီးစီးအောင် လုပ်နိုင်တာကို တွေ့ရပါတယ်''

''ဒါပေမဲ့ ကျွန်တော်မျိုးတို့မှာ ဒီအတိုင်း မနေပါဘူး။ သူ့ကို သူမလုပ်နိုင်ဘူးထင်တဲ့ ကျွမ်းကျင်မှုလုပ်ငန်းတွေကို ဆက်ခိုင်းပါတယ်။ ဒါပေမဲ့ သူဟာ အဲဒီလုပ်ငန်းကိုလည်း လွယ်လွယ်ကူကူနဲ့ ပြီးစီးအောင် လုပ်နိုင်ပြန်ပါတယ်။ ကျွန်တော်မျိုးတို့အထင်တော့ သူနဲ့ သူ့ဇနီး တစ်ဦးဦးဟာ မှော်ပညာကို အသုံးပြုနေပြီထင်ပါတယ်''

''ကျွန်တော်မျိုးတို့ကိုယ်တိုင်လည်း သူ့ကို စိတ်ပျက်ငြီးငွေ့လှပါပြီ။ ဒါကြောင့် ကျွန်တော်မျိုးတို့ဟာ သူ မလုပ်ကိုင်နိုင်တဲ့ အလုပ်တစ်ခုခုရှာဖွေဖို့ ကြိုးပမ်းနေကြပါတယ်။ အခု ကျွန်တော်မျိုးတို့ အယ်မီလီယန်ကို တစ်နေ့တည်းနဲ့အပြီး ဘုရားရှိခိုးကျောင်းဆောက်ခိုင်းဖို့ ဆုံးဖြတ်လိုက်ကြပါပြီ။ တကယ်လို့ သူဟာ ဘုရားရှိခိုးကျောင်းကို တစ်နေ့တည်းနဲ့ မဆောက်နိုင်ဘူးဆိုရင် သူ့ခေါင်းကိုဖြတ်မယ်လို့ မိန့်ကြားတော်မူပါ''ဟု ပြောဆိုကြလေသည်။

ဘုရင်ကြီးသည် အယ်မီလီယန်ကို ဆင့်ခေါ်လိုက်သည်။ အယ်မီလီယန်သည် နန်းတော်သို့ရောက်သော် ဘုရင်ကြီးက အယ်မီလီယန်အား-

''ကဲ…ငါ့အမိန့်ကိုနာခံ။ ငါ့နန်းတော်နဲ့ မျက်နှာချင်းဆိုင် မြေကွက်လပ်မှာ ငါ့အတွက် ဘုရားရှိခိုးကျောင်း အသစ်တစ်ခုကို ဆောက်ပေးရမယ်။ သင့်ကို မနက်ဖြန်ညနေအထိ အချိန်ပေးမယ်။ ဘုရားရှိခိုးကျောင်းကို မနက်ဖြန်ညနေမတိုင်မီ ပြီးစီး

အောင် ဆောက်လုပ်နိုင်ရင် သင့်ကို ဆုတော်လာဘ်တော် ပေးသနားတော်မူမယ်။ အေး… မပြီးသေးဘူးဆိုရင်တော့ သင့်ခေါင်းပြတ်ပြီသာမှတ်''ဟု မိန့်တော်မူလေသည်။

အယ်မီလီယန်သည် ဘုရင်ကြီး၏ တစ်ချက်လွှတ်အမိန့်ကို ကြားနာပြီးနောက် သူသည် အိမ်သို့ ဝမ်းနည်းစွာဖြင့် ပြန်လာခဲ့သည်။ သူ့ဘဝ အဆုံးသတ်လုနီးပြီဟူ၍ တွေးထင်မိသည်။

သူသည် အိမ်ပြန်ရောက်သော် သူ့ဇနီးသည်အား-

''မိန်းမရေ…ငါတို့ ဒီကပြေးဖို့ အဆင်သင့်ပြင်ဆင်ထားပေတော့။ ဒါမှမဟုတ်ရင် ငါဟာ ဘာမှအပြစ်မရှိဘဲ အသတ်ခံရလိမ့်မယ်''ဟု ပြောဆိုလေသည်။

ထိုအခါ အယ်မီလီယန်၏ဇနီးက သူ့အား-

''ဘာဖြစ်လို့ ကြောက်လန့်နေရတာလဲ။ ဘာကြောင့်ဒီနေရာက ထွက်ပြေးရမှာလဲ''ဟု စိုးရိမ်တကြီးမေးလေသည်။

အယ်မီလီယန်က-

''ငါ ဘယ်လိုလုပ် မကြောက်ဘဲနေလို့ ဖြစ်မလဲ။ ဘုရင်ကြီးက ဘုရားရှိခိုးကျောင်းတစ်ဆောင်ကို မနက်ဖြန် တစ်နေ့တည်းနဲ့ အပြီးဆောက်ပေးရမယ်လို့ အမိန့်ပေးထားတယ်ကွ။ ငါမဆောက်နိုင်ရင် ငါ့ခေါင်းကို ဖြတ်မယ်တဲ့။ ဒါကြောင့် တို့တတ်နိုင်တာ တစ်ခုတည်းရှိတယ်။ အဲဒါကတော့ အချိန်ရှိတုန်း ဒီကနေလစ်ကြဖို့ပဲ''ဟု ပြောဆိုသည်။

သို့သော် အယ်မီလီယန်၏ဇနီးသည် အယ်မီလီယန်၏ပြောကြားချက်ကို သဘောမတူချေ။ သူ့ဇနီးက-

''ဘုရင်ကြီးမှာ ရဲမက်တွေက အများကြီးရယ်။ ဘယ်ကို



ပြေးပြေး သူတို့ဖမ်းဆီးတာကို ခံရမှာပဲ။ သူ့လက်က လွတ်လမ်း မရှိဘူး။ ဒါကြောင့် ကျွန်မတို့မှာ အင်အားရှိသရွေ့ ဘုရင်ကြီးရဲ့ စကားကို နားထောင်ရမှာပဲ''ဟု ဆိုသည်။

ထိုအခါ အယ်မီလီယန်က သူ့ဇနီးအား-

''ငါမှ သူခိုင်းတဲ့အလုပ်ကို လုပ်ဖို့ စွမ်းအားမရှိဘဲ။ သူ့စကားကို ဘယ်လိုလုပ် နားထောင်နိုင်မှာလဲ''ဟု ဆိုသည်။

''ရှင် သတ္တိသာ မွေးစမ်းပါ။ ကဲပါရှင် ထမင်းသွားစား ပြီး အိပ်ပေတော့။ မနက်စောစောထ သင့်အလုပ်တွေအားလုံး အချိန်မီ ပြီးစီးသွားလိမ့်မယ်''

ဟု အယ်မီလီယန်၏ ဇနီးက ပြောဆိုလေသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် အိပ်ရာထဲတွင် လဲလျောင်း ကာ အိပ်စက်လေသည်။ နောက်နေ့နံနက်တွင် သူ့ဇနီးက အယ်မီ လီယန်အား အိပ်ရာမှနှိုးကာ-

''မြန်မြန်သွား ဘုရားရှိခိုးကျောင်းကို အပြီးသတ်လိုက်။ ဒီမှာ တူနဲ့သံ။ တစ်နေ့တာ လုပ်ရမယ့်အလုပ် ကျန်သေးတယ်'' ဟု ပြောလေသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် မြို့ထဲသို့ ထွက်လာခဲ့ သည်။ နန်းတော်ရင်ပြင်သို့ရောက်သော် နန်းတော်ကြီးနှင့် မျက်နှာ ချင်းဆိုင်နေရာတွင် ကြီးမားသော ဘုရားရှိခိုးကျောင်းကြီးတစ်ခု ကို တွေ့မြင်လိုက်ရလေသည်။ ဘုရားရှိခိုးကျောင်းကြီးကား ပြီးစီး လုနီးနေပြီဖြစ်သည်။ အယ်မီလီယန်သည် ဘုရားရှိခိုးကျောင်းတွင် လိုအပ်သည့်နေရာများကို ပြီးစီးအောင် စတင်လုပ်ကိုင်လေတော့ သည်။

ဘုရင်ကြီးသည် အိပ်ရာမှနိုး၍ ပြတင်းပေါက်မှ နန်းတော် အပြင်သို့ ကြည့်လိုက်ရာ ကြီးမားသော ဘုရားရှိခိုးကျောင်းကြီးကို တွေ့မြင်သွားလေသည်။ အယ်မီလီယန်သည် ဘုရားရှိခိုးကျောင်း ကြီး၏ လိုအပ်သည့် နေရာများတွင် သံများ လိုက်လံရိုက်နေလေ သည်။ ဘုရင်ကြီးသည် ဘုရားရှိခိုးကျောင်း ပြီးစီးသွားသည်ကို မြင်သော် များစွာ စိတ်မချမ်းမြေ့ဖြစ်သွားသည်။ စိတ်အနှောင့် အယှက်ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဘုရင်ကြီးသည် အယ်မီလီယန်ကို မသတ်နိုင်၍ သူ့ဇနီးကို မရနိုင်တော့သောကြောင့် ဖြစ်သည်။

ထိုသို့ဖြင့် ဘုရင်ကြီးသည် သူ့အမှုထမ်းများကို ထပ်မံ၍ ခေါ်လိုက်ပြန်လေသည်။

"မင်းတို့ခိုင်းသမျှ ဒီကောင် လုပ်ပြီးသွားပြန်ပြီ။ သူ့ကို သတ်ဖို့ အကြောင်းရှာစရာ မလိုတော့ဘူး။ ဒီလောက်ခက်ခဲတဲ့ အလုပ်ကို ဒီကောင်လုပ်နိုင်တယ်။ ဒီကောင် မလုပ်နိုင်တဲ့ ဒီထက် ပိုခက်ခဲတဲ့ အလုပ်ကို ရှာကြံကြစမ်း။ အေး…ရှာလို့မရဘူးဆိုရင် တော့ ဟိုကောင့်ခေါင်းရော မင်းတို့ခေါင်းပါ ဖြတ်ရလိမ့်မယ်"

ဟု ဘုရင်ကြီးက သူ့အမှုထမ်းများကို ကြုံးဝါးလေသည်။

ဘုရင်ကြီး၏ ဒေါသစကားကိုကြားသော် အမှုတော်ထမ်း များက အယ်မီလီယန်အား နန်းတော်ပတ်လည်တွင် သင်္ဘောများ သွားလာနေသော မြစ်ကြီးတစ်ခုကို ပြုလုပ်ခိုင်းပါဟု ဘုရင်ကြီး အား လျှောက်တင်ကြလေသည်။

ထိုသို့ဖြင့် ဘုရင်ကြီးသည် အယ်မီလီယန်အား နန်းတော် ပတ်လည်တွင် လှေသင်္ဘောများ သွားလာနေသည့် မြစ်ကြီးတစ်ခု

ကို ပြုလုပ်ရန် အမိန့်ပေးလေသည်။ ထို့ပြင် ဘုရင်ကြီးက အယ်မီလီယန်အား-

"အသင်ဟာ ဘုရားရှိခိုးကျောင်းကြီးကို တစ်နေ့ဟည်းနဲ့ အပြီးဆောက်နိုင်သေးတာပဲ။ အခုခိုင်းတဲ့အလုပ်ဟာ သင့်အဖို့ ဘာမှ မလုပ်နိုင်စရာအကြောင်း မရှိဘူး။ မနက်ဖြန်ခါမှာ အားလုံး ပြီးစီးနေရမယ်။ မပြီးစီးဘူးဆိုရင်တော့ သင့်ခေါင်းကို ဖြတ်မှာပဲ"ဟု ဆိုသည်။

အယ်မီလီယန်သည် ဘုရင်ကြီး၏စကားကိုကြားသော် ယခင်ကထက်ပို၍ စိတ်ဒုက္ခဖြစ်မိသည်။ သောကပွားမိသည်။



သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် အိမ်သို့ ပြန်လာသည်။ သူ့ဇနီး သည်သည် သူ့ကိုမြင်သော်-

"ရှင် ဘာဖြစ်လာပြန်ပြီလဲ။ မျက်နှာလည်း မသာမယာနဲ့ ပါလား။ ဘုရင်ကြီးက ရှင့်ကို ပိုပြီးခက်ခဲတဲ့ အလုပ်တစ်ခုခု လုပ်ခိုင်းပြန်ပြီနဲ့တူတယ်"ဟု ပြောဆိုသည်။

အယ်မီလီယန်လည်း ဘုရင်ကြီး၏ နောက်ဆုံးခိုင်းစေ ချက်ကို ပြောပြသည်။ ထို့နောက် အယ်မီလီယန်သည် သူ့ဇနီး အား-

"ငါတို့ ပြေးကြအောင်စို့လား"ဟု ဆိုသည်။

သို့သော် သူ့ဇနီးက-

"ကျွန်မတို့ဟာ ဘုရင်ကြီးရဲ့ ရဲမက်တော်တွေကြားက လွတ်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့ ဘယ်ကိုပဲပြေးပြေး မိမှာ အမှန်ပဲ။ ရှင်ဟာ ဘုရင်ကြီးရဲ့စကားကို နားထောင်ပြီး သူခိုင်းတဲ့ အတိုင်းသာ လုပ်ရုံပဲရှိတယ်"ဟု ပြောဆိုသည်။

ထိုအခါ အယ်မီလီယန်က-

"ငါက သူခိုင်းတဲ့အလုပ်ကို ဘယ်လိုလုပ်နိုင်မှာတုံး" ဟု ပြန်ပြောသည်။

အယ်မီလီယန်၏ဇနီးက-

"အို...ကျွန်မယောကျ်ားရယ် ဒါတွေကို ဘာမှစိုးရိမ် သောက မဖြစ်ပါနဲ့။ အခု ညစာကိုစားပြီး စိတ်ချလက်ချ သွား အိပ်ပေတော့။ မနက်စောစောသာထ။ အလုပ်တွေအားလုံး အချိန်မီ ပြီးသွားလိမ့်မည်"ဟု ပြောဆိုသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် အိပ်ရာထက်တွင် လဲ

လျှောင်း၍ အိပ်လိုက်လေသည်။ နံနက်လင်းသော် သူ့ဇနီးက သူ့ကိုနှိုးပြီး–

"ရှင် နန်းတော်ဆီကို သွားပေတော့။ အားလုံးဟာ အဆင်သင့် ပြီးစီးနေလိမ့်မယ်။ ရှင်လုပ်ရမယ့်အလုပ်ဟာ တစ်ခုပဲ ကျန်တော့တယ်။ အဲဒါ ဘာလဲဆိုရင် နန်းတော်ရှေ့ မြစ်ကမ်းပါးမှာ မြေကြီးပုံတစ်ပုံကို တွေ့လိမ့်မယ်။ ရှင်ဟာ အဲဒီမြေပုံကြီးကို ပေါက်ပြားနဲ့ ညှိရုံပဲ။ ညှိပြီးရင် ရှင့်အလုပ်တွေအားလုံး ပြီးစီးသွားပြီ"ဟု ဆိုသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် နန်းတော်သို့ ရောက်ရှိလာလေသည်။ ဘုရင်ကြီးသည် အိပ်ရာမှနိုးသော် ယခင်က မြစ်ဟူ၍ မရှိခဲ့ဖူးသောနေရာတွင် မြစ်ကြီးတစ်စင်းကို အံ့ဖွယ်တွေ့မြင်ရလေသည်။ မြစ်ထဲတွင် သင်္ဘောများ အစုန်အဆန် သွားလာလျက်ရှိသည်ကို တွေ့မြင်ရသည်။

အယ်မီလီယန်သည် ပေါက်ပြားတစ်ခုဖြင့် မြေပုံကြီးကို ညှိလျက်ရှိသည်။ ဘုရင်ကြီးသည် ထိုအခြင်းအရာကိုမြင်သော် များစွာ စိတ်မချမ်းမြေ့ ဖြစ်သွားသည်။ ဘုရင်ကြီးသည် အယ်မီလီယန်အား သတ်ရန် မဖြစ်နိုင်တော့၍ ဒေါသထွက်မိလေသည်။

"ဒီလောကမှာ ဒီကောင် မလုပ်နိုင်တာဆိုတာ မရှိတော့ဘူး"

ဟု ဆိုကာ သူ့အမှုထမ်းများကိုခေါ်၍ အကြံဉာဏ်များကို တောင်းခံပြန်လေသည်။

ဘုရင်ကြီးက အမှုထမ်းများအား–

"ဒီကောင် မတတ်နိုင်တာကို စဉ်းစားကြည့်စမ်း။ ငါတို့

ပေးသမျှအလုပ်ကို ဒီကောင် လုပ်နိုင်တာချည်းပဲ။ ဒါကြောင့် ငါ သူ့မိန်းမကို ယူလို့ကို မရဘူးဖြစ်နေတယ်"

ဟု ညည်းညူပြောဆိုလေသည်။

ဘုရင့်အမှုထမ်းများကလည်း အယ်မီလီယန် မစွမ်းနိုင်သည့်အလုပ်ကို အပြန်ပြန်အလှန်လှန် ကြံစည်စဉ်းစားကြသည်။ နောက်ဆုံးတွင် သူတို့သည် ပရိယာယ်တစ်ခုကို စဉ်းစားမိသည်။ သူတို့သည် ဘုရင်ကြီးထံသို့ ရောက်ရှိလာကြပြီး ဘုရင်ကြီးအား

"အရှင်မင်းကြီး အယ်မီလီယန်ကို ဘယ်နေရာမှန်းမသိတဲ့နေရာကို သွားပြီး ဘာမှန်းမသိအရာကို ယူလာခဲ့ပါလို့ ခိုင်းပါ။ ဒါဆို သူဟာ အရှင်မင်းကြီးလက်က လွတ်မှာမဟုတ်တော့ဘူး။ သူ ဘယ်ကိုပဲသွားသွား အရှင်မင်းကြီးက သူသွားတဲ့အရပ်ကို သွားခိုင်းတဲ့အရပ်မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ ဒီလိုပဲ သူ ဘာကိုပဲ ယူလာခဲ့ ယူလာခဲ့ ယူလာတဲ့ပစ္စည်းဟာ ယူခိုင်းတဲ့ ပစ္စည်း မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်"

ဘုရင်ကြီးသည် အမှုထမ်းများ၏ အကြံပေးချက်ကို များစွာသဘောကျသွားလေသည်။ ထို့နောက် ဘုရင်ကြီးသည် အယ်မီလီယန်အား သူ့ထံသို့လာရန် ဆင့်ခေါ်လိုက်လေသည်။

ထို့နောက် ဘုရင်ကြီးသည် အယ်မီလီယန်အား -

"အသင် ဟိုကိုသွားပါ။ အဲဒီနေရာကို ငါလည်းမသိဘူး။ အဲဒီနေရာရောက်ရင် ဟိုပစ္စည်းကို ယူလာခဲ့။ ဘာပစ္စည်းလည်းဆိုတာ ငါလည်းမသိဘူး။ ငါပြောတဲ့အတိုင်း မလုပ်ဆောင်နိုင်ရင် မင်းခေါင်းကို ဖြတ်ရလိမ့်မယ်" ဟု မိန့်ဆိုလေသည်။

အယ်မီလီယန်လည်း အိမ်သို့ပြန်လာကာ ဘုရင်ကြီး၏

မိန့်ကြားချက်ကို သူ့ဇနီးအား ပြန်လည်ပြောပြလေသည်။ ထိုအခါ သူ့ဇနီးသည်သည် စဉ်းစားတွေးတောလာရပေပြီ။

အယ်မီလီယန်၏ဇနီးက-

"ဘုရင့်အမှုထမ်းတွေက ရှင့်ကိုဖမ်းဖို့ ဘုရင်ကြီးကို သင်ပေးလိုက်ကြပြီ။ အခု ကျွန်မတို့ တော်တော်သတိထားရတော့မယ်"ဟု အယ်မီလီယန်အား ပြောဆိုလေသည်။

ထို့နောက် အယ်မီလီယန်၏ဇနီးသည် ထိုင်၍စဉ်းစားကာ မည်သို့လုပ်ရမည်ဆိုသည်ကို အကြံထုတ်နေလေသည်။ နောက်ဆုံးတွင် သူ့ခင်ပွန်း အယ်မီလီယန်အား-

"ရှင် ရပ်ဝေးတစ်နေရာကို သွားရမယ်။ အဲဒီမှာ ကျွန်မတို့မိသားစုရဲ့ အကြီးအကဲဖြစ်တဲ့ ကျွန်မတို့အရပ်က အဘွားအိုကို ရှာရမယ်။ ရှင်ဟာ သူ့ဆီက အကူအညီတောင်းခံရမယ်။ အဘွားက ရှင့်ကို ကောင်းတဲ့အကြံဉာဏ်ပေးခဲ့ရင် ရှင်နန်းတော်ကို ချက်ချင်းပြန်လာပါ။

ဘုရင့်အမှုထမ်းတွေက ကျွန်မကို အတင်းအဓမ္မခေါ်ဆောင်မှာမို့ ကျွန်မ နန်းတော်သို့ ရောက်နေပါလိမ့်မယ်။ အချိန်ဟာ သိပ်မရှိတော့ပါဘူး။ ရှင်ဟာ အဘွားရဲ့ပြောကြားချက်အတိုင်း လုပ်ရင် ကျွန်မကို ကယ်တင်နိုင်ပါလိမ့်မယ်"

ဟု အကြံပေးလေသည်။

ထိုသို့ဖြင့် အယ်မီလီယန်၏ဇနီးသည် အယ်မီလီယန်အား ခရီးထွက်ရန် အဆင်သင့် ပြင်ဆင်ပေးလေသည်။ ထို့နောက် အယ်မီလီယန်အား ခရီးဆောင်အိတ်နှင့် လွန်းတစ်ခုကို ပေးလိုက်ပြီး -

"ရှင် ဒီလွန်းကိုယူသွားပြီး ကျွန်မရဲ့အဘွားကို ပေးလိုက်ပါ။ ဒါဆိုရင် အဘွားက ရှင်ဟာ ကျွန်မယောကျ်ားလို့ သိသွားပါလိမ့်မယ်"

ဟု အယ်မီလီယန်ကို မှာကြားလေသည်။ ထို့နောက် အယ်မီလီယန်အား လမ်းကို ညွှန်ပြလိုက်လေသည်။

အယ်မီလီယန်သည် မြို့မှ ထွက်ခွာလာပြီးနောက် စစ်သားများ ခေါက်တုံ့ခေါက်ပြန် ချီတက်သွားလာနေသော နေရာသို့ ရောက်ရှိလာခဲ့သည်။ အယ်မီလီယန်သည် သူတို့ထံသွား၍-

"နောင်ကြီးတို့ရယ်၊ ဘယ်နေရာဆိုတာ ငါမသိဆိုတဲ့ အရပ်ကိုသွားတဲ့လမ်းရယ်၊ ဘာဆိုတာ ငါမသိဆိုတဲ့အရာကို ယူလာဖို့ရယ် နည်းလမ်းလေးများ သိကြပါသလားခင်ဗျာ"

ဟု မေးမြန်းလေသည်။

စစ်သားများသည် သူ့စကားကို အံ့သြစွာ နားထောင်ပြီးနောက်-

"ဒါတွေရှာဖွေဖို့ သင့်ကို ဘယ်သူက စေခိုင်းလိုက်သလဲ"

ဟု မေးမြန်းလေသည်။

အယ်မီလီယန်က ဘုရင်ကြီး စေခိုင်းခြင်းဖြစ်ကြောင်း ဖြေကြားသည်။

စစ်သားများက-

"ကျွန်ုပ်တို့လည်း စစ်သားတွေဖြစ်လာတဲ့နေ့က စပြီး ကျွန်ုပ်တို့ကိုယ်တိုင် မသိတဲ့အရပ်ကို လာခဲ့တာ အခုထိ မရောက်သေးဘူး။ ကျွန်ုပ်တို့ မသိတဲ့အရာ ယူလာဖို့ဆိုတာကလည်း အခု

အထိ မရသေးဘူး။ ဒါကြောင့် သင့်ကို မကူညီနိုင်ဘူး''

ဟု ပြောဆိုသည်။ ထို့နောက် အယ်မီလီယန်သည် စစ်သားများနှင့် ခေတ္တမျှ စကားစမြည် ပြောဆိုပြီးနောက် ခရီးဆက်လက်ထွက်ခွာခဲ့သည်။ သူသည် မိုင်ပေါင်းများစွာ လျှောက်လာခဲ့ပြီးနောက် နောက်ဆုံးတွင် တောအုပ်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ တောအုပ်ထဲတွင် တဲတစ်လုံးကို တွေ့ရပြီး တဲထဲတွင် အဘွားအိုတစ်ယောက် ထိုင်နေလေသည်။

ထိုအဘွားအိုသည် သူ့ဇနီး၏ မျိုးနွယ်ဝင် အကြီးအကဲဖြစ်သည်။ အဘွားအိုသည် ဗိုင်းငင်လျက်ရှိသည်။ ဗိုင်းငင်ရင်း ငိုယိုနေသည်။

သူ၏မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျနေသည်။

အဘွားအိုသည် ဗိုင်းတောင့်များအား တံတွေးဆွတ်ရမည့်အစား မျက်ရည်ကိုသုတ်ကာ လက်ထဲမှ မျက်ရည်များဖြင့် ဗိုင်းတောင့်ကို စိုစွတ်စေသည်။

အဘွားအိုသည် အယ်မီလီယန်ကို မြင်သော်-

''မင်း ဘာလို့ ဒီကိုလာရသလဲ''

ဟု မေးလေသည်။ အယ်မီလီယန်က အဘွားအိုအား ဗိုင်းတောင့်ကိုပေးပြီး သူ့ဇနီးက စေလွှတ်လိုက်၍ လာရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

အဘွားအိုလည်း အယ်မီလီယန်အား တစ်ခဏချင်းပင် ခင်မင်သွားလေသည်။ ထို့နောက် အဘွားအိုသည် အယ်မီလီယန်အကြောင်း မေးမြန်းသည်။

အယ်မီလီယန်ကလည်း သူ့အကြောင်းကို ပြောပြသည်။

သူသည် သူ့ဇနီးကို မည်သို့ရယူခဲ့ပုံ၊ သူတို့နှစ်ဦး မြို့တွင် မည်သို့နေထိုင်ခဲ့ပုံ၊ မည်သို့သောအလုပ်ကို လုပ်ခဲ့ရပုံ၊ နန်းတော်တွင် မည်သို့သောအလုပ် လုပ်ခဲ့ရပုံ၊ ဘုရားရှိခိုးကျောင်းကြီး ဆောက်ခဲ့ရပုံ၊ သင်္ဘောများ သွားလာနေသော မြစ်ကြီးကို မည်သို့ဆောက်ခဲ့ရပုံ၊ ထို့နောက် ဘုရင်ကြီးက သူ့အား မသိသည့်နေရာကိုသွားပြီး ဘာဆိုသည်မသိသည့် အရာကို ယူခိုင်းပုံ စသည်တို့ကို အစအဆုံး ပြောပြလေသည်။

အဘွားအိုလည်း အယ်မီလီယန်ပြောကြားချက်ကို နားထောင်ပြီးနောက် အငိုရပ်ကာ-

"အချိန်တော့တန်ပြီ"

သူ့ကိုယ်သူ တီးတိုးစကားဆိုကာ အယ်မီလီယန်အား-

"ကောင်းပြီလူလေး၊ လူကလေးကို တစ်ခုခုကျွေးမယ်"



ဟုဆိုသည်။ အယ်မီလီယာန်လည်း အဘွားအိုကျွေးသည့် အစားအစာများကို စားသုံးသည်။ ထို့နောက် အဘွားအိုက အယ်မီလီယာန်အား ဘာလုပ်ရမည်ဆိုသည်ကို ပြောပြသည်။

"ဒီမှာ အပ်ချည်တစ်လုံး။ ဒီအပ်ချည်လုံးကို လူကလေးရှေ့မှာ လှိမ့်လိုက်ပါ။ အဲဒီနောက် လူကလေးဟာ အဲဒီအပ်ချည်လုံး လိမ့်သွားတဲ့အတိုင်း လိုက်သွားပါ။ ပင်လယ်ကိုရောက်တဲ့အထိ ခပ်ဝေးဝေးသွားရမယ်။ အဲဒီကိုရောက်တဲ့အခါ မြို့ကြီးတစ်မြို့ကို တွေ့ရလိမ့်မယ်။ လူကလေးဟာ မြို့ထဲသို့ ဝင်လိုက်ပါ။ မြို့အစွန်ဆုံးက အိမ်တစ်အိမ်ကိုသွားပြီး အိပ်ရာတစ်နေရာတောင်းပါ။ အဲဒီနေရာမှာ လူကလေး ရှာဖွေနေတဲ့ပစ္စည်းကို တွေ့ပါလိမ့်မယ်"

ဟု အဘွားအိုက အယ်မီလီယာန်အား ရှင်းလင်းပြောဆိုလေသည်။

ထိုအခါ အယ်မီလီယာန်က-

"အဲဒီပစ္စည်းကိုမြင်တဲ့အခါ ကျွန်တော်ရှာဖွေနေတဲ့ ပစ္စည်းမှန်း ဘယ်လိုလုပ်သိပါ့မလဲ အမေရယ်"

ဟု ညည်းတွားပြောဆိုလေသည်။

"လူကလေး မိဘစကားကို လျှင်လျှင်မြန်မြန် နားခံတတ်တဲ့နေရာမှာ ယောက်ျားတွေထက် ပိုမိုနာခံတတ်တဲ့ အရာဝတ္ထုဟာ လူကလေးရှာဖွေနေတဲ့ အရာဝတ္ထုဖြစ်တယ်။ အဲဒီအရာဝတ္ထုကို လုယူပြီး ဘုရင်ကြီးကို ဆက်သလိုက်ပါ။ အဲဒီအခါမှာ ဘုရင်ကြီးက ဒီအရာဝတ္ထုပစ္စည်း မဟုတ်ဘူးလို့ ဆိုလိမ့်မယ်။ လူကလေးဟာ ဒါမမှန်ဘူးဆိုရင် ဒါကို ရိုက်ခွဲပစ်လိုက်မယ်လို့ လျှောက်တင်လိုက်ပါ။ အဲဒီနောက် လူကလေးဟာ ဒီအရာဝတ္ထုကို တီးခတ်ပြီး

မြစ်ဆိပ်ကို သယ်ဆောင်သွားပါ။ မြစ်ဆိပ်ရောက်တဲ့အခါ ဒီအရာဝတ္ထုကို အပိုင်းပိုင်းဖြစ်အောင် ရိုက်ခွဲချိုးဖဲ့ပြီး မြစ်ထဲပစ်ချလိုက်ပါ။ ဒီလိုဆိုရင် လူကလေးဟာ လူကလေးရဲ့ဇနီးကို ပြန်ရယူနိုင်မှာဖြစ်ပြီး အဘွားရဲ့မျက်ရည်တွေဟာလည်း ခန်းခြောက်သွားစေနိုင်မှာ ဖြစ်ပါတယ်''ဟု ပြောဆိုသည်။

အယ်မီလီယာန်လည်း အဘွားအိုကြီးကို နှုတ်ဆက်ကာ ချည်လုံးကို သူ့ရှေ့တွင် လှိမ့်ချလိုက်လေသည်။ နောက်ဆုံးတွင် သူသည် ပင်လယ်ဝသို့ ရောက်ရှိသွားသည်။ သူသည် ပင်လယ်နားတွင် မြို့ကြီးတစ်မြို့ကို တွေ့သည်။ မြို့အစွန်အဖျားတွင် ကြီးမားသော အိမ်ကြီးတစ်လုံးရှိသည်။ အိမ်ကြီးတွင် အယ်မီလီယာန်က အိပ်ရာတစ်နေရာ တောင်းယူရရှိသည်။ သူသည် လဲလျောင်း၍ အိပ်စက်သည်။

နံနက်မိုးလင်း၍ နိုးလာသောအခါ ဖခင်က သားအား ထင်းသွားခုတ်ရန် ပြောဆိုသံကို ကြားရသည်။ သားက အဖေ၏ စကားကို နားမထောင်ချေ။

''အဖေကလည်း အစောကြီးရှိသေးတယ်။ ခုမှ အိပ်လို့ ကောင်းသေးတာ''ဟု သားက သူ့အဖေအား ပြောဆိုလေသည်။

ထိုအခါ မိခင်ဖြစ်သူက -

''သားရယ်၊ မင်းအဖေ အရိုးအဆစ်တွေ ကိုက်ခဲနေလို့ မင်းအဖေက မင်းအစား သွားရမှာလား။ ဒါ အိပ်ချိန်မဟုတ်တော့ဘူး။ ထပြီးသွားတော့''ဟူသော ပြောသံကို ထပ်မံကြားရသည်။

သားဖြစ်သူလည်း တီးတိုးစကား အနည်းငယ်ပြောကာ ပြန်အိပ်ပျော်သွားလေသည်။ သူသည် အိပ်ပျော်ကာစရှိသေးချိန်

ငွင် လမ်းမပေါ်မှ မိုးကြိုးပစ်သံကဲ့သို့သော အသံကြီးကို ကြား လိုက်၍ အိပ်ရာမှ နိုးလာခဲ့သည်။

သူသည် အိပ်ရာမှ ချက်ချင်းထကာ အဝတ်အစားများကို ကပျာကယာလဲ၍ လမ်းမပေါ်သို့ ပြေးလာခဲ့လေသည်။ အယ်မီလီ ယန်လည်း သူ့နည်းအတူ အိပ်ရာမှချက်ချင်းထကာ မိဘစကား ထက် လျှင်မြန်စွာ နာခံစေသည့် အရာဝတ္ထုသည် မည်သည့်ပစ္စည်း ဖြစ်သနည်းဆိုသည်ကို သိလို၍ သူ့နောက်ကို လိုက်သွားလေသည်။

လူတစ်ယောက်သည် အရာဝတ္ထုတစ်ခုအား သူ့ဝမ်းဗိုက် နှင့်ကပ်ကာ ချည်၍ သယ်ဆောင်သွားသည်ကို တွေ့ရလေသည်။ ထိုလူသည် တုတ်ဖြင့် ထိုအရာဝတ္ထုကြီးကို ရိုက်ခွဲနေလေသည်။

မိုးကြိုးပစ်သကဲ့သို့သော အသံကြီးသည် သူရိုက်ခတ်၍ ထွက်ပေါ်လာသော အသံပင် ဖြစ်သည်။ အမိအဘထက် လျှင်မြန် စွာ နာခံစေသော အရာဝတ္ထုသည် ထိုသူရိုက်ခတ်နေသော အရာ ဝတ္ထုပင်ဖြစ်သည်။ အယ်မီလီယန်သည် ထိုအရာဝတ္ထုကို သွား ရောက်ကြည့်ရှုသည်။

ထိုအရာဝတ္ထုကြီးသည် ဝိုင်း၍ စည်ပိုင်းကြီးနှင့် သဏ္ဍာန် တူသည်။ အစွန်းတစ်ဖက်တစ်ချက်စီတွင် သားရေဖြင့် ကျတ်ထား သည်။ အယ်မီလီယန်က ထိုအရာဝတ္ထုကို ရိုက်ခတ်တီးနေသော ပုဂ္ဂိုလ်အား -

“ဒီပစ္စည်းကို ဘယ်လိုခေါ်ပါသလဲ”ဟု မေးလိုက်သည်။

ထိုအခါ -

“ဒါဟာ စည်ပေါ့”ဟု ပြန်ဖြေသည်။ အယ်မီလီယန် က-

"အထဲမှာ ဘာမှလည်းမရှိပါလား"ဟု မေးသည်။

"ဟုတ်တယ် အထဲမှာ ဘာမှမရှိပါဘူး"ဟု ပြောသည်။

အယ်မီလီယန်သည် အံ့သြသွားသည်။ စည်ကြီးအား သူ့ကိုပေးရန် တောင်းဆိုသည်။ သူတို့က စည်ကြီးကို မပေးချေ။ ထို့နောက် အယ်မီလီယန်သည် ထပ်မံစကားမဆိုတော့ဘဲ စည်သမားနောက်မှ အစဥ်တစိုက် လိုက်ပါသွားလေတော့သည်။

တစ်နေ့တာလုံးလုံး စည်တီးသမားနောက်သို့ တကောက်ကောက် လိုက်ပါခဲ့သည်။ နောက်ဆုံး အိပ်စက်လဲလျောင်းနေစဥ် အယ်မီလီယန်သည် စည်ကြီးကိုလုယူ၍ ထွက်ပြေးလာသည်။

အယ်မီလီယန်သည် သူ့မြို့သို့ အပြေးနှင်လာခဲ့သည်။ အယ်မီလီယန်သည် သူ့ဇနီးအိမ်သို့ သွားရောက်ရာ အိမ်တွင် သူ့ဇနီး မရှိသည်ကို တွေ့ရလေသည်။ အယ်မီလီယန် ခရီးထွက်လာခဲ့ပြီး နောက်တစ်နေ့တွင် ဘုရင်ကြီးသည် သူ့ဇနီးကို နန်းတော်သို့ ခေါ်ဆောင်သွားခဲ့ချေပြီ။

ထို့နောက် အယ်မီလီယန်သည် ဘုရင်ကြီး၏ နန်းတော်သို့ လိုက်သွားသည်။ အယ်မီလီယန်သည် ဘုရင်ကြီးထံသို့-

ဘယ်နေရာဆိုသည် ငါမသိသည့်နေရာကိုသွားပြီး ဘယ်အရာဆိုသည် ငါမသိသည့် ပစ္စည်းကို ယူလာသူ ပြန်ရောက်ရှိပြီဖြစ်ကြောင်း သတင်းပို့လိုက်သည်။

ဘုရင်ကြီး၏ သံတော်ဆင့်သည် သူ့ထံသို့ ပြန်လည်ရောက်ရှိလာပြီး အယ်မီလီယန်အား နန်းတော်သို့ နောက်နေ့မှလာရောက်ရန် ပြောကြားသည်။

အယ်မီလီယန်က သံတော်ဆင့်အား-

"ဘုရင်ကြီး ယူခိုင်းတာကို ယနေ့ ကျွန်ုပ် ယူဆောင်လာခဲ့ပြီလို့ သင်တို့ဘုရင်ကြီးကို သွားပြောချေ။ တကယ်လို့ ဘုရင်ကြီး မထွက်လာရင် ကျွန်ုပ် သူ့ဆီသို့ သွားရောက်ရပါ့မယ်" ဟု ပြောလိုက်သည်။

ထိုအချိန်တွင် ဘုရင်ကြီးလည်း ထွက်လာခဲ့ပြီး အယ်မီလီယာန်အား-

"အသင် ဘယ်ရောက်ခဲ့သလဲ"

ဟု မေးသည်။ အယ်မီလီယာန်ကလည်း သူရောက်ခဲ့သည့်နေရာကို ပြောပြသည်။

ထိုအခါ ဘုရင်ကြီးသည် ဤနေရာသည် ငါခိုင်းစေလိုက်သည့်နေရာမဟုတ်ဟု ပြန်ပြောဆိုပြီးနောက်-

"အသင် ဘာကိုယူခဲ့သနည်း" ဟု မေးပြန်သည်။

ထိုအခါ အယ်မီလီယာန်က စည်ကိုညွှန်ပြသည်။ ဘုရင်ကြီးသည် စည်ကို ကြည့်ရုံမျှပင် မကြည့်ဘဲ-

"ဒီပစ္စည်းဟာ ငါယူဆောင်ခိုင်းတဲ့ပစ္စည်း မဟုတ်ဘူး"

ဟူ၍ ဆိုပြန်သည်။

အယ်မီလီယာန်က-

"ဒီပစ္စည်းဟာ ဘုရင်ကြီးယူဆောင်ခိုင်းတဲ့ပစ္စည်း မဟုတ်ရင် ဒီပစ္စည်းကို ရိုက်ခွဲပစ်မယ်။ မကောင်းဆိုးဝါးကောင်တွေ ယူချင်ရင်ယူပေတော့" ဟု ဘုရင်ကြီးအား ပြောဆိုသည်။

ထို့နောက် အယ်မီလီယာန်သည် စည်ကြီးကို သယ်ဆောင်ကာ နန်းတော်မှ ထွက်ခွာလာသည်။ အယ်မီလီယာန်သည် လမ်းတစ်လျှောက်တွင် စည်ကြီးကို တီးခတ်သွားသောအခါ ဘုရင်ကြီး



၏ စစ်သည်တော်များသည် အယ်မီလီယန်နောက်သို့ ပြေးလိုက်ကုန်ကြသည်။ ထို့နောက် စစ်သည်တော်များသည် အယ်မီလီယန်က သူတို့ကို မည်သို့သော အမိန့်ပေးမည်ဆိုသည်ကို မေးမြန်းကြလေသည်။

ဘုရင်ကြီးသည် ပြတင်းပေါက်မှထွက်ကာ သူ့စစ်သည်တော်များအား အယ်မီလီယန်နောက်သို့ မလိုက်ရန် အော်ဟစ်ပြောဆိုလေသည်။ သို့သော် စစ်သည်တော်များသည် ဘုရင်ကြီး၏ ပြောစကားကို နားမထောင်ကြချေ။ သူတို့သည် အယ်မီလီယန်နှင့် စည်ကြီးနောက်သို့သာ လိုက်လံလျက် ရှိကြသည်။

ဘုရင်ကြီးသည် အဆိုပါ အခြင်းအရာကိုမြင်သော် အမှုထမ်းများအား အယ်မီလီယန်၏ဇနီးကို သူ့ခင်ပွန်းထံ ပြန်လည်အပ်နှံရန် အမိန့်ပေးလိုက်လေသည်။ ထို့ပြင် အယ်မီလီယန်ထံ စာဖြင့်

စေလွှတ်၍ စည်ကြီးအား ဘုရင်ကြီးထံသို့အပ်ရန် တောင်းဆိုလေသည်။

ထိုအခါ အယ်မီလီယန်က-

"ဒါတော့ မဖြစ်နိုင်ဘူး။ ဒီစည်ကြီးကို ရိုက်ခွဲပစ်ပြီး အပိုင်းအစတွေကို ရေထဲလွှင့်ပစ်ဖို့ ကျွန်ုပ်ကို မှာထားတယ်"

ဟု ပြန်ပြောလေသည်။

ထို့နောက် အယ်မီလီယန်သည် စည်ကြီးကို သယ်ဆောင်ကာ မြစ်ဆိပ်သို့ လာခဲ့သည်။ စစ်သည်တော်များကလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြသည်။ မြစ်ကမ်းပါးသို့ ရောက်သော် အယ်မီလီယန်သည် စည်ကြီးကို ရိုက်ခွဲကာ အပိုင်းအစများကို ရေထဲပစ်ချလိုက်လေသည်။ ထိုအခါ စစ်သားများကလည်း ပြေးထွက်သွားကြလေသည်။ အယ်မီလီယန်သည် သူ့ဇနီးကို ပြန်တွေ့ကာ အိမ်သို့ ခေါ်ဆောင်သွားလေသည်။ ထိုအချိန်မှစ၍ ဘုရင်ကြီးသည် သူတို့ဇနီးမောင်နှံအား ဒုက္ခထပ်မပေးတော့ပေ။ သို့ဖြင့် သူတို့ဇနီးမောင်နှံသည် ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြလေသည်။ ॥

[ ရုရှားစာရေးဆရာကြီး Leo Tolstoy ၏ Empty Drum. ]

## မုဆိုးနှင့် မြင်း

တစ်ခါက တောကြီးထဲက စမ်းချောင်းတစ်ခုအနားမှာ တောဝက်နှင့် မြင်းတို့ အတူနေထိုင်ကြလေတယ်။ တောဝက်တွေဟာ ဆူဆူပူပူနေတတ်ပြီး မြင်းတွေကို နည်းမျိုးစုံနဲ့ ကျီစယ် နှောက်ပြောင်ရတာကို သဘောကျတယ်။ တောဝက်တွေဟာ မြင်းတွေ ရေသောက်လို့မရအောင် စမ်းချောင်းထဲက ရေတွေကို နှောက်အောင်ပြုလုပ်တယ်။ ဒါ့ပြင် သူတို့ကိုယ်လုံးကို မြက်ခင်းပေါ် လူးလှိမ့်ကာ မြင်းတွေ မြက်တွေစားလို့မရအောင် ပြုလုပ်ကြတယ်။

မြင်းတွေဟာ တော်တော်စိတ်သောကရောက်ကြပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကြရတယ်။

ဒီလိုနဲ့ နှစ်တွေကြာလာတဲ့အခါ မြင်းတွေဟာ သူတို့ဘဝမှာ ကြုံတွေ့ရတဲ့ စိတ်သောကတွေကို ဖြေဖျောက်ပြီး လိုက်လျောညီထွေစွာ နေထိုင်တတ်သွားလေတယ်။ ဒါပေမဲ့ သူတို့နှလုံးသားထဲမှာတော့ သူတို့ကို ဒုက္ခပေးတဲ့ တောဝက်တွေကို အခြေအနေပေးလာတဲ့တစ်နေ့မှာ လက်စားပြန်ချေမယ်လို့ စွဲမြဲဆုံးဖြတ်



ထားကြတယ်။

တစ်နေ့မှာ မုဆိုးတစ်ယောက် တောထဲသို့ အမဲလိုက်ရင်း ရောက်ရှိလာတယ်။ မြင်းတွေက မုဆိုးကို သူတို့စိတ်သောက ရောက်နေရပုံကို ပြောပြပြီး အကူအညီတောင်းတယ်။

မုဆိုးက တောဝက်တွေကို နှိမ်နင်းပေးမယ်၊ ဒါပေမဲ့ သူ့ကို ဇက်ကြိုးတပ်၊ ကျောပေါ်စီးခွင့်ပြုရမှာ ဖြစ်တယ်လို့ ပြောတယ်။ မြင်းကလည်း သဘောတူလိုက်တယ်။

မုဆိုးက မြင်းမှာ ဇက်ကြိုးတပ်ကာ ကုန်းနှီးတင်ပြီး မြင်းကျောပေါ်သို့ တက်လိုက်တယ်။ အဲဒီနောက် မုဆိုးဟာ တောဝက်တွေကို တစ်ကောင်ပြီးတစ်ကောင် လေးနှင့်ပစ်ခတ်နှိမ်နင်းပစ်လိုက်တယ်။ သူတို့ကို ဒုက္ခပေးတဲ့ တောဝက်တွေ မရှိတော့လို့ မြင်းတွေက မုဆိုးကို ကျေးဇူးတင်ကြတယ်။ သူတို့ ဒုက္ခကင်းငြိမ်းသွားပြီမို့ မြင်းတွေက မုဆိုးကို သူတို့ကျောပေါ်က ကုန်းနှီးတွေနဲ့



ဇက်ကြိုးတွေ ဖြုတ်ပေးဖို့ ပြောကြလေတယ်။ မုဆိုးလည်း မြင်း ပေါ်ကဆင်းကာ ကုန်းနှီးကို ဖယ်ပေးလိုက်တယ်။ အဲဒီနောက် မြင်းကို ကျာပွတ်နှင့်ရိုက်ကာ သူ့အိမ်သို့ ခေါ်ဆောင်သွားလေ တယ်။ ။

[ My Favourite Collection of Fascinating Stories စာအုပ်မှ The Hunter and The Wild Horse. ]

## တေးသီငှက်နှင့် လင်းနို့
[ အိန္ဒိယပုံပြင် ]

တစ်ခါက ရွာကလေးတစ်ရွာမှာရှိတဲ့ အိမ်တစ်အိမ်ရဲ့ရှေ့မှာ ပေါက်ရောက်နေတဲ့ မြင့်မားတဲ့ သစ်ပင်ကြီးတစ်ပင်ပေါ်မှာ လင်းနို့တစ်ကောင် နေထိုင်နေလေတယ်။ အိမ်ရှင်ဟာ သူ့အိမ်မှာ တေးသီငှက်တစ်ကောင် မွေးမြူထားတယ်။ အိမ်ရှင်ဟာ ငှက်ကလေးကို ကောက်ရိုးနဲ့ ပြုလုပ်ထားတဲ့ လှောင်အိမ်ထဲမှာ ထည့်ထားတယ်။ တေးသီငှက်ကလေးဟာ ညအခါမှ တေးသီဆိုလေ့ရှိပြီး နေ့အခါမှာတော့ တေးသီဆိုလေ့မရှိပါဘူး။ ဒါကိုကြည့်ပြီး လင်းနို့က အံ့သြလို့နေတယ်။ တစ်နေ့မှာ အိမ်ရှင်ဟာ လှောင်အိမ်ကို အဝတ်နက်နဲ့ ဖုံးအုပ်ပြီး လှောင်အိမ်ထဲမှာ မည်းမှောင်နေအောင် ပြုလုပ်လိုက်တယ်။ ဒါပေမဲ့ တေးသီငှက်ဟာ သီချင်း မသီဆိုဘဲ နေနေလေတယ်။


တစ်နေ့မှာ လင်းနို့က တေးသီငှက်ကို -

"မိတ်ဆွေ ငှက်ကလေး၊ ကောင်းကင်မှာ နေထွက်နေတဲ့

နေ့အခါမှာ ဘာလို့ တေးမသီဆိုတာလဲ။ အလင်းရောင်အားနည်းတဲ့ မနက်အရုဏ်အချိန်နဲ့ ညနေဆည်းဆာအချိန်တောင် အသင်တေးသီဆိုတာ ကျွန်ုပ် မကြားမိပါဘူး''လို့ ပြောဆိုလေတယ်။

အဲဒီအခါ တေးသီငှက်က -

''ကျွန်ုပ်ဟာ နေ့မှာ အသံတစာစာနဲ့ တေးသီကြွေးခဲ့လေ့ရှိတဲ့သူပါ။ ဒါဟာ ကျွန်ုပ်ရဲ့ မိုက်မဲမှုပါပဲ။ ကျွန်ုပ်ရဲ့ ချိုသာတဲ့ တေးသီကြွေးသံကို ငှက်ခတ်မုဆိုးတစ်ယောက် ကြားသွားပြီး ကျွန်ုပ်ကိုဖမ်းကာ အခု ကျွန်ုပ်သခင်ဆီ ရောင်းပါတယ်။ ကျွန်ုပ် နေ့ခင်းဘက်မှာ တေးသီဖို့အတွက် အခုသခင်က ကျွန်ုပ်ကို လှောင်အိမ်ထဲထည့်ထားတာ ခင်ဗျားအမြင်ပဲလေ။ ဒါ့ကြောင့် ကျွန်ုပ်





နေ့ခင်းဘက်မှာ ဘာလို့တေးမသီကြွေးရသလဲဆိုတာ အခုလောက်ဆို ခင်ဗျားနားလည်လောက်ပါပြီ''လို့ ပြောကြားလေတယ်။

အဲဒီအခါ လင်းနို့က-

''ဒါပေမဲ့ အခု မိတ်ဆွေက လှောင်အိမ်ထဲရောက်နေပြီပဲ။ နေ့ခင်းဘက် တေးမသီဆိုတာနဲ့ ဘယ်လိုထူးခြားလာမှာလဲ။ မဆိုလို့လည်း ထူးလာမှာ မဟုတ်သလို၊ ဆိုလို့လည်း ထူးလာမှာမှ မဟုတ်ဘဲ။ အမှန်က သင့်လွတ်လပ်တဲ့ ဘဝတုန်းကသာ သင် အခုပြောတဲ့စကားကို သိဖို့ကောင်းတာပေါ့''လို့ ပြန်လည်ပြောကြားလိုက်လေတယ်။

[My Favourite Collection of Fascinating Stories စာအုပ်မှ A Song-bird and a Bat.]

## ဉာဏ်ရှိသူ ရာမူး
[ အိန္ဒိယပုံပြင် ]

ကလေးတို့ရေ...

တစ်နေ့တွင် 'ရာမူး'ကို သူ့ဖခင်က ငွေသေတ္တာတစ်လုံး ပေးကာ "ငါ့သားရာမူး ဒီကနေ အတန်ငယ်ဝေးတဲ့နေရာမှာနေတဲ့ မင်းဦးလေးဆီ ဒီသေတ္တာကိုသွားပေးပါ။ အခုသွားလိုက်ပါ။ ဒါမှ ဟိုကိုစောစောရောက်ပြီး စောစောပြန်လာနိုင်မှာပါ"ဟု ပြောဆိုလေရာ ရာမူးလည်း သေတ္တာကိုယူ၍ သူ့ဦးလေးအိမ်သို့ ထွက်ခွာလာခဲ့လေသည်။ သူ့ဦးလေး၏အိမ်သို့ရောက်သော် ငွေသေတ္တာကို သူ့ဦးလေးအား ပေးအပ်လေသည်။ သူ့ဦးလေးကလည်း ရာမူးကို ငွေသေတ္တာတစ်လုံး ပြန်ပေးကာ -

"ငါ့တူ ရာမူး ဒီသေတ္တာကို ဂရုစိုက်ယူသွားပါ"ဟု မှာကြားလေသည်။ ရာမူးလည်း အစားအစာ စားသောက်ပြီး သေတ္တာနှင့်အတူ သူ့အိမ်သို့ ထွက်ခွာလာခဲ့လေသည်။

လမ်းခရီးတွင် သူ့နောက်သို့ လူတစ်ယောက် လိုက်လာ

မုန်း ရိပ်မိသည်။ သူဘာလုပ်ရမည်ဆိုသည်ကို မသိ။ သူက ပြေးရာ ထိုသူကလည်း ပြေးလိုက်သည်။ သူ့ငွေသေတ္တာကို လုယူမည့် သူခိုးမုန်း ရာမူးသိရှိသွားသည်။

ရာမူးသည် ရေတွင်းတစ်တွင်းကို တွေ့ရှိရာ ရေတွင်းဆီသို့ ငုံ၍ ရေသောက်သည်။ သူခိုးက သူ့နောက်သို့ ရောက်ရှိလာသည်။ ရာမူး ရုတ်တရက် အကြံရသွားသည်။ သူသည် ရေတွင်းနားတွင် ထိုင်ချကာ အော်ဟာစ်ငိုကြွေးလိုက်သည်။

သူခိုးက သူ့အား "ဘာဖြစ်လို့လဲ" ဟု မေးသည်။ ရာမူးက-



"ကျွန်တော် ရေတွင်းထဲ ရေသောက်ဖို့ ငုံ့လိုက်တဲ့အခါ ကျွန်တော့် ရွှေဆွဲကြိုး၊ ရွှေနာရီနဲ့ ရွှေလက်စွပ်တို့ ရေတွင်းထဲကျသွားပါတယ်။ ဒါတွေမရှိဘဲ ကျွန်တော့်အိမ်ပြန်လို့ ဘယ်ဖြစ်မလဲ"ဟု ပြောသည်။

ရာမူး၏စကားကြားသော် သူခိုးမျက်နှာ ဝင်းလက်သွားသည်။ သူခိုးသည် ငွေသေတ္တာထက် ရွှေငွေလက်ဝတ်ရတနာများက ပို၍အဖိုးတန်မှန်း သိသည်။ ထို့ကြောင့်-

"မင်း ဒီမှာခဏစောင့်။ ငါ မင်းပစ္စည်းတွေကို ဆင်းယူပေးမယ်"ဟု ဆိုကာ ရေတွင်းထဲ ခုန်ဆင်းသွားလေသည်။

ရာမူးလည်း အလျင်အမြန်ပင် ငွေသေတ္တာကိုပိုက်၍ ထိုနေရာမှ ပြေးထွက်ခဲ့လေသည်။ ။

[ Angel ၏ Moral Stories, Book-3 စာအုပ်မှ Ramu. ]

## မိုက်မဲလှသော ဘုရင်

တစ်ခါက 'အန်ဂူ'ဆိုတဲ့ လုပ်ငန်းရှင်ကြီးတစ်ဦး ရှိလေတယ်။ သူဟာ သူ့လုပ်ငန်းမှ ဝင်ငွေများပြားစွာ ရရှိပေမဲ့ အသုံးအဖြုန်းကြီးတာမို့ ငွေတွေ တစ်ပြားတစ်ချပ်မှ မစုမိနိုင်ဘူးတဲ့။ လေပြင်းမုန်တိုင်းကျတဲ့ တစ်နေ့မှာ သူ့အိမ်ဟာ ပြိုတဲ့အထဲ ပါသွားသတဲ့။ အဲဒီအချိန်ကာလက အိမ်များဟာ ရွှံ့နဲ့ဆောက်လုပ်တဲ့ အိမ်တွေဖြစ်ကြတယ်။ သူဟာ အိမ်ကို ပြန်ဆောက်လုပ်တယ်။

တစ်နေ့မှာ ဖောက်ထွင်းသူခိုးတစ်ယောက်ဟာ သူ့အိမ်သို့ ရောက်ရှိလာတယ်။ သူခိုးဟာ အုတ်နံရံကိုဖောက်ပြီး အိမ်ထဲဝင်လာတဲ့အခါ အုတ်နံရံပြိုကျပြီး နံရံပိလို့ သူခိုးဟာ သေဆုံးသွားလေတယ်။

နောက်နေ့မှာ သူခိုးရဲ့ဆွေမျိုးတွေက ဘုရင့်ဆီသွားပြီး-

"ကျွန်တော်မျိုးတို့ရဲ့ အစ်ကိုဖြစ်သူဟာ အန်ဂူရဲ့အိမ်နံရံပိလို့ သေဆုံးသွားပါတယ်။ ဒါ့ကြောင့် အန်ဂူကို ကြိုးမိန့်ပေးဖို့ လာရောက်ရခြင်းဖြစ်ပါတယ်"လို့ လျှောက်တင်လေတယ်။

ဘုရင်က အန်ဂူကို ဆင့်ခေါ်လိုက်ပြီး -

"မောင်မင်းဟာ ဘာ့ကြောင့် ရွှံ့အစိုတွေနဲ့ အိမ်ကို ဆောက်ရသလဲ။ အခု အိမ်နံ့ရံပိလို့ သူခိုးသေပြီ။ သူခိုးကိုသတ်တာ မောင်မင်းပဲ"လို့ မိန့်ဆိုလေတယ်။

အဲဒီအခါ အန်ဂူက "အရှင်မင်းကြီး၊ ကျွန်တော်မျိုး ဘာမှမသိကြောင်းပါ။ ဒါဟာ နံရံဆောက်လုပ်တဲ့သူသာ အပြစ်ဖြစ်ပါတယ်"လို့ ပြန်လည်လျှောက်တင်လေတယ်။

ဘုရင်ကြီးလည်း နံရံဆောက်လုပ်တဲ့ ပန်းရန်သမားကို ဆင့်ခေါ်လိုက်ကာ မေးမြန်းလေတယ်။ ပန်းရန်သမားက "အရှင်မင်းကြီး၊ သူခိုးသေရတာ ကျွန်တော်မျိုးကြီးရဲ့ အပြစ်မဟုတ်ပါ။



အပြစ်ရှိသူဟာ ရွှံ့တွေသယ်လာပေးသူသာ ဖြစ်ပါတယ်။ သူဟာ ကျွန်တော်မျိုးဆီ စိုနေတဲ့ ရွှံ့တွေသယ်လာပေးပါတယ်။ ဒါ့ကြောင့် ကျွန်တော်မျိုးဟာ သူယူလာပေးတဲ့ ရွှံ့နဲ့ပဲ တည်ဆောက်ရတာပေါ့ အရှင်မင်းကြီး''လို့ ပြန်လည်လျှောက်တင်လေတယ်။

ဘုရင်ကြီးလည်း ရွှံ့သယ်ပေးသူကို ဆင့်ခေါ်လိုက်ကာ ဘာ့ကြောင့် စိုတဲ့ရွှံ့တွေ သယ်ယူလာပေးရသနည်းလို့ မေးလေတယ်။ ရွှံ့သယ်ပေးသူက -

''အရှင်မင်းကြီး၊ ဒါဟာ ကျွန်တော်မျိုးရဲ့ အပြစ်မဟုတ်ပါဘူး။ အိုးထိန်းသည်ရဲ့ အပြစ်ဖြစ်ပါတယ်။ အိုးထိန်းသည်က ကျွန်တော်မျိုးကို အဝကျယ်တဲ့အိုးတစ်လုံး ပေးခဲ့လို့ ရွှံ့တွေစိုနေရခြင်း ဖြစ်ပါတတယ်''လို့ လျှောက်တင်လေတယ်။

ဘုရင်ကြီးလည်း အိုးထိန်းသည်ကို ဆင့်ခေါ်ကာ မေးမြန်းလေတယ်။

အိုးထိန်းသည်က -

''အရှင်မင်းကြီး၊ ကျွန်တော်မျိုးဟာ အိုးထိန်းစက်ပေါ်မှာ ရွှံ့နဲ့ အဲဒီအိုးကို လုပ်နေတုန်းမှာ မိန်းကလေးတစ်ယောက်ဟာ ကျွန်တော့်ရှေ့က ဖြတ်သွားခဲ့ပါတယ်။ ကျွန်တော်မျိုးလည်း သူ့ကို ငေးကြည့်နေတဲ့အတွက် ကျွန်တော့်အလုပ် လစ်ဟင်းသွားခဲ့ပြီး အခုလို အိုးဖြစ်သွားရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် အပြစ်ရှိသူဟာ ကျွန်တော်မျိုးမဟုတ်ပါဘူး။ အဲဒီမိန်းကလေးသာဖြစ်ပါတယ်'' လို့ လျှောက်တင်လေတယ်။

ဘုရင်ကြီးလည်း မိန်းကလေးကို ဆင့်ခေါ်လိုက်ပြီး အိုးထိန်းသည် အိုးလုပ်နေတဲ့အချိန်မှာ အဘယ့်ကြောင့် သူ့ရှေ့က



ဖြတ်သွားရသလဲလို့ မေးမြန်းလေတယ်။

အဲဒီအခါ မိန်းကလေးက -

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမဟာ ရွှေဆွဲကြိုးလုပ်ဖို့ ရွှေအချို့ယူပြီး ရွှေပန်းထိမ်ဆီ သွားအပ်ပါတယ်။ ဒါပေမဲ့ ချိန်းတဲ့ရက်မှာ မပြီးလို့ အဲဒီနေ့ကျမှ ရွှေဆွဲကြိုးရွေးဖို့ ရွှေဆိုင်ကို သွားရလို့ အိုးထိန်းသည်ရှေ့က ဖြတ်သွားရခြင်းဖြစ်ပါတယ်" လို့ လျှောက်တင်လေတယ်။

ဘုရင်ကြီးလည်း ရွှေပန်းထိမ်သည်ကို ဆင့်ခေါ်လိုက်ကာ လည်ဆွဲရတနာကို အချိန်မီ ဘာလို့မပြီးရတာလဲလို့ မေးမြန်းလေတယ်။ ရွှေပန်းထိမ်သည်က ရွှေထည်လည်ဆွဲ မပြီးရခြင်း အကြောင်းရင်းကို ကောင်းကောင်း မဖြေကြားနိုင်ဘူး ဖြစ်နေတယ်။

ဒါ့ကြောင့် ဘုရင်ကြီးက -

"ရွှေပန်းထိမ်သည်ဟာ ဖောက်ထွင်းသူခိုး သေဆုံးရခြင်းရဲ့ အဓိကတရားခံသာ ဖြစ်တယ်" လို့ ဆိုကာ သေဒဏ်အမိန့် ချမှတ်လိုက်လေတယ်။ အဲဒီအချိန်မှာ ရွှေပန်းထိမ်သည်ဟာ နန်းတော်ထဲမှာ အလုပ်လုပ်နေတဲ့ကုန်သည်တစ်ယောက်ကို မြင်တွေ့သွားတယ်။ အဲဒီအခါ ရွှေပန်းထိမ်သည်က -

"အရှင်မင်းကြီး၊ ဒီကုန်သည်ဟာ တစ်ချိန်က ကျွန်တော်မျိုးဆီမှာ ရွှေအချို့တောင်းခဲ့ဖူးပါတယ်။ ကျွန်တော်မျိုးက ရွှေတွေ သူ့ကိုမပေးခဲ့ပါဘူး။ ဒါ့ကြောင့် အပြစ်ရှိသူဟာ သူပါ။ ကျွန်တော်မျိုး မဟုတ်ပါဘူး" ဟု လျှောက်တင်လေတယ်။

ဘုရင်ကြီးက ရွှေပန်းထိမ်ပြောတာ မှန်တယ်လို့ ထင်မှတ်

သွားပြီး ကုန်သည်ကို သေဒဏ်ပေးဖို့ ပြောင်းလဲအမိန့်ချမှတ်လိုက်လေတယ်။

ကုန်သည်လည်း အလွန်ပဲ စိုးရိမ်သောကရောက်သွားတယ်။ လူအချို့က ကုန်သည်ရဲ့အသက်ကို ကယ်တင်ဖို့ ဆုံးဖြတ်ကြတယ်။ သူတို့ထဲက လူနှစ်ယောက်ထွက်လာပြီး ရန်ထဖြစ်ကြတယ်။ ဘုရင်က ဘာဖြစ်ကြလို့ ရန်ဖြစ်တာလဲလို့ မေးတယ်။

တစ်ဦးက "အရှင်မင်းကြီး၊ ပြက္ခဒိန်အရ အခုအချိန်မှာ ကြိုးပေးအသတ်ခံရမယ့်လူဟာ သေရင် ကောင်းကင်ဘုံသို့ ရောက်ရှိသွားပြီး ဘုရင်ဖြစ်ပါ့မယ်။ ကျွန်တော်မျိုးက ဘုရင်ဖြစ်ချင်ကြောင်း သူ့ကိုပြောပါတယ်။ ဒါပေမဲ့ သူက ကျွန်တော်မျိုးကို ကြိုးပေးသေခွင့်မပေးဘဲ သူသာ ကြိုးပေးခံချင်တယ်လို့ ပြောနေပါတယ်။ ဒါနဲ့ ကျွန်တော်မျိုးတို့ ငြင်းခုံ ရန်ဖြစ်နေကြတာပါ" လို့ လျှောက်တင်ကြလေတယ်။

အဲဒီအခါ ဘုရင်က-

"မင်းတို့ထဲက ဘယ်သူက ငါ့တိုင်းပြည်ကို အုပ်ချုပ်ချင်သလဲ။ ဘယ်သူက ငါ့တိုင်းပြည်မှာ ဘုရင်လုပ်ချင်သလဲ။ ငါကောင်းကင်ဘုံမှာ ဘုရင်သွားလုပ်မယ်။ ငါ့ကို ကြိုးပေးပေတော့" ဟု ပြောရာ လူတွေလည်း မိုက်မဲအသိဉာဏ်နည်းလှတဲ့ ဘုရင်ကို အမြန်ဆုံး ကြိုးပေးအဆုံးစီရင်လိုက်ပြီး ပညာရှိသူတစ်ဦးကို ဘုရင်အဖြစ် တင်မြှောက်ကာ တိုင်းပြည်ကို အုပ်ချုပ်စေလေတယ်။ ။

[ Grandma's Tales, Tit for Tat and other Stories စာအုပ်မှ The Foolish King. ]

## ညီအစ်ကိုသုံးယောက်နှင့် အမွေပစ္စည်းသုံးခု
[ ဥရောပပုံပြင် ]

တစ်ခါက ပြောင်းစက် ငှားရမ်းကြိတ်ခွဲသူ သူဆင်းရဲတစ်ဦး ရှိလေတယ်။ သူ ကွယ်လွန်တဲ့အခါ သူ့သားသုံးယောက်အတွက် ကြောင်ထီးတစ်ကောင်၊ ကြက်ဖတစ်ကောင်နဲ့ တံစဉ်တစ်လက်ပဲ အမွေအဖြစ် ချန်ထားနိုင်ခဲ့တယ်။

ပြောင်းကြိတ်ခွဲစက်ကြီးကလည်း ရဲတိုက်ပိုင်ရှင်ရဲ့ ပစ္စည်းဖြစ်လို့ ပြန်ပေးလိုက်ရတယ်။ သူတို့ကို အလုပ်များစွာ လုပ်ပေးခဲ့တဲ့ မြည်းကြီးဟာလည်း သူတို့ဖခင်မကွယ်လွန်မီ သုံးရက်လောက်မှာ သေဆုံးသွားခဲ့တယ်။ သားသုံးယောက်ဟာ ဖခင်ကြီးကို သင်္ဂြိုဟ်ပြီးတဲ့နောက်တစ်နေ့မှာ သူတို့ ဘာဆက်လုပ်ကြမလဲဆိုတာကို ဆွေးနွေးကြတယ်။

အကြီးဆုံးသား ဂျွန်က -

"ငါတို့ ဖခင်ကြီးထားခဲ့တဲ့ ပစ္စည်းတွေကို ခွဲဝေယူကြပြီး ငါတို့ ကံကြမ္မာကို ငါတို့ ဖန်တီးကြရင်ကောင်းမယ်" လို့

ပြောဆိုလေတယ်။

အလတ်နဲ့ အငယ်ဖြစ်သူ ဂျိမ်းနဲ့ ဂျက်က ဂျွန်ကို-

"အစ်ကိုက အကြီးဆုံးမို့ ကျွန်တော်တို့ရဲ့ အမွေတွေကို အစ်ကိုကြီးပဲ ခွဲဝေပေးပါ"ဟု ပြန်လည်ပြောကြားကြတယ်။



ဒီလိုနဲ့ ငွန်က ''ဒါဖြင့် ကောင်းပြီ။ ဂျိမ်းက ကြက်မကြီးကိုယူပြီး ဂျက်က တံစဉ်ကို ယူကြပါ။ အစ်ကိုကတော့ ကြောင်ထီးကိုပဲ ယူပါ့မယ်'' လို့ဆိုကာ ငွန်က ကြောင်ထီးကြီးကို ခေါ်ဆောင်သွားတယ်။ ဂျိမ်းက ကြက်ဖကြီးကို ပွေ့ပိုက်လိုက်ကာ ဂျက်က တံစဉ်ကို ပခုံးပေါ်တင်ပြီး ရွာမှ အသီးသီး ထွက်ခွာလာခဲ့ကြလေတယ်။ မကြာမီ သူတို့ညီအစ်ကိုသုံးယောက်ဟာ လမ်းဆုံတစ်ခုသို့ ရောက်ရှိလာကြလေတယ်။

အစ်ကိုအကြီးဆုံးဖြစ်သူ ငွန်က -

''ကဲ…ငါတို့ ဒီနေရာမှာပဲ လမ်းခွဲကြပြီး ကိုယ့်ဘဝကိုယ် လျှောက်လှမ်းကြရအောင်။ ငါတို့ တစ်နှစ်ကြာတဲ့အခါ ဒီနေရာမှာ ပြန်လည်တွေ့ဆုံကြမယ်'' လို့ ပြောဆိုလေ၏။

ညီအစ်ကိုသုံးယောက်လည်း သဘောတူကြကာ အသီးသီး နှုတ်ဆက်ပြီး ကိုယ့်ခရီးကိုယ်လှမ်းကာ ထွက်ခွာသွားကြလေတယ်။

အကြီးဆုံးငွန်ဟာ ခရီးဆက်လက် ထွက်ခွာလာခဲ့ရာ မကြာမီ ဘုရင်တစ်ပါးရဲ့ နန်းတော်သို့ ရောက်ရှိလာခဲ့တယ်။ သူဟာ ဘုရင့်အမှုတော်ထမ်းတွေက ကြွက်တွေကို တုတ်တွေနဲ့ ရိုက်ထုတ်မောင်းနှင်နေတာကို တွေ့ရလို့ မေးကြည့်တဲ့အခါ ဒီမြောက်မြားလှစွာသော ကြွက်တွေကို ရှင်းလင်းသုတ်သင်နေတာ ခြောက်လတောင်ကြာပြီဖြစ်ကြောင်း ကြားသိလိုက်ရတယ်။

ငွန်က လူတွေရဲ့ ခြေထောက်ကြားမှာ မြူးထူးစွာ ပြေးလွှားနေတဲ့ ကြွက်တွေကြောင့် တစ်ယောက်နဲ့တစ်ယောက် တိုက်မိခိုက်မိတဲ့သူတွေကိုကြည့်ပြီး ရယ်မောမိတယ်။

အမှုထမ်းတစ်ဦးက ကြွက်တွေနှိမ်နင်းနေတာကို ရပ်ပြီး-

"အသင်ဟာ ကျွန်ုပ်တို့တိုင်းပြည်သား မဟုတ်လို့သာ ကျွန်ုပ်တို့ကိုကြည့်ပြီး ရယ်မောနိုင်တာပါ။ ကြွက်ဖမ်းရတဲ့အလုပ်ဟာ ဘယ်လောက်ခက်ခဲသလဲဆိုတာ သင်သိရဲ့လား" လို့ မေးလေတယ်။

ဝှန်က ချက်ချင်းပဲ "ဒါက လွယ်လွယ်လေးပါ။ ကျွန်ုပ်ကြောင်ထီးကြီးက ဒီကြွက်တွေကို ရှင်းလင်းပေးနိုင်ပါတယ်" လို့ဆိုကာ ဝှန်က သူ့ကြောင်ထီးကလေးကို အောက်သို့ချလိုက်တာနဲ့ ချက်ချင်းဆိုသလို ကြောင်ထီးကလေးဟာ ပြေးလွှားနေတဲ့ ကြွက်ကလေးတစ်ကောင်ကို ပထမအကြိမ်အဖြစ် ခုန်အုပ်ကာ ဝါးစားပစ်လိုက်လေတယ်။

အမှုထမ်းတွေလည်း အဲဒီမြင်ကွင်းကို တွေ့ရလို့ အလွန်အံ့အားသင့်သွားကာ "ဒီသတ္တဝါဟာ တော်တော်ထူးဆန်းတဲ့ သတ္တဝါပဲ။ ဘာသတ္တဝါလဲ" လို့ ဝိုင်းမေးကြလေတယ်။

ဝှန်က "ဒီသတ္တဝါဟာ ကြောင်ထီးဖြစ်တယ်။ သူက သင်တို့တိုင်းပြည်မှာရှိတဲ့ ကြွက်တွေအားလုံးကို မောင်းထုတ်ပစ်နိုင်တယ်" လို့ ပြန်ပြောတယ်။

"ဒီလိုသတ္တဝါမျိုး အရင်က တစ်ခါမှ မမြင်ဖူးပါဘူး။ ဒီသတ္တဝါက လူတွေကိုလည်း စားပါသလား" လို့ သူတို့က မေးပြန်တယ်။

သူတို့စကားကြားတော့ ဝှန်က ရယ်မောလိုက်ပြီး "ဘာမှကြောက်လန့်စရာ မရှိပါဘူး။ ဒီကြောင်က ကြွက်တစ်မျိုးတည်းကိုသာ စားတာပါ" လို့ ပြောဆိုလေတယ်။

"ဒီသတ္တဝါလေးကို ကျွန်ုပ်တို့ရဲ့ ဘုရင်ကြီးကို ပြရမယ်။ ဒါဆိုရင် သင့်ဆီက ဒီကြောင်ထီးကို ဘုရင်ကြီးက ကောန် ဝယ်မှာအမှန်ပဲ" လို့ ဆိုကာ အမှုတော်ထမ်းများက ဂျွန်နဲ့ ကြောင်ထီးကြီးကို သူတို့ဘုရင်ကြီးဆီသို့ ခေါ်ဆောင်သွားလေတယ်။ ဘုရင်ကြီးက ဂျွန်ကို မျက်မှောင်ကြုတ်ကာ-

"မောင်မင်းရဲ့ ကြောင်ထီးဟာ ကြွက်ကို ဖမ်းနိုင်တယ်ဆိုတာ အမှန်ပဲလား" လို့ မေးလေ၏။

"ကျွန်တော်မျိုးကြီး အရှင့်ကို အခုချက်ချင်း ပြပါ့မယ်" လို့ ဆိုကာ နန်းတော်တွင်း ပြေးလွှားနေတဲ့ ကြွက်တွေကို ခရီးအတော်များများ သွားခဲ့ရလို့ သိပ်ဆာလောင်နေတဲ့ ကြောင်ထီးကြီးဟာ တစ်ကောင်ပြီးတစ်ကောင် ခုန်အုပ်ကာ ကြွက်မြောက်မြားစွာကို စားပစ်လိုက်လေတယ်။ တခြားကြွက်တွေလည်း ကြောင်ကြီးရန်က အလန့်တကြား ထွက်ပြေးကုန်ကြလေတယ်။

ဘုရင်ကြီးလည်း အလွန်အံ့သြသွားပြီး -

"ဒီထူးဆန်းတဲ့ သတ္တဝါကလေးကို ဘယ်လောက်နဲ့ ရောင်းမလဲ" လို့ မေးလေ၏။

"ဒီကြောင်ထီးကလေးဟာ ရောင်းဖို့မဟုတ်ပါဘူး။ သူဟာ ကျွန်တော်မျိုးရဲ့ သစ္စာရှိတဲ့ အပေါင်းအဖော်ပါ" လို့ ဂျွန်က ပြန်ဖြေတယ်။

ဘုရင်ကြီးကလည်း ကြောင်ထီးကလေးကို သိပ်လိုချင်နေလို့-

"ဒါဖြင့် မောင်မင်းရဲ့ကြောင်ထီးကို ငါကိုယ်တော်မြတ်ရဲ့တိုင်းပြည်တစ်ဝက်နဲ့ လဲမယ်ဆိုရင်ကော" လို့ ဆိုပြန်လေတယ်။

ဂျွန်က "သည်းခံတော်မူပါ။ ကျွန်တော်မျိုး မလဲနိုင်ပါဘူး။ ဒီလိုတော့ ရှိပါတယ်။ အရှင့်သမီးတော်ကို ကျွန်တော်မျိုးရဲ့ ဇနီးမယားအဖြစ် ပေးစားတော်မူမယ်ဆိုရင်တော့ ကျွန်တော်မျိုးရဲ့ ကြောင်ထီးကြီးကို ပေးအပ်တော်မူပါ့မယ်" လို့ ဆိုလေတယ်။

ဘုရင်ကြီးလည်း ဂျွန်ရဲ့ တောင်းဆိုမှုကို ချက်ချင်း သဘောတူလိုက်ပြီး နန်းတော်မှာ လက်ထပ်သဘင် ဆင်ယင်ကျင်းပကာ ဂျွန်နဲ့ သူ့သမီးတော်ကို ထိမ်းမြားလက်ထပ်ပေးပြီး တိုင်းပြည်တစ်ဝက်ကို ဂျွန်အား ပေးအပ်လိုက်လေတယ်။

အဲဒီအချိန်မှာ ဒုတိယမြောက် ညီဖြစ်သူ ဂျိမ်းဟာ သူ့ကြက်ဖကြီးကို ပွေ့ပိုက်ကာ ခရီးနှင်လာခဲ့ရာ မကြာမီ ဘုရင်တစ်ပါးရဲ့ နန်းတော်ဆီ ရောက်ရှိလာခဲ့လေတယ်။ သူရောက်ရှိချိန်မှာ မှောင်နေပြီဖြစ်တယ်။ အဲဒီအချိန်မှာ မြက်ခြောက်တွေ တင်ထားတဲ့ မြင်းလှည်းကြီးတစ်စီးဟာ နန်းတော်ဂိတ်ဝမှ ထွက်ခွာသွားတာကို မြင်တွေ့လိုက်ရတယ်။

ဂျိမ်းက အမှုတော်ထမ်းတစ်ဦးကို-

"ဒီမြင်းလှည်းက ဘယ်ကိုသွားတာလဲ" လို့ မေးလိုက်တယ်။

"နေ့အချိန်အတွက် သွားတာပါ" လို့ အမှုထမ်းက ပြန်ဖြေတယ်။ ဂျိမ်းက အမှုထမ်းရဲ့ ပြောစကားကို အတော်ကလေး အံ့အားသင့်သွားတယ်။ ဒါကြောင့် ဂျိမ်းက ဘာကြောင့်လဲဆိုတာ စောင့်ကြည့်တယ်။

နောက်နေ့နံနက် မျှော်စင်ပေါ်က နာရီက ၅ နာရီထိုးတာနဲ့ ဂျိမ်းက အိပ်ရာမှ နိုးလာတယ်။ နွေရာသီဖြစ်ပေမဲ့ အလင်း

ရောင် တစ်စွန်းတစ်စကို မတွေ့ရသေးဘဲ မှောင်မိုက်ဆဲပဲ ဖြစ်တယ်။ နာရီက ၆ နာရီထိုးလည်း မှောင်မည်းဆဲ။ ၇ နာရီ၊ ၈ နာရီထိုးလည်း မှောင်မည်းဆဲပဲ ဖြစ်တယ်။

အဲဒီအချိန်မှာ လွန်ခဲ့တဲ့ညမတိုင်မီက နန်းတော်ဂိတ်ဝမှ ထွက်ခွာသွားတဲ့ မြက်ခြောက်တင်လှည်းဟာ ပြန်လည်ရောက်ရှိလာတယ်။ အဲဒီလှည်းဟာ နံနက်နေဝင်ချိန်မှစပြီး ညနေ နေဝင်တဲ့ အချိန်တွေကို ယူဆောင်လာခဲ့တယ်။

"အလို တော်တော်ဆန်းကြယ်တဲ့ ဖြစ်ရပ်ပါလား"လို့ ဂျိမ်းက တွေးမိသွားတယ်။ ဆက်ပြီး သူက "သူတို့မှာ ကြက်ဖကြီးမရှိလို့သာ နေ့အချိန်တွေကို သွားပြီးသယ်လာရတာဖြစ်တယ်" လို့ တွက်ဆမိသွားတယ်။

ဒါကြောင့် ဂျိမ်းဟာ ညနေအချိန်မှာ သူ့ကြက်ဖကြီးကို ခြံဝင်းထဲသို့ တိတ်တဆိတ် လွှတ်ထားလိုက်တယ်။ မနက် ၃ နာရီ ရောက်တဲ့အချိန်မှာ ကြက်ဖကြီးဟာ တောင်ပံကို လှုပ်ခါလိုက်ကာ "ကော့အအေဒူဒဲလ်ဒူး"လို့ သုံးကြိမ်သုံးခါ တွန်ကျူးလိုက်လေတယ်။ အဲဒီအခါ ချက်ချင်းဆိုသလို ကောင်းကင်ဟာ လင်းရောင်သမ်းလာခဲ့တယ်။ လူတိုင်းဟာ ယင်းအဖြစ်အပျက်ကို မြင်တော့ အတော်အံ့သြကုန်ကြတယ်။ ဘုရင်ကြီးက အမှုတော်ထမ်းတွေကို ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ မေးမြန်းတယ်။ အမှုတော်ထမ်းက သူတို့တိုင်းပြည်သို့ ရောက်ရှိနေတဲ့ သူစိမ်းတစ်ဦးက ခြံဝင်းတစ်ခုထဲသို့ ငှက်တစ်ကောင်ကို လွှတ်ခဲ့ကြောင်း၊ ဒီငှက်ရဲ့အော်မြည်လိုက်သံကြောင့် နေ့အလင်းရောင် ရောက်ရှိလာရခြင်းဖြစ်ပါတယ်လို့ လျှောက်တင်လေတယ်။ ဒါနဲ့ ဘုရင်ကြီးက

ဂျိမ်းကို ရှေ့တော်မှောက်သို့ အခေါ်တော်လွှတ်လိုက်တယ်။

မကြာမီ ဂျိမ်းဟာ ဘုရင်ကြီးရှေ့မှောက်သို့ ရောက်ရှိလာတယ်။ ဘုရင်ကြီးက ဂျိမ်းကို-

"မောင်မင်းဟာ နေ့အချိန်တွေကို ယူဆောင်ပေးတယ်ဆိုတာ အမှန်ပဲလား"လို့ မေးလေတယ်။

အဲဒီအခါ ဂျိမ်းက-

"ကျွန်တော်မျိုးရဲ့ငှက်က နေ့အချိန်ကို ယူဆောင်ပေးတာပါ"လို့ ဆိုကာ သူ့လက်မောင်းအောက်က ကြက်ဖကြီးကို လက်ညှိုးနဲ့ ထိုးပြပြီး-

"အရှင်မင်းကြီး ဒီငှက်ဟာ ကြက်ဖဖြစ်ပါတယ်။ မနက်မိုးလင်းလို့ ကြက်ဖကြီးတွန်သံပေးလိုက်တာနဲ့ အလင်းရောင်သမ်းလာပြီး မကြာမီ နေ့အချိန်ရောက်လာတော့တာပါပဲ"လို့ လျှောက်တင်လေတယ်။

ဂျိမ်းရဲ့ စကားကိုကြားတဲ့အခါ ဘုရင်ကြီးက-

"တော်တော် အံ့သြစရာကောင်းတဲ့ငှက်ပဲ။ မောင်မင်းရဲ့ငှက်ကို ငါကိုယ်တော်ကြီးကို ရောင်းပါ။ ဘယ်လောက် ပေးရပေးရ ပေးပါ့မယ်။ တိုင်းပြည်တစ်ဝက်ရမှ ရောင်းမယ်ဆိုရင်တောင် တိုင်းပြည်တစ်ဝက်ကို ပေးပါ့မယ်"လို့ ပြောဆိုလေတယ်။

အဲဒီအခါ ဂျိမ်းက-

"ဒီကြက်ဖဟာ ရွှေ၊ ငွေတွေနဲ့ ရောင်းဖို့မဟုတ်ပါ အရှင်မင်းမြတ်။ ဒါပေမဲ့ အရှင်မင်းကြီးရဲ့ သမီးတော်နဲ့ ကျွန်တော်မျိုးကို လက်ထပ်ခွင့်ပေးမယ်ဆိုရင်တော့ ကျွန်တော်မျိုးရဲ့ ကြက်ဖကို အပ်နှင်းပါ့မယ်"လို့ လျှောက်တင်လိုက်လေတယ်။

ဘုရင်ကြီးလည်း ဂျိမ်းရဲ့ လျှောက်တင်ချက်ကို သဘောတူကာ သူ့သမီးနဲ့ ဂျိမ်းကို လက်ဆက်ပေးကာ တိုင်းပြည်တစ်ဝက်ကို ပေးအပ်လိုက်လေတယ်။

အဲဒီအချိန်မှာ ညီအစ်ကိုသုံးယောက်မှာ အငယ်ဆုံးဖြစ်တဲ့ ဂျက်ဟာ အမွေခွဲဝေပေးထားတဲ့ အညံ့ဆုံး၊ တန်ဖိုးမရှိဆုံး တံစဉ်ကိုကြည့်ပြီး စိတ်ပျက်မိကာ သူ့တံစဉ်ကို လမ်းဘေးက ချုံပုတ်ထဲသို့ လွှင့်ပစ်ချင်စိတ် အခါခါ ဖြစ်ပေါ်မိနေတယ်။ ဒါနဲ့ သူဟာ နောက်ဆုံးမှာ ဘုရင်တစ်ပါးရဲ့ နန်းတော်ဆီသို့ ရောက်ရှိလာခဲ့လေတယ်။ ဘုရင်ကြီးရဲ့ နန်းတော်တစ်ဝိုက်မှာ ကြီးမားတဲ့ ဂျုံခင်းကြီးရှိတယ်။ အဲဒီဂျုံခင်းကြီးထဲမှာ ဂျုံသီးနှံတွေ သိမ်းဆည်းကြရင်းတစ်ဦးနဲ့တစ်ဦး တိုးတိုက်မိကြကာ ရိုးတံမှ သီးနှံတွေဟာ မြေကြီးပေါ်သို့ မြောက်မြားစွာ ကျဆင်းကုန်ကြတယ်။

ဂျက်လည်း ဂျုံခင်းကြီးထဲ သွားရောက်ကာ လက်တစ်ပွေ့စာ ဂျုံများကို ပွေ့ယူပြီး သူ့တံစဉ်နဲ့ အသာကလေး ဂျုံနှံများကို ရိတ်ယူလိုက်လေတယ်။ ဂျုံရိတ်သမားတွေဟာ တံစဉ်နဲ့ ဂျုံသီးနှံတစ်ပွေ့တစ်ပိုက်စာကို လွယ်လွယ်ကူကူ အဖိတ်အစဉ်မရှိဘဲ ရိတ်သိမ်းနေတာကို မြင်တွေ့တော့ အတော်ကလေး အံ့သြသွားကြပြီး ထူးဆန်းလှတဲ့ တံစဉ်ကလေးကို သူတို့ဘုရင်ကြီးထံ ပြသချင်နေကြတယ်။ ဒီလိုနဲ့ ယာသမားတွေရဲ့ တစ်ဆင့်စကားကတစ်ဆင့် ဘုရင်ကြီးရဲ့နားသို့ ပေါက်ကြားသွားလေတယ်။ ဘုရင်ကြီးလည်း ဂျက်နဲ့တွေ့ပြီး အံ့သြစရာကောင်းတဲ့ တံစဉ်ကိရိယာအကြောင်းကို မေးလေတယ်။

ဂျက်က "ဒီပစ္စည်းဟာ တံစဉ်ဖြစ်ပါတယ် အရှင်မင်း

ကြီး''လို့ လျှောက်တင်ကာ တံစဉ်အသုံးပြုပုံပြနည်းကို ပြသလေတယ်။ အဲဒီအခါ ဘုရင်ကြီးက တံစဉ်ကို သူ့ကိုရောင်းဖို့ပြောတယ်။ ဂျက်က တံစဉ်ကို မရောင်းနိုင်ကြောင်းနဲ့ ဘုရင့်သမီးတော်နဲ့ လက်ဆက်ပေးမယ်ဆိုရင် တံစဉ်ကို ပေးအပ်ဆက်သမှာ ဖြစ်ကြောင်း လျှောက်တင်လေတယ်။ ဘုရင်ကြီးလည်း ချက်ချင်းသဘောတူကာ ဂျက်အား သူ့သမီးတော်နဲ့ လက်ဆက်ပေးကာ တိုင်းပြည်တစ်ဝက်ကို အပ်နှင်းပေးလိုက်လေတယ်။

ဒီလိုနဲ့ တစ်နှစ်ပြည့်မြောက်တဲ့ တစ်နေ့မှာ ညီအစ်ကိုသုံးယောက်ဟာ သူတို့ခွဲခွာပြီး ချိန်းဆိုထားတဲ့ လမ်းဆုံနေရာသို့ အသီးသီး ရောက်ရှိလာကြလေတယ်။ သူတို့ အသီးသီးဟာ သရဖူများဆောင်းကာ ရွှေရထားလုံးကြီးများဖြင့် ဝင့်ထည်ခံ့ညားစွာ ရောက်ရှိလာလို့ ညီအစ်ကိုအားလုံးဟာ မြင့်မားချမ်းသာတဲ့ ဘဝကို ပိုင်ဆိုင်ကြပြီမို့ အတော်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတယ်။ ဒါဟာ သူတို့ရဲ့ဖခင်ကြီး အမွေပေးခဲ့တဲ့ ကြောင်ထီးကြီး၊ ကြက်ဖကြီးနဲ့ တံစဉ်တို့ကြောင့် အခုလိုဘဝမျိုး ရောက်ရှိလာခြင်းဖြစ်ကြောင်း အသီးသီး ပြောဆိုကာ ကွယ်လွန်သူ ဖခင်ကြီးရဲ့ မေတ္တာတရားကို သတိရစွာ ဦးခိုက်လိုက်ကြလေတယ်။ ။

[ Fairy Tales from Europe စာအုပ်မှ The Miller's Three Sons. ]

## ငါးဘုရင်မရဲ့ လက်ဆောင်
[ ပြင်သစ်ပုံပြင် ]

တစ်ခါက တံငါသည် လင်မယားနှစ်ယောက်ဟာ ကလေးတွေ တစ်ပြုံတစ်ခေါင်းကြီးနဲ့ တဲအိုကလေးထဲမှာ ဆင်းဆင်းရဲရဲ နေရှာတယ်။ တံငါသည်ဟာ သူနေ့စဉ်ဖမ်းဆီးလို့ ရသမျှ ငါးတွေကို နှစ်ပုံခွဲပြီး အကြီးတစ်ပုံကို ဈေးမှာရောင်းကာ အငယ်တစ်ပုံကို တော့ အိမ်စားဖို့ ယူခဲ့တယ်။ ဒါပေမဲ့ ငါးတွေဟာ လုံလောက် တယ်ရယ်လို့ မရှိဘူးတဲ့။ ကလေးတွေကများ၊ စားကောင်းသောက် ကောင်းတဲ့အရွယ်မို့ ငါးတွေဟာ အိမ်စားဖို့သာဖြစ်ဖြစ်သွားတယ် တဲ့။

တစ်နေ့မှာ သူဟာ ကံမကောင်းရှာဘူးတဲ့။ သူဟာ လှေ ဟောင်းလေးတစ်စင်းနဲ့ နံနက်အရုဏ်ကျင်းကတည်းက ပင်လယ် ပြင်မှာ ငါးရှာထွက်ခဲ့တာ နေမွန်းတည့်ချိန် ကုန်လွန်သွားပေမဲ့ ငါးတစ်ကောင်မျှ မရရှာသေးဘူးတဲ့။ နောက်ဆုံး သူဟာ ဝမ်းနည်း စွာနဲ့ပဲ သူ့ရဲ့လက်ကျန်ပေါင်မုန့် အစအနကလေးတွေကို ရေထဲ



ပစ်ချပြီး ပိုက်ကွန်ကို ရေထဲချလိုက်တယ်။ မကြာမီ သူဟာ ပိုက်ကို ရေထဲက ဆွဲတင်လိုက်တဲ့အခါ ပိုက်ထဲမှာ ကြီးမားတဲ့ ရွှေငါးကြီးတစ်ကောင် လူးလွန့်လှုပ်ရှားနေတာ တွေ့လိုက်ရတယ်။

တံငါသည်ဟာ အရင်က ဒီလိုငါမျိုးကို တစ်ခါမျှ မမြင်ဖူးဘူးတဲ့။ သူဟာ ရွှေငါးကြီးကို ပိုက်ထဲမှထုတ်ယူလိုက်တဲ့အခါ ရွှေငါးကြီးက -

"အို …တံငါသည်ကြီး ကျွန်ုပ်ကို လွှတ်ပေးပါ။ ကျွန်ုပ် သင့်ကျေးဇူးကို ပြန်တုံ့ပြန်ပါ့မယ်။ ကျွန်ုပ် သင့်ကို နေ့တိုင်း ငါးတွေအမြောက်အမြား ပေးပါ့မယ်။ ဒါဆိုရင် သင်နဲ့ သင့်မိသားစုဟာ စားဝတ်နေရေး ဖူလုံသွားပါ့မယ်။ ဒါ့ပြင် သင်ဟာ ပင်လယ်ထဲမှာ ဒုက္ခနဲ့ကြုံတွေ့ရင်လည်း ကျွန်ုပ်ကိုသာ သတိရလိုက်ပါ။ ကျွန်ုပ် သင့်ကို ကူညီပါ့မယ်။ ကျွန်ုပ်ဟာ ငါးဘုရင်မ ဖြစ်ပါတယ်" လို့ ပြောဆိုလေတယ်။

တံငါသည်လည်း ရွှေငါးကြီးကို ရေထဲသို့ ပြန်လွှတ်ပေးလိုက်ရာ ရွှေငါးကြီးဟာ ရေထဲမှာ ပျောက်ကွယ်သွားလေတယ်။

ငါးဘုရင်မကြီးဟာ သူ့ကတိကို တည်သူဖြစ်တယ်။ တံငါသည်ဟာ သူ့ပိုက်ကွန်ကို ရေထဲချလိုက်တဲ့အခါ ပိုက်ကွန်အပြည့် ငါးတွေအမြောက်အမြား ရရှိခဲ့တယ်။ သူ့တစ်သက်တာမှာ ဒီလောက် ငါးတွေအများကြီး တစ်ခါမျှ မရခဲ့ဖူးဘူးတဲ့။ တံငါသည်ဟာ ပျော်ရွှင်စွာနဲ့ ငါးတွေကို အိမ်သို့ ယူဆောင်လာခဲ့တယ်။

အဲဒီနောက်ပိုင်းမှာလည်း တံငါသည်ဟာ နေ့စဉ်နေ့တိုင်း ပိုက်ကွန်ပစ်လိုက်တိုင်း ငါးတွေ အများအပြား ဖမ်းယူရရှိခဲ့တယ်။ ဒါကြောင့် တစ်နှစ်အတွင်းမှာပင် သူဟာ ချမ်းသာကြွယ်ဝလာတယ်။ သူဟာ ချမ်းသာကြွယ်ဝပေမဲ့ သူကြွယ်တစ်ဦးလို မနေခဲ့ဘူး။ တံငါအလုပ်ကို လုပ်မြဲလုပ်နေခဲ့တယ်။ သူဟာ ကြီးမားတဲ့ လှေကြီးတစ်စင်း ဝယ်ယူပြီး ခါတိုင်းလိုပင် ငါးဖမ်းအလုပ်ကို လုပ်နေခဲ့တယ်။

တစ်နေ့မှာ သူ့လှေကြီးဟာ ပင်လယ်ပြင်မှာ မုန်တိုင်းမိ

သွားတယ်။ သူ့လှေဟာ လှိုင်းထန်နေတဲ့ ပင်လယ်ထဲမှာ လူး လွန့်နေတယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့ လေမုန်တိုင်းကြောင့် မကြာခင် သူ့လှေ မြုပ်တော့မယ်ဆိုတာကို တံငါသည် သဘော ပေါက်မိတယ်။ သူ့လှေထဲမှာ ရေတွေ တဖြည်းဖြည်း ပြည့်လာ နေတယ်။ သူက ရုတ်တရက်ဆိုသလို ငါးဘုရင်မကြီးကို သတိ ရသွားတယ်။ အဲဒီအချိန်မှာပဲ ချက်ချင်းဆိုသလို ရွှေငါးကြီးဟာ လှေနံဘေးမှာ ပေါ်လာတယ်။ ရွှေငါးကြီးက-

"မစိုးရိမ် မကြောက်လန့်ပါနဲ့တော့ တံငါသည်ကြီး။ ကျွန်ုပ် သင့်ကို ကူညီပါ့မယ်"လို့ ပြောကြားလိုက်ကာ ရွှေငါးကြီး ဟာ သူ့အမြီးကို ခါရမ်းပြီး ရေတွေကို ပက်ထုတ်လိုက်တဲ့အခါ ရေတွေဟာ တံငါသည်ရဲ့ ပါးစပ်ထဲ ဝင်သွားတယ်။ တံငါသည် က ရေတွေကို မျိုချလိုက်တဲ့အခါမှာတော့ ချက်ချင်းဆိုသလို တံငါသည်ဟာ လှိုင်းတွေထဲ နစ်မြုပ်သွားပြီး ရွှေငါးခေါ်ဆောင် ရာ ပင်လယ်ရေပြင်အောက်သို့ ငြိမ်သက်စွာ လိုက်ပါသွားနေတာ ကို သိရှိလိုက်တယ်။

မကြာခင်မှာ သူတို့ဟာ အလွန်လှပတဲ့ ပင်လယ်ရေ အောက် မြို့တော်ကြီးသို့ ရောက်ရှိလာကြတယ်။ လမ်းတွေကို ရွှေတွေနဲ့ခင်းထားပြီး အိမ်တွေဟာ အဖိုးတန် ကျောက်မျက် ရတနာတွေနဲ့ တည်ဆောက်ထားကြတယ်။ အမျိုးအစားစုံ ငါး သတ္တဝါတွေဟာ လမ်းတွေပေါ်မှာ ကူးခပ်သွားလာနေကြတယ်။

တံငါသည်ဟာ မြေပေါ်က ရွှေတုံးတွေနဲ့ ကျောက်မျက် ရတနာတွေကို ကောက်ယူကာ သူ့အိတ်ထဲထည့်တယ်။ မကြာ ခင် သူ့အိတ်ဟာ ပြည့်သွားတယ်။

ရွှေငါးကြီးက သူ့ကို-

“ဒီမြို့တော်ဟာ ကျွန်ုပ်တိုင်းပြည်ရဲ့ မြို့တော်ဖြစ်ပါတယ်။ သင်နေချင်တယ်ဆိုရင် နေထိုင်နိုင်ပါတယ်”လို့ ပြောဆိုလေတယ်။

တံငါသည်က ခေါင်းကိုခါကာ-

“ကျေးဇူးအထူးတင်ပါတယ် ရွှေငါးဘုရင်မကြီး။ ကုန်းပေါ်မှာ ကျွန်ုပ်ရဲ့ ဇနီးမယားနဲ့ ကလေးတွေ ကျွန်ုပ်ကို စောင့်ကြိုနေတဲ့အတွက် ကျွန်ုပ်ဒီမှာနေလို့ မရပါ”လို့ ပြန်လည်ဧပြာဆိုလေတယ်။

ရွှေငါးဘုရင်မကြီးက-

“သင့်သဘောပါပဲလေ”လို့ ပြောဆိုကာ ရွှေဝီစီကို မှုတ်လိုက်တဲ့အခါ သူ့ရှေ့ကို ဝေလငါးတစ်ကောင် ရောက်ရှိလာလေတယ်။ ရွှေငါးဘုရင်မကြီးက ဝေလငါးအား တံငါသည်ကို ပင်လယ်ကမ်းခြေထိရောက်အောင် ပို့ပေးဖို့ မှာကြားတယ်။ အဲဒီနောက် ရွှေငါးဘုရင်မကြီးက တံငါသည်ကို လက်ဆောင်အဖြစ် ရွှေဒင်္ဂါးတစ်အိတ်ပေးပြီး-

“ဒီလက်ဆောင်ဟာ သင့်ဘဝအတွက် ကျွန်ုပ်ရဲ့ နောက်ဆုံးလက်ဆောင်ပါပဲ။ ဒီရွှေဒင်္ဂါးတွေဟာ သင် သုံးလိုက်တိုင်း မလျော့သွားပါဘူး။ မကုန်သွားပါဘူး။ ပြန်ပြန်ပြည့်ပါလိမ့်မယ်”လို့ ပြောကြားလေတယ်။

တံငါသည်လည်း ရွှေငါးဘုရင်မကြီးအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး ဝေလငါးကျောပေါ်သို့ တက်ကာ ဝေလငါးခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့လေတယ်။ မကြာခင် သူတို့


ဟာ တံငါသည်ရဲ့ ကျေးရွာကလေးအနီး ပင်လယ်ကမ်းခြေသို့ ရောက်ရှိလာလေတယ်။ တံငါသည်ကို တွေ့ကြတဲ့အခါ ရွာသားတွေဟာ မှင်တက်မိသွားကြတယ်။ ကြောက်လန့်ကုန်ကြတယ်။ တံငါသည်ဟာ လွန်ခဲ့တဲ့တစ်နှစ်ကျော်က ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး ပျောက်ဆုံးသွားတဲ့အတွက် ရွာသူရွာသားတွေက သူ့ကိုတွေ့တော့ တစ္ဆေလို့ပဲ ထင်မှတ်နေကြတယ်။

"ငါ တစ်ရက်တည်း ရွာနဲ့ ကင်းကွာသွားတာပါ"လို့ သူက ရှင်းပြတယ်။ အဲဒီနောက် သူက တချို့သူတွေ ပြောကြားတဲ့စကားကို သတိရသွားတယ်။ ပင်လယ်ရေပြင်အောက်မှာ တစ်နေ့တာအချိန်ဟာ ကုန်းပေါ်မှာ တစ်နှစ်တာအချိန်နဲ့ အတူတူ ဖြစ်တယ်ဆိုတာပဲ။

သူ့အတွေ့အကြုံတွေကို ရှင်းလင်းပြောပြပေမဲ့ ပထမတော့ ရွာသူရွာသားတွေဟာ မယုံကြည်ကြဘူး။ ရွှေဒင်္ဂါးအိတ်နဲ့ အဖိုးတန်ကျောက်မျက်ရတနာတွေကို ပြလိုက်မှ သူတို့ဟာ သံသယရှင်းရှင်းနဲ့ ယုံကြည်သွားကြတယ်။

အဲဒီအချိန်ကစပြီး တံငါသည်ဟာ ငါးဖမ်းမထွက်တော့ဘူးတဲ့။ သူဟာ သူ့ဘဝတစ်သက်တာလုံးအတွက် နှုတ်ဆက်လက်ဆောင် သုံးမကုန် ရွှေဒင်္ဂါးအိတ်ကို ပေးခဲ့တဲ့ ရွှေငါးဘုရင်မကြီးရဲ့ ကျေးဇူးတရားကို အစဉ်အမြဲ သတိရလျက်ရှိနေတော့တယ်ကွယ်။ ။

[ Fairy Tale from Europe စာအုပ်မှ The Queen of the fishes. ]



ပိုက်ကွန်ကို ရေထဲချလိုက်တယ်။ မကြာမီ သူဟာ ပိုက်ကို ရေထဲက ဆွဲတင်လိုက်တဲ့အခါ ပိုက်ထဲမှာ ကြီးမားတဲ့ ရွှေငါးကြီးတစ်ကောင် လူးလွန့်လူးပ်ရှားနေတာ တွေ့လိုက်ရတယ်။

တံငါသည်ဟာ အရင်က ဒီလိုငါးမျိုးကို တစ်ခါမှ မမြင်ဖူးဘူးတဲ့။ သူဟာ ရွှေငါးကြီးကို ပိုက်ထဲမှထုတ်ယူလိုက်တဲ့အခါ

# ငါးဘုရင်မရဲ့ လက်ဆောင်

နှင့်အခြားပုံပြင်များ

မောင်ခေတ်ထွန်း

ISBN9789997113986
KHIT31
9 789997 113986
1,800.00KS